
စိတ်ကူးချိုချိုအနုပညာ
mgyoe.com





စမ်းစမ်းနွဲ့
(သာယာဝတီ)

# သတင်းဝတ္ထုနှင့် အခြား ......

mgyoe.com

mgyoe.com



စမ်းစမ်းနွဲ့
(သာယာဝတီ)

သတင်းဝတ္ထုနှင့်
အခြား ......

ယခင် ရုပ်ရှင်အမြုတေမဂ္ဂဇင်းတွင်
သတင်းဝတ္ထုအမည်ဖြင့်
လဆက် ရေးသားခဲ့သော
ဝတ္ထုတွဲများ အပါအဝင်
လုံးချင်းအဖြစ် စုစည်းမှု မပြုရသေးသော
စာရေးသူ၏မဂ္ဂဇင်းဝတ္ထုတို့၊
မဂ္ဂဇင်းဝတ္ထုရှည်များကို
စုစည်းထုတ်ဝေခြင်း။

fic0049
4300.00 Ks

mgyoe.com

mgyoe.com

သတင်းဝတ္ထုနှင့်အခြား  စမ်းစမ်းနွဲ့(သာယာဝတီ)
မျက်နှာဖုံးပန်းချီ - မုတ်သုန်၊ စာမျက်နှာ ၄၀၆ မျက်နှာ၊ ၁၃ စင်တီ× ၂၀ •၅ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၆၊ ဩဂုတ်လ၊ ပထမအကြိမ်၊ အုပ်ရေ ၅၀၀၊

ရောင်းဈေး ၄ ၃ ၀ ၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

■■■■■■■■■■

# သတင်းဝတ္ထုနှင့်
# အခြား

## စမ်းစမ်းနွဲ့
## (သာယာဝတီ)

ပထမအကြိမ်၊ ၂၀၀၆

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# မာတိကာ


– ရေးသူ့အမှာ (က)

**သတင်းဝတ္ထု**

၁။ သတင်းဝတ္ထု (၁) ၃
၂။ သတင်းဝတ္ထု (၂) ၁၀
၃။ သတင်းဝတ္ထု (၃) ၁၆
၄။ သတင်းဝတ္ထု (၄) ၂၁
၅။ သတင်းဝတ္ထု (၅) ၂၇
၆။ သတင်းဝတ္ထု (၆) ၃၂
၇။ သတင်းဝတ္ထု (၇) ၃၉

**ဝတ္ထုတိုများ**

၈။ တစ်ရေးနိုးကလေး ၄၉
၉။ အချစ်တင်းကုပ် ၅၉
၁၀။ မယ်တို့မျိုးကား တန်ခိုးနည်းပါး အားလည်းနွဲ့ချေ ၆၆
၁၁။ ဆင်းရဲတာ ဆန်းသလားကွယ် ၇၇
၁၂။ သူ့အရင်က လဝန်းကို မြင်ခဲ့တယ် ၈၄
၁၃။ အိပ်ရာနေရာ ၁၀၃
၁၄။ အဖော် ၁၁၁


mgyoe.com

mgyoe.com


၁၅။ ကမ်းမမြင် လမ်းမမြင် ၁၁၉
၁၆။ မြေက သိမ့်သိမ့်ရယ်လေပြီ ၁၄၁
၁၇။ ပြန်ချစ်ကြရင် ရန်ဖြစ်ရတာ ကောင်းပါတယ် ၁၆၇
၁၈။ နောက်ကမခွေး တလိမ့်ခေါက်ကွေး ၁၈၂
၁၉။ အဘွားကတော့ စပျစ်သီးတောင် စားနေလေပြီ ၁၉၃
၂၀။ ငယ်ငယ်တုန်းကတော့ သတင်းထောက် ၂၀၄
၂၁။ သိကြားမင်းဖျက်တောင် မပျက်နိုင်ပါဘူးရှင် ၂၁၁
၂၂။ ရယ်ဒီမိတ် ၂၂၁
၂၃။ မျက်နှာမြင် ချစ်ခင်ကြစေသား ၂၃၂
၂၄။ မြေပေါ်ဆောက်တဲ့ အိမ်ကလေး ၂၅၅
၂၅။ အကြိုအကြားမှာ ကစားတတ်တဲ့ ကလေးတွေ ၂၇၀


## မင်္ဂလာဖင်းဝတ္ထုရှည်များ


၂၆။ နေရာမှန် ၂၇၉
၂၇။ ဝေသန္တရာ အခန်း–၃ ၃၁၁
၂၈။ တောကြည့် တောင်ကြည့် ၃၃၅
၂၉။ မောင်နဲ့သာတွဲလိုက်ရင် ပွဲကြိုက်မယ်ထင်ပါတယ် ၃၅၇
၃၀။ မမလို့ ခေါ်ချင်သူရေ ၃၈၁


❖ ❖ ❖

mgyoe.com

mgyoe.com

# ရေးသူ့အမှာ

အတိတ်လွင်ပြင်ကို ပြန်လည်တူးဆွ၍ တခုတ်တရ ရွေးချယ်စုစည်းပေးသော 'စိတ်ကူးချိုချို'ကို အဦးဆုံး ကျေးဇူးစကားဆိုရပါမည်။

ကျွန်မရေးခဲ့သမျှ စာအုပ်စာပေ၊ စာတိုစာစများကို စနစ်တကျ စာရင်းဇယားနှင့်တကွ ထူးခြားဖြစ်စဉ်များပါမကျန် မှတ်တမ်းပြု သိမ်းဆည်းပေးသော ခင်ပွန်းသည် (ကွယ်လွန်သူ ကိုထွန်းညွန့်ဦး)ကို သတိရမိသည်။

သို့သော် ကျွန်မအိမ်တွင် ခေတ်မုန်တိုင်း၊ စနစ်မုန်တိုင်း အကြိမ်ကြိမ်သင့်ခဲ့လေရာ စာအုပ်စာတမ်းတွေ ဖရိုဖရဲ လွင့်ကြဲပျက်စီးကုန်သည့်အဖြစ်ကို ခုတွေးလျှင် ခုနာကျင်သည်။

ကျွန်မရဲ့စိတ်ဒဏ်ရာ အနက်အရှိုင်းကို ကုစားဖို့ ခက်လှပါဘိ။ အခြေပျက်ခဲ့သော မိသားစုဘဝကို ပြန်လည်တည်ဆောက်ရေးထက် ပျောက်ပျက်ဆုံးရှုံးခဲ့သော ကိုယ့်စာ၊ ကိုယ့်ကဗျာတွေကို အစကောက်ဖို့ ခက်လှသည်။ ကိုယ့်ဒဏ်ရာကို ကိုယ့်လျှာနှင့်ပင် မလျက်ချင်တော့သည်အထိ စိတ်ပိုင်းဆိုင်ရာစံလွဲမှုကို ကိုယ်တိုင် သတိမရတစ်ချက်၊ ရတစ်ချက်။

ချစ်ခင်သော ရေးဖော်မောင်နှမများက တွေ့သမျှ စာတို၊ စာစကလေးတွေ၊ စာအုပ်ဟောင်းတွေ စုစည်းပေးကြသည့်တိုင် အလုပ်ဖြစ်လှသည်မထင်။

mgyoe.com

mgyoe.com



ခုတော့ 'စိတ်ကူးချိုချို'က စာတစ်အုပ်ဖြစ်လောက်အောင် ရှာဖွေစုစည်းပေးလိုက်ပါသည်။ နာကျင်မှုတွေ အတန်အသင့် ပြေလျော့ရုံမက ကြည်ကြည်နူးနူးခံစားရင်း တစိမ့်စိမ့် ကျေးဇူးတင်လျက်ပါ ကိုစန်းဦး။

နှစ်ကာလ အရွေ့အလျားမှာ ခံစားချက်နှင့် အတွေးအမြင်တို့ ခြားနားမည်ဖြစ်သည့်တိုင် တစ်ချိန်က ကျွန်မတို့အားလုံး သည်လိုသည်ပုံဖြတ်သန်းခဲ့ကြရသည့် အမှန်တရားကိုတော့ အာမခံဝံ့ပါသည်။

ကျန်းမာပျော်ရွှင် အောင်မြင်ကြပါစေ

**စမ်းစမ်းနွဲ့ (သာယာဝတီ)**

၂၀-၇-၂၀၁၆

❖

mgyoe.com

mgyoe.com

## သတင်းစစ္စာ

mgyoe.com

mgyoe.com
mgyoe.com

mgyoe.com



mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# သတင်းဝတ္ထု (၁)

"မင်း ငါရဲ့ နောက်ဆုံးသတင်းကို အဆင်သင့် ရေးထားပြီးပြီလား"

မျှော်လင့်မထားတဲ့ မေးခွန်းကြောင့် မျက်လုံးတွေ မိုက်ခနဲ ပြာသွားတယ်။ ကျွန်မ လက်ဖျားတွေကို ခပ်လျော့လျော့ဆုပ်ထားတဲ့ ဆရာမကြီး ဒေါ်ခင်မျိုးချစ်ရဲ့ လက်တွေဟာ ဖြုန်းခနဲ တင်းကျပ်လာသလို ခံစားလိုက်ရတယ်။

"ဟဲ့ . . . စမ်းစမ်း၊ ပြောလေ။ ငါ မေးနေတာ။ ငါရဲ့ နောက်ဆုံးသတင်းကို အဆင်သင့် ရေးထားပြီးပြီလားလို့"

အန်တီ ဒေါ်ခင်မျိုးချစ်ရဲ့ စရိုက်သဘာဝဟာ အဲသည်အတိုင်းပါပဲ။ စိတ်မြန်တယ်၊ စိတ်ထက်တယ်၊ ဉာဏ်ကြီးသူ၊ ဉာဏ်ထက်သူပီပီ ကိစ္စတစ်ခုကို ဒိုးခနဲ၊ ဒေါက်ခနဲ ဖြေရှင်းလေ့ရှိတယ်။ ကျွန်မတို့က နားဝေတိမ်တောင် လုပ်နေရင်လည်း စိတ်မရှည်တတ်ဘူး။

ခုလို အငေါက်ခံလိုက်ရတော့မှပဲ ကျွန်မလည်း ဘယ်လို အဖြေပြန်ပေးရမယ်ဆိုတာ မျက်စိစုံမှိတ်ပြီး ဆုံးဖြတ်လိုက်ရတော့တယ်။

"ရေး . . . ရေးထားပြီးပါပြီ အန်တီ၊ အ . . . အဆင်သင့်ပါပဲ"

"အေး . . . ကောင်းတယ်၊ ဒါမှ မင်း သတင်းစာဆရာကောင်း

mgyoe.com

mgyoe.com


ပီသတယ်။ နောက်ဆုံးအချိန်ဆိုတာ အဝေးကြီးရှိပါသေးတယ် အန်တီရယ်။ ဒါတွေ မဆွေးနွေးပါနဲ့ဦး။ ဘာညာဖြေရင် မင်း လူညံ့ပဲ။ အေး . . . ဟုတ်ပြီ၊ အဆင်သင့်လုပ်ထား၊ ကြားလား။ ရက်စွဲနဲ့ အချိန်ကိုတော့ ကွက်လပ်ကလေး ချန်ထားပေါ့။ ဟုတ်လား"

ကျွန်မ ရင်ထဲမှာ "နင့်"သွားတယ်။

အနားမှာထိုင်နေတဲ့ ဆရာမကလေး "စမ်းသူ့မောင်"ဆိုရင် မျက်ရည်တွေ ပိုးပိုးပေါက်ပေါက်ကျလာလို့မို့ သူ့မျက်နှာကို လက်ဝါးနဲ့ မသိမသာ ကွယ်ဝှက်ပြီး ဖြုတ်ခနဲ ထထွက်သွားရှာတယ်။

ကျွန်မလည်း သည်အနေအထားကြီးကို တစ်ခုခုနဲ့ ဖောက်ထုတ်ပစ်ဖို့ အပူတပြင်း စဉ်းစားနေမိတယ်။

ခပ်လှမ်းလှမ်းမှာတော့ အလှူပွဲလာ ပရိသတ်တွေဟာ စားကြ သောက်ကြ၊ ပြောကြဆိုကြနဲ့ စိုစိုပြည်ပြည် သိုက်သိုက်မြိုက်မြိုက်ပါပဲ။

× × ×

ဆရာကြီး ဦးခင်မောင်လတ်နဲ့ ဒေါ်ခင်မျိုးချစ်တို့က မြေးဖြစ်သူ မောင်မောင်ဝင်း (ဒေါက်တာခင်မောင်ဝင်းနဲ့ ဒေါ်ခင်ညွန့်ရီတို့ရဲ့ သားကလေး)ကို ရဟန်းခံတဲ့ အလှူပွဲပါ။ တောင်ဥက္ကလာ စွန်းလွန်းဂူရိပ်သာ ကျောင်းရဲ့ တစ်ခုသော ဇရပ်ကျယ်ကြီးထဲမှာ ဆွေစုမျိုးစုနဲ့ မိတ်သင်္ဂဟ အနည်းငယ်ကိုဖိတ်ပြီး ဆွမ်းကျွေးပါတယ်။

ခပ်ကျဉ်းကျဉ်း အလှူဆိုပေမဲ့ ပရိသတ်တစ်ရာကျော်လောက်ကို "ရွှေလမင်း"က ထောပတ်ထမင်းနဲ့ ဧည့်ခံပါတယ်။

မနှစ်က ထမနဲပွဲမှာ ဧည့်ပရိသတ်တွေကြား ကချင်လုံချည် ရွှေချည် တလက်လက် အပြုံးဝင်းဝင်းပြက်ပြက်နဲ့ လှည့်လည်ဧည့်ခံနေတဲ့ အန်တီ ဒေါ်ခင်မျိုးချစ်ဟာ ခုတော့ဖြင့် အလှူတစ်ရပ်ရဲ့ သင့်တင့်လျောက်ပတ်တဲ့ တစ်နေရာမှာ ဒရင်းဘက်ချခင်းပြီး သက်သောင့်သက်သာ လဲလျောင်းလို့ နေရပါတယ်။

အရင်လို ဧည့်သည်တွေရှိရာ လိုက်ပြီး ဧည့်မခံနိုင်တော့တာမို့ ဧည့်သည် များကပဲ အန်တီနားနေတဲ့အိပ်ရာဆီကို လာရောက် နှုတ်ဆက်ကြရပါ

mgyoe.com

တယ်။ အားပေးကြရပါတယ်။ သာဓု အနုမောဒနာ ပြုကြရပါတယ်။

သည်အလှူပွဲမှာကတော့ စာပေလောကပရိသတ် နည်းပါတယ်။ အန်တို ကျန်းမာရေးကြောင့် တကူးတကန့်ဖိတ်ကြားဖို့ အခြေအနေ မပေးတာ ဖြစ်ပါလိမ့်မယ်။

ဘဘဦးခင်မောင်လတ်နဲ့ အန်တီတို့ရဲ့ နိုင်ငံရေး လုပ်ဖော်ကိုင်ဖက်ဟောင်းတွေ အထူးသဖြင့် စုံစုံလင်လင် တွေ့ရတဲ့ပွဲပါ။

ဗိုလ်ချုပ်အောင်ကြီးလို့ ကျွန်မတို့နှုတ်စွဲနေတဲ့ စာရေးဆရာ သခင်အောင်ကြီးကို အံကြာကြီး မြင်လိုက်ရပါတယ်။ ဗိုလ်ချုပ် (ကျွန်မတို့သတင်းထောက် ဘဝကတည်းက အဲသလိုပဲ နှုတ်ကျိုးခဲ့ပါတယ်)က အချို့ပွဲအလှူပါဝင်ပါတယ်။ စာရေးဆရာမကြီး (ဒေါ်)မမြတ်လေးကလည်း အချို့ပွဲကုသိုလ် ပါဝင်ပါသေးသတဲ့။

ဒီအလှူပွဲမှာ ရဟန်းဒါယကာ ရဟန်းအမတွေဖြစ်တဲ့ ဒေါက်တာခင်မောင်ဝင်းနဲ့ ဒေါ်ခင်ညွန့်ရီတို့ကို ကမကထပြု ပံ့ပိုးဆောင်ရွက်ပေးသူကတော့ ဗိုလ်ကြီးဟောင်းဒေါ်လှသန်း (ဒိုင်းခင်ခင် မလှသန်း) မိသားစုပါပဲ။

ရေစက်ချ တရားနာဖို့အချိန်ကျတော့ တရားနာမယ့် ဆွမ်းစားကျောင်းကို အန်တီက လိုက်ဖို့ပြင်ပါသေးတယ်။ လမ်းမလျှောက်နိုင်တာမို့ ပွေ့ချီခေါ်ရမှာပါ။ အသက် ၇၃ နှစ်ရှိပြီဖြစ်တဲ့ အန်တို့ကို ဒိုင်ခံပြီး ပွေ့ချီသယ်ချပေးနေတဲ့ ဗိုလ်ညီပု (အသက် ၇၈ နှစ်)ကလည်း အနားမှာ အရန်သင့်ပါပဲ။ ဒါပေမဲ့ ဘဘက တားပါတယ်။

"ဒီကပဲ အာရုံပြုပါကွယ်"

သည်တော့လည်း အန်တီက နာခံရှာပါတယ်။ "ဟုတ်ကဲ့ . . . ဟုတ်ကဲ့" ဆိုပြီး အိပ်ရာပေါ် ပြန်လှဲချ မှိန်းသွားရှာပါတယ်။ အန်တို့အနားမှာ အမြဲစောင့်ရှောက် ပြုစုနေတဲ့ မဖြူကလေး ရှိနေပေမဲ့ ကျွန်မလည်းအန်တို့ကို စောင့်မယ်လို့ နေရစ်လိုက်ပါတယ်။

ကျွန်မတို့ ဇနီးမောင်နှံနဲ့အတူ အန်တီ အင်မတန် ခင်မင်တဲ့ သခင်အုန်းမြင့် (တိုးတက်ရေး အုန်းမြင့်)ပါ ကျန်ရစ်ပါတယ်။

သခင်အုန်းမြင့်ဆိုတဲ့ ပုဂ္ဂိုလ်ဟာ လောလောလတ်လတ် "စံပယ်ဖြူ

mgyoe.com

mgyoe.com

မဂ္ဂဇင်း"မှာ ဗိုလ်ချုပ်အောင်ဆန်းရဲ့ လက်ရေးမူနဲ့ ပေးစာတစ်စောင်အကြောင်း တင်ပြခဲ့တဲ့ ပုဂ္ဂိုလ်ပါ။

အန်တီ့အနားမှာစောင့်ရင်း ရှေးဟောင်းနှောင်းဖြစ်တွေကို မှတ်သားခွင့်ရလိုက်ပါတယ်။ အသက် ၇၀ ကျော်ပြီဖြစ်တဲ့ သခင်အိုကြီးဟာ ဂျင်းဘောင်းဘီနဲ့၊ လမ်းလျှောက်ဖိနပ်နဲ့၊ လွယ်အိတ်နဲ့၊ ကိုင်းနှစ်ဖက် ကြိုးချည်ပြီး လည်မှာဆွဲထားတဲ့ စာကြည့်မျက်မှန်နဲ့၊ ပေါ့ပါးဖျတ်လတ်တဲ့ အသွင်အလျာဟာ အံ့သြစရာပါပဲ။

သမိုင်းကို အမှန်အကန် မှတ်တမ်းတင်ချင်တဲ့၊ အတိအကျ အခိုင်အခံ့ ကျန်ရစ်စေချင်တဲ့ စေတနာနဲ့ တတ်အားသလောက် အားထုတ်နေသူပါ။

"ဗိုလ်ချုပ်အောင်ဆန်းရဲ့အိမ်မှာ တစုတဝေးကြီး လုပ်ခဲ့၊ ကိုင်ခဲ့၊ နေခဲ့၊ ထိုင်ခဲ့တာတွေ အစ်မကြီး အားလုံးသိတယ်။ မေးထား"

ဒရင်းဘက်ပေါ်မှာ မှိန်းနေတဲ့ အန်တီ လွန့်လူးလာတယ်။

"ဆိုရှယ်လစ်ဝါဒနဲ့ ဆိုရှယ်လစ်ပါတီ ဘယ်လိုကစပြီး ဗမာပြည်မှာ ပေါ်ပေါက်ခဲ့တယ်ဆိုတာ ကိုလတ်နဲ့ အစ်မကြီး ကောင်းကောင်းသိတယ်။ မေးထား"

အန်တီက လက်နှစ်ဖက်ကို ကမ်းပေးတယ်။ အလိုက်တသိ ပွေ့ထူပြီး ထိုင်လျက် အနေအထားဖြစ်အောင် ပြုပြင်ပေးဆဲ။

"အတိတ်ကို ဘာလို့များ ပြန်ဖွင့်ပြချင်နေရတာလဲ သခင်အုန်းမြင့်ရယ်"

အန်တီ ဘာကို ဆိုလိုသလဲ၊ မဆုပ်ဖမ်းတတ်ပေမဲ့ အန်တီ့ မျက်လုံးကလေးတွေထဲမှာ "အလင်း"တစ်ခုကို ကျွန်မ မြင်လိုက်ပါတယ်။ ယုံယုံကြည်ကြည် ဖြတ်သန်းခဲ့တဲ့ အတိတ်ကို ပိုင်ပိုင်နိုင်နိုင် အမှတ်ထင်ထင်ရှိနေတဲ့ "အလင်း"ပါ။

အိုခြင်း၊ နာခြင်းတို့ရဲ့ သင်္ကေတနိမိတ်တွေကို ယာယီ ဆေးကြောသန့်စင်ပစ်လိုက်တဲ့ အဲသည် "အလင်း"ဟာ ကျက်သရေတစ်မျိုးကို ဆောင်ပါတယ်။

"ရပ်စကင်း"ရဲ့ ဟောပြောချက်တစ်ခု (ဆရာမြသန်းတင့် ဘာသာပြန်)ကို သတိတရ ရှိလိုက်တာလေ။

ချမ်းမြေ့ဖွယ်ကောင်းပြီး အကျိုးရှိစွာ ဖြတ်သန်းခဲ့တဲ့အတိတ်ကို

mgyoe.com

mgyoe.com

ပြန်လည်အောက်မေ့စိတ် ပေါ်လာတဲ့အခါ မိန်းမတစ်ယောက်ရဲ့မျက်နှာဟာ ကျက်သရေအရှိဆုံး အချိန်ပဲတဲ့။

နယ်ချဲ့တော်လှန်ရေးကာလ၊ မြေအောက်တော်လှန်ရေးကာလတွေကို အတိတ်ကနဲ့လန့်ကာလှစ်ပြီး ဒိုးဒိုးဒေါက်ဒေါက် ရှင်းပြနေတဲ့ သခင်အုန်းမြင့်နဲ့အတူ အန်တီက တစ်ခွန်းစ၊ နှစ်ခွန်းစ ဝင်ထောက်ပေးနေတယ်။ စကားများများ မပြောနိုင်လို့ တစ်ခွန်း၊ နှစ်ခွန်း စိတ်လိုက်မာန်ပါပြောပြီးရင် မောမောနေတတ်တဲ့ အန်တီကို သွယ်ဝိုက်လှည့်ဖြားစွာ စကားပြောင်းပြီး အိပ်ရာပေါ် လဲလျောင်းစေရပါတယ်။

"အင်း . . . လွန်ခဲ့တဲ့ နှစ်ပေါင်းသုံးဆယ်က ဒီနေရာမှာ ဒီတရားကို စတွေ့ခဲ့တာပါပဲ။ ဘုန်းကြီး ဗိုလ်သိန်းဆွေရဲ့ ကျေးဇူးတော်ပါပဲ"

လက်အုပ်ချီပြီး ကျေးဇူးရှင်ကို အာရုံပြုရှာပါတယ်။

ဝိပဿနာတရားကို စတင်အားထုတ်ခဲ့တဲ့ သည်စွန်းလွန်းရိပ်သာမှာ မြေးဖြစ်သူကို ရဟန်းပြုစေခဲ့တာပါပဲ။

စက်မှုတက္ကသိုလ်ကျောင်းသားဖြစ်တဲ့ မြေးကလေး မောင်မောင်ဝင်းဟာ ခုချိန်မှာ "ဦးပညာဝံသ"အဖြစ်နဲ့ ရဟန်းဘောင်ကို ရောက်ရှိလို့နေပါပြီ။ ပဥ္စင်းဒါယကာဖြစ်တဲ့ ဒေါက်တာခင်မောင်ဝင်းကလည်း သားပဥ္စင်းနဲ့အတူ ဆယ်ရက် တရားဝင်မယ်တဲ့။

ဒါနကုသိုလ်၊ သီလကုသိုလ်၊ ဘာဝနာကုသိုလ်တို့အတွက် အာရုံပြုအမျှအတန်းဝေလျက်က အန်တီဟာ လက်တစ်ဖက်ကို ဆန့်ပေးလိုက်တယ်။ ကျွန်မက အသာဖမ်းဆုပ်ထားဆဲ။

"မင်း . . . သတင်းစာဆရာကောင်း ဖြစ်ပါစေနော်။ မငိုရဘူး၊ မရယ်ရဘူး၊ အဖြစ်မှန်ကို မြင်အောင်ကြည့်။ တိကျအောင် မှတ်တမ်းတင်ပြီး သတင်းရေး၊ ကြားလား"

မကြားချင်ပေမဲ့ "ဟုတ်ကဲ့"လို့ ဖြေရပြန်ပါတယ်။

"နိုင်ငံခြားမှာဆိုရင် သတင်းစာတိုက်ကြီးတွေမှာ မြေအောက်ခန်းရှိတယ်။ နာမကျန်းဖြစ်နေတဲ့ တိုင်းသိပြည်သိ ပုဂ္ဂိုလ်ကြီးတွေရဲ့ အတ္ထုပ္ပတ္တိအကျဉ်းကို အသင့်ရေးပြီး သိမ်းထားတယ်။ နောက်ဆုံး သတင်းအတွက် နေ့ရက်နဲ့ အချိန်ကိုသာ ကွက်လပ်ချန်ထားတယ်။ အဲဒီမှတ်တမ်းတွေ သိမ်း

mgyoe.com

mgyoe.com


ဆည်းတဲ့ မြေအောက်ခန်းကို "မော်ကျူရီ"လို့ ခေါ်တယ်ကွ။ ဟက် . . . ဟက်"

ကျွန်မမှာသာ သွေးပူလှိုက်ဆူနေရပေမဲ့ အန်တီကတော့ သွေးအေးအေးနဲ့ ရယ်ကာမောကာ ပြောလျက်ပါပဲ။

"ပုဂ္ဂိုလ်ကြီးတစ်ယောက် နာမကျန်းဖြစ်ပြီလို့ သတင်းရရင် သတင်းထောက်ဟာ အဲဒီပုဂ္ဂိုလ်နဲ့ဆိုင်တဲ့ အသင့်ရေးပြီးသား နောက်ဆုံးသတင်းကို မော်ကျူရီထဲကထုတ်ပြီး အသင့်ပြင်ထားရတယ်။ လူမမာသတင်းလည်း မကြာခဏ စုံစမ်းရတယ်ကွ။ ဟက် . . . ဟက် သတင်းထောက်တွေ သတင်းလာမေးလို့များတော့ အကောင်းမထင်နဲ့။ ဘယ်တော့ "ကွ" မလဲ ဆိုတာ အလောသုံးဆယ် သိချင်နေလို့မှတ်။ သတင်းစာ ဖောင်မပိတ်ခင် "ကွ"မှ လုပ်ရကိုင်ရ လွယ်တာ။ ဖောင်ပိတ်ပြီးမှ "ကွ"ရင် သွင်းပြီးသား စာဖောင်တွေ ပြန်ဖျက်ရဦးမှာကိုး။ လက်ဝင်တာပေါ့။ အေး . . . အဲဒီလို . . ."

"အို . . . အဲဒီသတင်းမျိုး မရေးခင် အန်တီခိုင်းထားတဲ့ ဝတ္ထုတွေ စမ်းစမ်း အများကြီးရေးရဦးမှာလေ။ ကျော်ကြားတဲ့မိန်းမတွေရဲ့ အိမ်ထောင်ရေးဘဝတို့၊ ကျော်ကြားတဲ့မိန်းမနဲ့ အိမ်ထောင်ရေး တည်ဆောက်မိတဲ့ အိမ်ဦးနတ်များရဲ့ဘဝတို့ ဝတ္ထုတွေ ရေးရဦးမယ်လေ။ အန်တီ အမှာစာ ရေးပေးမယ်ဆို။ အဲဒါလေးတွေ စဉ်းစားထားပါဦး"

"အေး . . . ဟုတ်တယ်၊ အေး . . ."

အန်တီ ခဏမှိန်းသွားတယ်။ ပြီးတော့ မျက်လုံးမဖွင့်ဘဲ နှုတ်ခမ်းမပွင့်တပွင့်နဲ့ ခပ်ဖြည်းဖြည်း ပြောရှာတယ်။

"အစာဝင်ရင်တော့ ပြန်ကောင်းလာမလားဘဲ။ နေကောင်းရင် ခင်ဝင်းသိဂီတို့အိမ် မင်းကို ခေါ်သွားရဦးမယ်"

ပန်းချီဆရာမ ခင်ဝင်းသိဂီလို့ ကြားဖူးနေပါတယ်။

"သွားကြတာပေါ့ အန်တီ"

× × ×

ဝတ္ထုရေးဆရာအဖြစ်နဲ့ရော သတင်းစာဆရာအနေနဲ့ပါ သံယောဇဉ်ပွားပြီး နိုင်းထားတဲ့ ဝတ္ထုကလေးတွေ ကျွန်မ ရေးရပါဦးမယ်။ ဒေါ်ခင်မျိုးချစ်

mgyoe.com

mgyoe.com

က စမ်းစမ်းနွဲ့ (သာယာဝတီ)ရဲ့ ပခုံးပေါ် ပစ်ချပေးခဲ့တဲ့ "ဝန်"ကို ကျွန်မ ဘယ်အတိုင်းအတာအထိ ထမ်းဆောင်ရမလဲဆိုတာ အန်တီကိုယ်တိုင် စောင့်ကြပ်အကဲဖြတ်ဖို့ပါ။

ပဏာမအဖြစ်ရေးလိုက်တဲ့ သည်စာစုကိုဖြင့် သတင်းထောက်နှလုံးသား မရှိတော့တဲ့ စမ်းစမ်းနွဲ့အနေနဲ့ သတင်းအပီအပြင် မရေးတတ်တော့တာမို့ သတင်းဝတ္ထုလို့ပဲ ဆိုလိုက်ပါတယ်။

ဒေါ်ခင်မျိုးချစ်ကို ကြည်ညိုလေးစား ချစ်မြတ်နိုးသူများ ကြားကြား သမျှ အရပ်ရှစ်မျက်နှာက မေတ္တာပို့ကြလို့မို့ အန်တီ ကျန်းမာရွှင်လန်းစေဖို့။

ရှေ့က မားမားမတ်မတ် ရပ်တည်နေတဲ့ ဒေါ်ခင်မျိုးချစ်ကို မြင်နေ ကြားနေရလို့ ကျွန်မတို့ အားသစ်အင်သစ် ဖွံ့ဖြိုးစေဖို့။

(၁၉၈၈ ခုနှစ်၊ ဇန်နဝါရီလ၊ ရွှစ်ရှင်အမြုတေမဂ္ဂဇင်း)

❖

mgyoe.com

mgyoe.com

# သတင်းဝတ္ထု (၂)

"သတင်း"ဆိုတာဟာ "မကြားသိရသေးသော ထူးခြားသည့် ဖြစ်ပေါ်မှု" လို့ ဟိုတစ်ခေတ်က ဂါးဒီးယန်းသတင်းစာ အယ်ဒီတာချုပ် ဦးစိန်ဝင်းက အဓိပ္ပာယ် ဖွင့်ဆိုခဲ့ဖူးပါတယ်။

ကျွန်မ ဖြတ်သန်းခဲ့ဖူးတဲ့ အတိတ်နှစ်ပေါင်း အစိတ်ကျော်ကာလမှာ လွမ်းဖွယ်ကောင်းတဲ့၊ ပြောစမှတ်ဖြစ်လောက်တဲ့ "သတင်း"တွေ ရှိခဲ့ပါတယ်။

အတိတ်က "သတင်း"ဆိုတာ ဒီနေ့ ပစ္စုပ္ပန်အဖို့ မလတ်ဆတ်တော့ပြီ ဖြစ်ပေမဲ့ ဆက်စပ်ပတ်သက်သူများအဖို့တော့ ခု ပြန်တွေးရင် ခု ရင်ခုန်နွေးဆဲပါပဲ။ ဒါတွေကို နားဝင်ချိုအောင် ပြန်ပြောပြရမှာမို့ အလင်္ကာ အဆင်တန်ဆာတွေ အတန်အသင့်သုံးပြီး မှုန်းရပြန်တော့ "သတင်းဝတ္ထု"လို့ပဲ ခေါင်းတပ်လိုက်ပါတယ်။

အရင်လ အမြုတေမှာ ရေးခဲ့တဲ့ "သတင်းဝတ္ထု"နဲ့ ပတ်သက်ပြီး ဒါရိုက်တာ စာရေးဆရာကြီး ဦးသုခက အနုမောဒနာပြုပါတယ်။ တနင်္ဂနွေ ရီတစ်ခွင် စာပေဟောပြောပွဲခရီး ထွက်တော့လည်း မြိတ်ကျွန်းစုက လူငယ်စာဖတ်ပရိသတ်တချို့က စိတ်ဝင်တစား မေးမြန်းကြပါတယ်။

mgyoe.com

သတင်းစာလောကသား ရေးဖော်ရေးဖက်ဟောင်းတွေကလည်း လွမ်းစရာအတိတ်သတင်းတွေကို လက်ညှိုးနဲ့ထောက်လို့ အားပေးအားမြှောက် ပြုကြပါတယ်။

လူငယ် မျိုးဆက်သစ်တွေ စိတ်ဝင်စားသလို ကျွန်မနဲ့ ခေတ်ပြိုင် ပုဂ္ဂိုလ်များအတွက် ပြန်လည် ရင်ခုန်နွေးစေတဲ့ သတင်းဝတ္ထုစဉ်ထဲမှာ အမှတ်မထင် သတိတရဖြစ်စေတဲ့ ပုဂ္ဂိုလ်ကတော့ စာရေးဆရာ သခင်အောင်ကြီးပါပဲ။

ဆရာမကြီး ဒေါ်ခင်မျိုးချစ်ရဲ့ အလှူမှာ ဗိုလ်ချုပ် (သခင်အောင်ကြီး) ကို မြင်လိုက်ရတဲ့အကြောင်း ဖတ်ကြရတော့ ၁၉၆၀ ပြည့်နှစ်များကို ပြန်လည် စဉ်းစားဖြစ်ကြပါသတဲ့။

၁၉၆၂ ခုနှစ်၊ ဩဂုတ်လ နောက်ဆုံးပတ်တုန်းက ရန်ကုန် ကမ္ဘာအေး ကုန်းမြေမှာ ဖွင့်လှစ်ခဲ့တဲ့ မြန်မာနိုင်ငံ သတင်းထောက်များ ရက်တိုသင်တန်း ကို လွမ်းကြပါသတဲ့။

ဟုတ်ကဲ့ . . . စဉ်းစားစရာပါပဲ။ လွမ်းလောက်စဖွယ်ပါပဲ။ အဲဒီအချိန် တုန်းက ဗိုလ်ချုပ်ဟာ သခင်အောင်ကြီးနာမည်နဲ့ စာမရေးသေးဘူးလို့ ထင်ပါတယ်။ တော်လှန်ရေးကောင်စီ ယာယီဥက္ကဋ္ဌအဖြစ် တာဝန်ယူဆဲ ကာလပါ။ အဲသည်တုန်းက ပြန်ကြားရေးဌာန တာဝန်ခံကတော့ ဗိုလ်မှူး ကြီး စောမြင့် (ယခု မဟာသီမဂ္ဂဇင်း အယ်ဒီတာချုပ်) ဖြစ်ပါတယ်။

သတင်းထောက် သင်တန်းအဖွင့်မှာ ပြန်ကြားရေးဌာန တာဝန်ခံက မိန့်ခွန်းပြောပါတယ်။ " . . . မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်နဲ့ ကျွန်တော်တို့ တိုင်းပြည်ကို တည်ဆောက်တဲ့နေရာမှာ သတင်းထောက်တွေဟာ အုတ် တစ်ချပ်အဖြစ်နဲ့ ပါနိုင်ပါစေလို့ ကျွန်တော် ဆုတောင်းပါတယ် . . ."တဲ့။

သင်တန်းပြီးဆုံးတော့ နှုတ်ဆက်ပွဲကို မြန်မာ့အသံခန်းမမှာ ကျင်းပပါ တယ်။ အဲဒီ နှုတ်ဆက်ပွဲမှာ သတင်းထောက်သင်တန်းသား ၇၀၀ ကိုယ်စား လှိုင်ကော်သတင်းထောက် ဦးကြီးညိုက ကျေးဇူးစကားပြောတော့ . . .

"ကျွန်တော်တို့ သတင်းထောက်တွေဟာ အုတ်တစ်ချပ်အဖြစ် စိတ်အားထက်သန်စွာ ပါဝင်နေကြပါတယ်။ ဒါပေမဲ့ ပုထုဇဉ်ပီပီ ရိုးသားစွာ တိမ်းစောင်းမိတဲ့အခါများမှာ အုတ်နှစ်ချပ်လပ်တယ်ရယ်လို့ အသတ်ခံလိုက် ရတဲ့ ရွှေဖျဉ်းညီနောင်အဖြစ်မျိုး မကြုံရပါစေနဲ့လို့ မေတ္တာရပ်ခံအပ်ပါတယ်

mgyoe.com

mgyoe.com

ခင်ဗျား”တဲ့။

ကြက်သီးချမ်းမြ ထလောက်အောင် သွေးသားထဲ စိမ့်ဝင် စွဲသွားစေတဲ့ အပြန်အလှန် မိန့်ခွန်းစကားတွေပါပဲ။ အဲဒီအတိတ် ရက်စွဲပါ သတင်းစာမျက်နှာအားလုံးမှာ တခမ်းတနား လှပခဲ့တဲ့ “သတင်း”တွေပေါ့။

ကျွန်မရဲ့သားတွေကို ပြောပြမိစဉ်ကဆိုရင် သူတို့ တယ်မယုံချင်ကြဘူး။ “အဲသလို ပြန်ပြောလို့ရသလား မေမေ”တဲ့။

ကျွန်မက ဝါရော်ဆွေးမြည့်စ သတင်းစာဟောင်းတွေကို ပြန်ရှာပြီး “ကိုင်း . . . မယုံရင် ဖတ်ကြည့်”လို့ သက်သေပြလိုက်ရတယ်။

ဒါတွင် ဘယ်ကပါမတုံး။

သတင်းထောက်သင်တန်း ရန်ပုံငွေအတွက် ပွဲတစ်ပွဲမှာ သတင်းစာဆရာအသင်းဥက္ကဋ္ဌ ဦးစိန်ဝင်း (ဂါးဒီးယန်း)က အခမ်းအနားမှူး လုပ်ပါတယ်။

ဗိုလ်ချုပ် (ယခု ဗိုလ်မှူးချုပ်ဟောင်း အောင်ကြီး)က . . .

“သတင်းစာဆရာတွေက ကျွန်တော့်ကို မျောက်ပြဆန်တောင်းတာပဲ”လို့ ရယ်စရာလုပ်တော့ ဆရာဦးစိန်ဝင်းက ဒက်ခနဲ ပြန်ပြီးဖြေပါတယ်။

“ကျွန်တော်တို့က ဆင်ဖြူတော်မှီပြီး ကြံစုပ်ရတာပါ။ ဗိုလ်ချုပ်ခင်ဗျား” တဲ့။

ကဲ . . . ဘယ့်လောက်များ လှပပြေပြစ်စေလိုက်ပါသလဲ။

နှုတ်ဆက်ပွဲ ညစာကို ဗိုလ်ချုပ်က တည်ခင်းပါတယ်။ ထမင်းစားပွဲမှာတော့ ကျွန်မအဖို့ မတော်တဆမှု (**Accident**) ကလေးတစ်ခု ကြုံလိုက်ရတာပါပဲ။

“သာယာဝတီသတင်းထောက် ငယ်ငယ်ကလေး ဘယ်မှာလဲ”လို့ ဗိုလ်ချုပ်က သတိတရ မေးလိုက်ပါတယ်။ (၁၇)နှစ်မြောက် မွေးနေ့အလွန် နှစ်ရက်မြောက်မှာ သတင်းထောက်သင်တန်းတက်ဖို့ ရန်ကုန်ရောက်လာတဲ့ ကျွန်မဟာ ဖိုသီဖတ်သီပါပဲ။ ကင်မရာနဲ့ ကလောင်ကို ကောင်းကောင်းနိုင်ပေမဲ့ ထဘီမနိုင် ပဝါမနိုင်ပါ။ ဝတ်စုံပြည့် တက်ရမယ်ဆိုလို့ ပဝါယူခဲ့ရတယ်။ ပဝါခြုံမထားတတ်တော့ လက်ကောက်ဝတ်မှာ ထုံးချည်ပြီး

mgyoe.com

mgyoe.com

ချောင်ကုပ်ထိုင်နေတုန်း ဗိုလ်ချုပ်က လှမ်းခေါ်လိုက်တာမို့ လူကြားထဲ ထွက်ပြီး နှုတ်ဆက် ဂါရဝပြုရတာပေါ့။

ဗိုလ်ချုပ်မေးတဲ့ မေးခွန်းတွေကို အလိုက်သင့်ဖြေနေရင်း ကျွန်မ စဉ်းစားကြည့်ပါတယ်။ တကယ်တော့ ကျွန်မက သတင်းထောက်ပါ။ ဗိုလ်ချုပ်က ကျော်ကြားထင်ရှားသူ (Public Figure) ပါ။ ဒီနေရာမျိုးမှာ ကျွန်မကသာ ဗိုလ်ချုပ်ကို မေးခွန်းတွေ မေးရမှာမဟုတ်လား။

ဒါပေမဲ့ အဲဒီအဖြစ်အပျက်ဟာ မတော်တဆမှု (Accident) ပဲဆိုတာ နောက်တစ်နေ့ သတင်းစာတွေ ထွက်တော့မှ နားလည်လိုက်ရတော့တာ ပါပဲ။

"တစ်ဦးတည်းသော အမျိုးသမီးသတင်းထောက်"ဆိုတဲ့ အထူးပြု ချက်နဲ့အတူ ဗိုလ်ချုပ်ကို နှုတ်ဆက်ဂါရဝစကားဆိုနေတဲ့ ကျွန်မဓာတ်ပုံဟာ သတင်းစာများရဲ့ မျက်နှာဖုံးသတင်း ဖြစ်ခဲ့ပါတယ်။ သတင်းထောက် ကိုယ်တိုင် "သတင်း"ဖြစ်ခဲ့ရတဲ့ မတော်တဆမှုကလေး တစ်ခုပါပဲ။

အရင်ကတော့ သူလိုကိုယ်လို "သတင်းထောက်"ပါပဲ။ အဲဒီ "သတင်း"ဖြစ်ပြီးချိန်ကစလို့ "အမျိုးသမီးသတင်းထောက်"အနေနဲ့ အများ အာရုံစိုက်စရာ ဖြစ်ခဲ့ဖူးပါတယ်။ အခွင့်အရေးများလည်း ကြုံရဖူးပါတယ်။

ကျွန်မတို့ သာယာဝတီက ပဲခူးတိုင်းဆိုတော့ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ်နဲ့ ထိတွေ့မှုတွေ ရှိခဲ့ပါတယ်။ အဲသည်တုန်းက အလယ်ပိုင်း တိုင်းမှူးက ဗိုလ်မှူးချုပ်စိန်ဝင်းပါ။

ပဲခူးတိုင်း ကောက်ရိတ် ကောက်သိမ်းပြိုင်ပွဲ (၁၉၆၂၊ ဒီဇင်ဘာ) ကျင်းပ တော့ အင်းလျားကန်ဟိုတယ် ဖွင့်ခါစထင်ပါရဲ့။ အလယ်ပိုင်းတိုင်းမှူး တည်ခင်းတဲ့ ညစာကို အင်းလျားကန်ဟိုတယ်မှာ လယ်သမားတွေနဲ့အတူ ပထမဦးဆုံးအကြိမ် စားဖူးခဲ့တာပါပဲ။ သာယာဝတီခရိုင် သတင်းထောက် များထဲက ရွေးချယ်ဖိတ်ကြားခြင်းခံရလို့ တိုင်းအထိလိုက်ပါ သတင်းယူခွင့် ရခဲ့တာပါ။

ငယ်ရွယ်သူတစ်ဦးရဲ့ တက်ကြွထက်သန်တဲ့စိတ်ဓာတ်ကို အသိအမှတ် ပြုလို့မို့ လူကြီးတွေက ဖြစ်မြောက်ထွန်းပေါက်စေချင်တဲ့ စေတနာနဲ့ နေရာ ပေးတဲ့သဘော ဟုတ်ပါလိမ့်မယ်။

mgyoe.com

မြေရိုင်း ရှာဖွေဖော်ထုတ်ရေးတွေလုပ်တော့ သာယာဝတီခရိုင်အတွင်းမှာ ရဟတ်ယာဉ်နဲ့လိုက်ပါသတင်းယူခွင့် ရလေ့ရှိပါတယ်။ သတင်းထောက်များအဖို့ ဒါတွေဟာ ဖြစ်ရိုးဖြစ်စဉ်၊ တွေ့ရိုးကြုံစဉ်တွေပါပဲ။

တစ်ခါတုန်းက ဒီအတိတ်ဘဝ ကားချပ်ကလေး အနည်းငယ်ပြန်လှစ်ပြီး ဝတ္ထုတစ်အုပ် ရေးဖူးတယ်။ "ဘယ်သူလဲ၊ ဘာ့ကြောင့်လဲ၊ ဘယ်လိုလဲ" ဆိုတဲ့ လုံးချင်းဝတ္ထုပါ။

သည်ဝတ္ထုစတော့ ရဟတ်ယာဉ်နဲ့ လိုက်ပါသတင်းယူတဲ့ အမျိုးသမီးသတင်းထောက်အခန်းက ဖွင့်ရေးမိတယ်။ စာပေဝေဖန်ရေး ဆရာကြီးတစ်ယောက်က နိုင်ငံခြားဇာတ်ဝင်ခန်းမျိုး ဖြစ်နေတယ်။ ကျွန်ုပ်တို့၏ဇာတ်လိုက်မင်းသမီးက စူပါဖြစ်နေတယ်လို့ ဆိုလိုက်တော့ ကျွန်မမှာ ငိုရအခက်၊ ရယ်ရအခက် ဖြစ်ရရဲ့။ အဲဒီစူပါက ကျွန်မ အစစ်ပဲလို့ ဆိုလိုက်ရင်လည်း ပိုပြီး မျက်စိနောက်သွားမှာ သေချာလို့မို့ အသာပဲ ငြိမ်နေလိုက်ရပါတယ်။

တကယ်တော့ သတင်းထောက်လောကဆိုတာ ယောကျ်ားလောကပါ။ အရွယ်မတိုင်မီက အတ္တလွန်ကဲစွာ စိတ်ကူးယဉ်ခဲ့မိတာပါပဲ။

နေခြည်ကို လက်နဲ့ဖမ်းဖို့ ကြိုးပမ်းခဲ့တာနဲ့ တူပါတယ်။ အထမမြောက်ခဲ့ပေမဲ့ ခွန်အားသစ်တွေ ဖွံ့ဖြိုးစေခဲ့ပါတယ်။

ခုတော့ ကျွန်မ အင်္ဂလိပ်ဝေဖန်ရေးဆရာကြီး ရပ်စကင်းရဲ့ စကားတစ်ခွန်းနဲ့ပဲ ဖြေသာရာ ရပါတယ်။

ရပ်စကင်းက ပြောတယ် . . .

"ယောကျ်ားရဲ့ခွန်အားဟာ တရားသောစစ် ဆင်နွှဲဖို့ဖြစ်တယ်။ အောင်ပွဲဆင်ဖို့ ဖြစ်တယ်။ ဒါပေမဲ့ မိန်းမရဲ့ စွမ်းအားဟာ စစ်တိုက်ဖို့ မဟုတ်ဘူး။ အုပ်စိုးဖို့ ဖြစ်တယ်။ စနစ်တကျဖြစ်အောင် စီမံနေရာချထားဖို့ ဖြစ်တယ်။ အဆုံးအဖြတ်ပေးဖို့ ဖြစ်တယ်။ ယောကျ်ားဟာ တိုက်ပွဲဝင်ဖို့ ဖြစ်ပေမဲ့ မိန်းမဟာ တိုက်ပွဲထဲကို ဝင်ပါဖို့ မလိုဘူး။ တိုက်ပွဲမှာ အမှားနဲ့ အမှန်၊ တရားမှုနဲ့ မတရားမှုကို ပြတ်ပြတ်သားသား ဆုံးဖြတ်သူသာ ဖြစ်တယ်"တဲ့။

"ဆင့်"အလုပ် "မြင်း"ဝင်မရှုပ်ချင်တော့ပါဘူး။ လောကဓံတိုက်ပွဲမှာ အမှားနဲ့အမှန်၊ တရားမှုနဲ့ မတရားမှုကို ပြတ်ပြတ်သားသား ရပ်တည်ရဲတဲ့

mgyoe.com

mgyoe.com
စာရေးဆရာအဖြစ်ကိုပဲ ကျေနပ်စွာ ဂုဏ်ယူပျော်ပါပြီ။

အတန်အသင့် အောင်မြင်တဲ့ စာရေးဆရာတစ်ယောက်ဘဝကို ရအောင် ပံ့ပိုးသမှုပြုခဲ့တဲ့ အတိတ်ဖြတ်သန်းမှုများ၊ မတော်တဆမှုများ အနက် တချို့တစ်ဝက်ဟာ ကာယကံရှင် ကျွန်မသာမက ခေတ်ပြိုင်များနဲ့ မြင်ခွင့်၊ ကြားခွင့် မကြုံရသူများအတွက်ပါ လွမ်းလောက်တဲ့ သတင်းဝတ္ထု တစ်ပုဒ် ဖြစ်နိုင်လိမ့်မယ် ထင်ပါတယ်။

(၁၉၈၈ ခုနှစ်၊ မတ်လ၊ ရုပ်ရှင်အမြုတေမဂ္ဂဇင်း)

❖

mgyoe.com

mgyoe.com

# သတင်းဝတ္ထု (၃)

အမှတ်တရရှိစေတဲ့ စာဖတ်သူ လူငယ်တစ်ဦးကို မော်လမြိုင်ရထားပေါ်မှာ ဆုံခဲ့ရတဲ့သတင်းပါ။

စာပေလုပ်သား ဗဟိုမျက်နှာစုံညီအစည်းအဝေး ရန်ပုံငွေ ဟောပြောပွဲအတွက် ကရင်ပြည်နယ်ကို ခရီးထွက်ခဲ့စဉ်ကပါပဲ။ စာပေလုပ်သားဗဟိုအလုပ်အမှုဆောင် ကော်မတီဝင် ဗိုလ်မှူးစောမြင့် ခေါင်းဆောင်ပြီး ဒေသခံ ကော့ကရိတ်မြို့နယ်သား ဆရာသန်းအောင်နိုင်က အတွင်းရေးမှူးအဖြစ် တာဝန်ယူလိုက်ပါခဲ့ပါတယ်။ ဟောပြောမယ့် စာရေးဆရာတွေကတော့ ဆရာကျော်အောင်၊ သန်းလျှင်မောင်မောင်ဦးနဲ့ ကျွန်မတို့ပါပဲ။

ပဲခူးဘူတာအရောက်မှာ တွဲပေါ်တက်လာကြတဲ့ ခရီးသည်တွေအနက် သူ့ကိုမှကွက်ပြီး ကျွန်မကလည်း စိတ်ဝင်စားမိတယ်။ သူကလည်း တွဲပေါ်တက်လာကတည်းက "ပြဿနာ"ကလေးနဲ့။ ထိုင်ခုံနံပါတ် ထပ်လို့ဆိုလား၊ တွဲစောင့်နဲ့ အချီအချ အချေအတင် ဖြစ်နေတယ်။ လူငယ်ပီပီ မဟုတ်ရင် မခံဘူးဆိုတဲ့ အမှန်တရားမြတ်နိုးစိတ်တွေ ဆူဝေလို့ပေါ့လေ။ ပြဿနာကို ရေဆုံးရေဖျားရှင်းရမှ ကျေနပ်မယ့်ပုံစံမျိုး။ ပြောဟန်ဆိုဟန်ရှင်းရှင်းပြတ်ပြတ်နဲ့ ချက်ကျလက်ကျရှိလေတော့ ဟိုတစ်ဖက်သား

mgyoe.com

mgyoe.com


တွဲစောင့်ကြီးခမျာ နားဝေတိမ်တောင် ကယောင်ကတမ်းတွေကို ဖြစ်ကရော။ ကြာတော့ ဆရာသန်းအောင်နိုင်က မနေသာတော့ဘဲ ကြားဝင်ပြီး သူ့နံဘေးကလွတ်နေတဲ့ ထိုင်ခုံကို ညွှန်ပြနေရာပေးလိုက်ရတော့တယ်။ သည်တော့လည်း သူက အားနာသွားဟန် တူပါတယ်။

"နေပါစေ အစ်ကို၊ ကျေးဇူးတင်ပါတယ်။ ကျွန်တော်က မထိုင်ရလို့ မကျေမနပ်ဖြစ်နေတာ မဟုတ်ပါဘူး။ စနစ်မကျတာကို ခွင့်မလွှတ်ချင်တာပါ။ အထက်တန်းတွဲလိုနေရာမျိုးမှာ ကမောက်ကမဖြစ်တော့"

"ဖြစ်တတ်ပါတယ် ငါ့ညီရာ၊ လာ . . . ထိုင်စမ်းပါ။ ရန်ကုန်က ထွက်လာကတည်းက ဒီနေရာမှာ ဘယ်သူမှ လာမထိုင်သေးဘူးကွ။ ရှေ့ကျမှ ကြည့်သာဆင်း။ ခုနေတုန်း ထိုင်သာထိုင်"

သည်တော့မှ ပြေလျော့စ အားတုံ့အားနာ အသွင်အလျာနဲ့ ဝင်ထိုင်ရင်း . . .

"ကျွန်တော်က သထုံအထိပဲ လိုက်မှာပါ။ အစ်ကိုတို့က မော်လမြိုင်လား"

"တို့လည်း သထုံဆင်းကြမှာပဲကွ"

ဦးသန်းအောင်နိုင်နဲ့ အဖွဲ့ကျသွားပြီပေါ့။ သည်လိုနဲ့ နာရီပိုင်းအတွင်းမှာ စာရေးဆရာအဖွဲ့ဖြစ်ကြောင်း သူ သိသွားတယ်။ စာရေးဆရာတွေဆိုတာနဲ့ သူ့မျက်လုံးတွေ တောက်လာတော့တာပါပဲ။ "ဘယ်သူတွေပါလဲ" လို့ မေးခွန်းထုတ်တော့တယ်။

သန်လျင်မောင်မောင်ဦး အမည်ပြောပြီးပြီ ဆိုတော့လည်း မကြာခင်က စာပေဗိမာန် ငါးထောင်စု ပူပူနွေးနွေး ရထားတဲ့သတင်းကို သူ သိပြီးဖြစ်နေပြီ။

ကျွန်မနာမည်ကို မိတ်ဆက်ပေးတော့ သူ လှုပ်လှုပ်ရှားရှား ဖြစ်သွားတယ်။

"ဟာ . . . ကျွန်တော် တွေ့ချင်နေတဲ့ ဆရာမပဲ။ ပြောစရာတွေ ရှိလို့ပါ"

အဟုတ်ကို တုန်လှုပ်မိပါတယ်။ သူ့စရိုက်၊ သူ့မနောကို တစ်ချိန်လုံးထိုင်"ဖတ်"နေခဲ့ရတာ မဟုတ်လား။

mgyoe.com

mgyoe.com


ဘာတွေများ ချက်ကျလက်ကျ "နက်"တော့မလဲပေါ့။ သူ့အရွယ်နှင့် ကျွန်မအရွယ် ဖြတ်သန်းမှုချင်း၊ အတွေးအမြင်ချင်း၊ ရင်ခုန်သံချင်း ကွာဟချက် ရှိနိုင်ပြီလေ။

"ဒီလိုပါခင်ဗျာ၊ ဆရာမရေးတဲ့ "အားသစ်ယူ၍ လူဖြစ်စေသတည်း" ဝတ္ထုဖတ်ပြီးတော့ ကျွန်တော့်ရင်ထဲမှာ "နာ"လွန်းလို့ပါ"

"ဟင် . . . ဗုဒ္ဓေါ၊ ဘာဖြစ်လို့များလဲကွယ်"

"အဲဒီဝတ္ထုကို ဆယ်နှစ်လောက်စောပြီး ကျွန်တော် ဖတ်ခွင့်ရခဲ့ရင် ကျွန်တော့်ဘဝ ခုလို လမ်းချော်မသွားနိုင်ဘူးလို့ ပြောရဲတယ် ဆရာမ"

"ယောတော်။ ခု ဘယ်လိုများ လမ်းချော်နေလို့လဲ။ မောင် . . . မောင်ရင် ကလေးရယ်"

"ကျွန်တော့်နာမည် မောင်မျိုးအောင်ပါ ဆရာမ။ ဝေါမြို့မှာ နေပါတယ်။ ခု ကျွန်တော့်ဘဝ ဆန်ကုန်သည်လေ။ တရားဝင်မှတ်ပုံတင်နဲ့ အလုပ်လုပ်ပါတယ်"

"အို . . . ဒါဆို ကိုယ့်လမ်းနဲ့ကိုယ် ဖြောင့်နေသားပဲ မောင်မျိုးအောင်"

"ကျွန်တော် လျှောက်ချင်တာ ဒီလမ်းမဟုတ်ဘူးလေ။ ကျွန်တော့်မှာ ငယ်ငယ်ကတည်းက ဝါသနာပြင်းပြခဲ့တဲ့ ပညာရေးပန်းတိုင်တစ်ခု ရှိခဲ့ဖူးပါတယ်။ ဒါပေမဲ့ မော်လမြိုင်ကောလိပ် ဒုတိယနှစ်မှာ ကျွန်တော် ကျောင်းထွက်ခဲ့ရပါတယ်။ ဆရာမ ဝတ္ထုထဲကလို လှုပ်ရှားမှုတစ်ခုနဲ့ ပတ်သက်လို့ပါပဲ။ ဝတ္ထုထဲက ဇာတ်လိုက်နဲ့ ကျွန်တော့် အဖြစ်အပျက်ချင်း အတော်တူပါတယ်"

"သြော် . . ."

"အဲဒီဝတ္ထုကို ဆယ်နှစ်လောက်များ စောပြီး ကျွန်တော် ဖတ်ခွင့်ရခဲ့ရင်လေ"

သူ့စကား မဆက်နိုင်တော့သလို ကျွန်မလည်း တစ်ခွန်းမျှ မတုံ့ပြန်နိုင်တော့ပါဘူး။ ကျွန်မဝတ္ထုထဲက ဇာတ်ဆောင် "လင်းဇော်"ကို "မောင်မျိုးအောင်"အဖြစ်နဲ့ ကျွန်မ ပြန်တွေ့နေရပါပြီ။

တကယ်တော့ "မောင်မျိုးအောင်" များစွာကို ကျွန်မ ဆုံတွေ့ခဲ့ဖူးပြီးသားပါ။ ဒါကြောင့်လည်း မောင်မျိုးအောင်များစွာကို ကိုယ်စားပြုပြီး

mgyoe.com

mgyoe.com


"လင်းဇော်"ကို ဖန်တီးနိုင်ခဲ့တာပါ။

အမှန်ကို ယုံကြည်ခြင်း၊ တရားမှုကို မြတ်နိုးတတ်ခြင်းဆိုတာဟာ ရိုးရှင်းဖြူစင်တဲ့ လူငယ်တွေရဲ့ "အလှ"ပါပဲ။

ကျွန်မ စဉ်းစားနေမိတယ်။

မောင်မျိုးအောင်အကြောင်း မဟုတ်ပါဘူး။ ကျွန်မရဲ့ ဝတ္ထုအကြောင်း လည်း မဟုတ်ပါဘူး။

"ဒီဝတ္ထုကို ဆယ်နှစ်လောက်များ စောပြီး ကျွန်တော် ဖတ်ခဲ့ရင်လေ" တဲ့။

ဖိတ်စဉ်သွားတဲ့ နွားနို့အတွက် ငိုကြွေးမနေသည့်တိုင် အနည်းဆုံး တော့ နှမြောရာမှာ အမှန်ပါပဲ။ စိတ်ကူးအယဉ်လွန်တဲ့ ပျို့ရွယ်စဉ်ကာလ များမှာ နွားနို့ပုံးမှောက်ကျတဲ့အဖြစ်မျိုး မကြုံရအောင် ထိထိရှရှ ခံစား နိုင်မယ့်၊ စဉ်းစားနိုင်မယ့် ဝတ္ထုတချို့ လက်တစ်ကမ်းမှာ ရှိဖို့လိုပါလိမ့်မယ်။

ဘာသာစကားနဲ့ ယုံကြည်မှုချင်း၊ ရင်ခုန်သံချင်း နီးစပ်လို့ ကျွန်မရဲ့ ဝတ္ထုတစ်ပုဒ်ဟာ မောင်မျိုးအောင် တစ်ယောက်အတွက် "အလင်း"တစ်ခု ဖြစ်နိုင်ပေမဲ့ တခြားတစ်ယောက်အတွက် "မြူလွှာ" တစ်စလို ဝေဝါးစေ တယ်ဆိုရင်လည်း ရှိပါစေ။ လူတိုင်းမှာ ရွေးချယ်ခွင့်၊ ယုံကြည်ခွင့် ကိုယ်စီ နဲ့ပါ။

နှလုံးသားဖွံ့ဖြိုးစ လူငယ်ဘဝမှာ "ရသ"နဲ့ ရင်ခုန်ချင်ကြတာ သဘာဝ မဟုတ်လား။ ဒါကြောင့် အလွယ်ဆုံးရသစာပေအမျိုးအစားဖြစ်တဲ့ စကား ပြေဝတ္ထုကို လူငယ်တွေ တမက်မောမောဖတ်နေကြချိန်မှာ သင့်တင့် လျောက်ပတ်တဲ့ ဝတ္ထုတွေ လက်တစ်ကမ်းမှာရှိနေရဲ့လားလို့ စဉ်းစားမိ တာပါ။

တစ်ခေတ်က ဂျာနယ်ကျော်မမလေးရဲ့ "သက်သက်"၊ ရွှေလင်းယုန် ရဲ့ "ဆရာဝန် မြင့်မောင်"၊ သိန်းဖေမြင့်ရဲ့ "ညိုထွန်း"၊ ခင်နှင်းယုရဲ့ "မွှေး" တို့နဲ့ အချိန်မီ ရင်းနှီးပြီး လူလားမြောက်ခွင့်ရခဲ့တဲ့လူငယ်တွေ ကံကောင်း ခဲ့သလို၊ "ပုဂံစာအုပ်တိုက်"ထွန်းကားစဉ်ကာလများက ဝတ္ထုဖတ်သူတွေ ကုသိုလ်ထူးခဲ့သလို ဒီနေ့ မောင်မျိုးအောင်တို့တစ်တွေ ကံအကြောင်းလှ စေချင်ပါတယ်။

mgyoe.com

mgyoe.com


ဒါပေမဲ့ မောင်မျိုးအောင်တို့ခေတ်မှာ ဝတ္ထုတစ်အုပ်ကို အစိတ်သုံးဆယ်ပေးပြီး အပိုင်ဝယ်ဖတ်ဖို့ မလွယ်လှပါဘူး။

အငှားဆိုင်မှာ တစ်ရက်ဖတ်ခ တစ်ကျပ်ခွဲ၊ နှစ်ကျပ်ပေးပြီး အပြေးအလွှား ကျော်ကာပေါက်ကာ ဖတ်နေရတဲ့အဖြစ်ပါ။ သိပ်ခံစားနေဖို့၊ သိပ်စဉ်းစားနေဖို့ ဒီနေ့ လူငယ်တွေ အချိန်မပေးနိုင်ကြတော့ဘူး။

ဝတ္ထုကောင်းဆိုတာ ဝတ္ထုဆုံးမှ သူ့ရဲ့လုပ်ငန်း စပါသတဲ့။ တသိမ့်သိမ့်ခံစားဖို့၊ တစိမ့်စိမ့် စဉ်းစားတွေးခေါ်ဖို့ တစ်ရက် တစ်ကျပ်ခွဲဆိုတဲ့ မီတာကြီးက တက်နေတော့ "အငှားစာဖတ်သူ"ဟာ သည်းမခံနိုင်ပါဘူး။ ဒါကြောင့် သိပ်မခံစားရတဲ့။ သိပ် မစဉ်းစားရတဲ့ "ဒီလိုလုပ်တာ ကောင်းသလား ကိုကို" တို့၊ "တစ်မျိုးတော့ တစ်မျိုးကြီးပဲဟယ်"တို့ ဆိုတာမျိုးတွေကို ဝရုန်းသုန်းကား လိုမ့်ဖတ်နေကြတော့တာပေါ့။ သဘာဝကျပါတယ်။

ဒါပေမဲ့ အဲဒီသဘာဝကျပုံကြီးက မျိုးဆက်တစ်ခုလုံး သဘာဝကျကျ ထုံအစေပါပြီ။ မခံစားတတ်ရင် "ထုံ"တာပါပဲ။ မစဉ်းစားတတ်ရင် "အ" တာပါပဲ။


ဒီအထဲမှာ မောင်မျိုးအောင်တို့လို ဖိတ်ကျခဲ့တဲ့ နွားနို့အတွက် နှမြောရကောင်းမှန်း နားလည်တဲ့ လူငယ်တွေ၊ လျော့ခန်းသွားတဲ့ နို့အိုးကို ပြန်လည် ဖြည့်တင်းဖို့ သက်ပြင်းတစ်မှုတ် တေးတစ်ပုဒ်နဲ့ ချွေးသုတ်ရင်း ကြိုးစားနေကြတဲ့ လူငယ်တွေ ဘယ်နှယောက် ရှိနိုင်ပါ့မလဲ။

ပြောသာ ပြောနေရတယ်။ တကယ်တော့ ဝတ္ထုရေးတဲ့ စမ်းစမ်းနွဲ့(သာယာဝတီ) ကိုယ်တိုင်လည်း ထုံတုံတုံ၊ အတတ ဖြစ်နေခဲ့တာ ကြာပါပြီ။

**(၁၉၈၈ ခုနှစ်၊ဧပြီလ၊ ရုပ်ရှင်အမြုတေမဂ္ဂဇင်း)**

❖

mgyoe.com



သတင်းဝတ္ထာ
၊၄၊

mgyoe.com

mgyoe.com

mgyoe.com

# သတင်းဝတ္ထု (၄)

ခေတ်ပြိုင် ပုံရိပ်များထဲက ဝတ္ထုသတင်း ကလေးတစ်ခု ပြောပါရစေ။ ဝတ္ထုတိုလေးတစ်ပုဒ်ပါပဲ။ မဟေသီမဂ္ဂဇင်းထဲက စာရေးဆရာ "မြတ်သင်း" ရဲ့ "ဖားဆိုမှဖား"တဲ့။ ကွင်းလယ်မှာ ဖားကောက်တဲ့ လူနှစ်ယောက် အကြောင်း ရေးသွားတာပါ။ ကဆုန်မိုးကလေး တစ်မ, ရွာစ ဟိုကသည်က ဖားတွေအော်ကြတော့ ကိုအေးသောင်ဆိုတဲ့ လူရဲ့နားမှာ "အုံးအင် . . . အုံးအင်"နဲ့ မကြားမိဘဲ "ပိုက်ဆံ . . . ပိုက်ဆံ"လို့ ကြားသတဲ့။ သူက ပိုက်ဆံလိုနေတာကိုး။ တစ်ကိုယ်လုံး အနာတွေပေါက်နေတဲ့ သား တစ်ယောက်ကို ဆေးခန်းပို့ဖို့ လိုနေတဲ့ပိုက်ဆံ။ "အိမ်ပြန်မိုးဖို့ ခနိဖိုးကလေး အစိတ်လောက် ချေးပါဗျာ"လို့ မိတ်ဆွေ ကိုပေါလူ အကူအညီတောင်းထား တဲ့ ပိုက်ဆံ။ ဟုတ်ပြီ။ ပိုက်ဆံ ရပေါက်ရလမ်း တွေ့ပြီပေါ့။ ကိုပေါလူနဲ့ နှစ်ယောက်သား ဖားကောက် ထွက်ကြမယ်ပေါ့။ နှစ်ယောက်သား တိုင်ပင်ပြီး ကိုပေါလူက ခက်ရင်းခွကြီးဆွဲလို့ ရှေ့ကထွက်လာတော့ "ဟေ့ကောင် . . . ကြိမ်မယူတော့ ဘူးလား" "ကျုပ်က ကြိမ်မဆောင်ဘူးဗျ။ ရိုက်ဖားက ဈေး ကောင်းမှ မရဘဲ" ကိုအေးသောင်ဆိုတဲ့လူက အပေါ်စီးနဲ့ ဆက်ဆံပြောဆို နေပေမဲ့ တကယ်လုပ်ငန်းကျွမ်းကျင်သူက ကိုပေါလူဖြစ်နေတယ်။ ကြည့်

mgyoe.com

mgyoe.com


လေ . . . လမိုက်ည ကြယ်ရောင်ပျပျမှာ လယ်ကွင်းထဲ လျှောက်လာကြရင်း ကိုအေးသောင်က "အသင့်ပြင်ဟေ့ . . . ဖားအော်သံ ကြားရပြီ"

"ဒါ ဖားကျောစိမ်း အော်သံဗျ၊ ဖားကြီးသံ မဟုတ်ဘူး"

ဖားအိတ်ကစ်ပါတ် ကိုပေါလူက ဖားကြီးအော်သံကို နားစွင့်ပြီး လျှောက်ရှာတယ်။

"အဲဒါမှ ဖားကြီးသံဗျို့"

အတည်ပြုချက်ပေးပြီး လက်နှိပ်ဓာတ်မီးနဲ့ ထိုးပြလိုက်တယ်။ မီးရောင်က ဖားရဲ့မျက်လုံး ပြူးကြောင်ကြောင်ကလေးကို တည့်တည့်ထိုးမိတော့ ဖားဟာ ညို့ချက်မိပြီး ရုတ်တရက် ဘယ်မှ ထွက်မပြေးနိုင်တော့ဘူးပေါ့။ ဒီတော့မှ ကိုအေးသောင်က ဖားကို စိခနဲနေအောင် လက်နဲ့ ဆုပ်ဖမ်းလိုက်ပြီး . . .

"ကဲ . . . မင်း ဘယ်ပြေးမလဲ ဖားရွှေမည်း"

"ဖားရွှေဝါပါဗျ၊ တွင်းကထွက်စမို့ ဝါနေတာ မတွေ့ဘူးလား"

ဖားအိတ်ကစ်ပါတ်ကို ပြန်အထွန့်တက်မနေတော့ဘဲ ကိုအေးသောင်က ဖားကို ပလိုင်းထဲ ပစ်ထည့်လိုက်တယ်။

ခရီးဆက်ခဲ့ကြတော့ မီးအုပ်ကိုယ်စီနဲ့ ဘဝတူ ဖားကောက်သမားတွေကို တွေ့ပြန်တယ်။

"မီးအုပ်နဲ့ ရှာရတာလည်း မလွယ်ပါဘူး ပေါလူရာ၊ ရေနံဆီက တစ်ည တစ်ပုလင်းကုန်မှာ"

"ထူးပါဘူးဗျာ၊ ဓာတ်ခဲကလည်း တစ်ခဲငါးကျပ်တော့ ပေးရတာ"

"အကောင်းဆုံးကတော့ ဘက်ထရီမီးပဲကွ၊ တစ်ည သုံးကျပ် ပေးငှားရင် ရတယ်"

"လုပ်မနေပါနဲ့ဗျာ၊ ငါးညလောက်ပဲ ရှာချိန်ရှိတဲ့ ဥစ္စာ။ တကယ် ဖားကျတာက မိုးစကျပြီး ပထမနှစ်ညလောက်ပါ။ နောက် ညတွေကတော့ ဘယ်လောက်ရှာရှာ ဟင်းစားသာသာပါပဲ။ ပြောကာ ဆိုကာနဲ့ လယ်ကွင်းတွေ၊ ကန်သင်းတွေ ဖြတ်ကျော်နင်းလျှောက်ရင်း ဖားကောက်လာလိုက်ကြတာ သန်းခေါင်ကြက်တွန်သံ ကြားရတော့ ပလိုင်းထဲမှာ ဖားဆယ်ကောင်လောက်ပဲ ရသေးသတဲ့။ ကိုအေးသောင်တို့ "ပျာ"ပြီပေါ့။

mgyoe.com

mgyoe.com


"ကမြင်းမဖားထီးတွေ အော်သံတိတ်သွားပြန်ပြီ။ ပေါလူ . . . မင်းပညာလေးနဲ့ လုပ်စမ်းပါဦးကွ"

ကိုပေါလူက ညာလက်ညှိုးနဲ့ လက်မကို "ဝိုင်း"၊ ဘယ်လက်ဝါးနဲ့ ကပ် ပါးစပ်မှာ တေ့ပြီးတော့ အသံတုတစ်ခု လုပ်လိုက်တယ်။ "အက် အက် . . . အက်အက်"

"ချန်ပလုံတုင်ညွှန့်ကွ၊ တကယ့် ဖားထီးသံ အတိုင်းပဲ"

ကိုအေးသောင်က အားပေးရှာတယ်။ မျှော်လင့်ခြင်းများစွာဖြင့်ပေါ့လေ။ အချိန်အတော်ကလေးကြာမှ ဖားအော်သံတွေ ကွင်းထဲမှာ ဟိုကသည်က တစ်စစီ ထွက်လာတယ်။ တဖြည်းဖြည်း ဖားအော်သံတွေများလာပြီး အရှိန်ရလာတော့ လယ်ကွင်းတစ်ခုလုံး ဖားအော်သံတွေ ဖုံးသွားရော။ လက်နှိပ်ဓာတ်မီးနဲ့ထိုးပြီး "စိခနဲ"၊ "စိခနဲ" ကောက်ပေရော့ပေါ့။

ကြက်ဦးတွန်တော့ ပလိုင်းထဲမှာ ဖားနှစ်ပိဿာကျော်လောက်ရလိုက်တယ်။ "အတော်ရတာပဲ ပေါလူရ၊ ဆယ့်ရှစ်ကျပ်ဈေးနဲ့တွက်ဦး သုံးဆယ့်ခြောက်ကျပ်" "ဘယ်ကလာ၊ ဆယ့်ရှစ်ကျပ်ဆိုတာ အသေဈေးဗျ၊ အရှင်က အစိတ်ဈေးရှိတယ်။ ကျုပ်က ဒါကြောင့် ကြိမ်နဲ့ မရိုက်တာ"။ "ထောပြီ ဟော့၊ ဒါ ဘယ်သွားရောင်းကြမလဲ"။ "မိတ်ဆက် ထမင်းဆိုင်"။ နှစ်ယောက်သား ပလိုင်းကိုယ်စီလွယ်ပြီး ဆက်လက် ချီတက်လာလိုက်ကြတာ ဗိုလ်တဲရှေ့ ဓာတ်မီးရောင် အလင်းနဲ့ "မိတ်ဆက်ထမင်းဆိုင်"ဆိုတဲ့ ဆိုင်းဘုတ်ကို လှမ်းမြင်ကြရပြီပေါ့။

ဒီနေရာမှာ ဖတ်နေဆဲဝတ္ထုကို ကျွန်မ ရပ်ထားလိုက်တယ်။ ကျွန်မ မကျွမ်းကျင်တဲ့ အကြောင်းအရာမျိုး။ လူနှစ်ယောက်ရဲ့စရိုက်၊ ဖားအကြောင်း သိကောင်းစရာ။ ဝတ္ထုပုံသဏ္ဍာန်ထဲမှာ အပီထည့်ပြီး သရုပ်ဖော်သွားတဲ့ အတတ်ပညာ။ ဝတ္ထုရေးတဲ့ စမ်းစမ်းနွဲ့ကို နားရွက် တံတွေးဆွတ်လိုက်သလိုပါပဲ။ ဝတ္ထုက မဆုံးသေးပေမဲ့ ဖားရိုက်ခြင်းကိစ္စကတော့ ပြီးလောက်ပါပြီ။ ဒီလောက်ကိုပဲ အောက်က ကလောင်နာမည်တပ်လိုက်ပြီး ဘဝသရုပ်ဖော်ဝတ္ထုလို့ "ဟန်ရေးပြ"မယ်ဆိုလည်း "ဖြစ်"ပါပြီ။

ဒါပေမဲ့ နောက်တစ်ခန်း ကျန်သေးတယ်။

"မိတ်ဆက်မှာ ပလိုင်းတွေအပ်ပြီးရင် ကျုပ်တော့ တစ်နေ့လုံး အိပ်ပစ်

mgyoe.com

mgyoe.com


လိုက်တော့မယ်ဗျာ"

ကိုပေါလူက ပြောလိုက်တော့ ကိုအေးသောင်က စိုးရိမ်တကြီး လှမ်းကြည့်ပြီး . . .

"ဟေ့ကောင် . . . မင်း အဲသလိုတော့ မလုပ်နဲ့"

"ဘာလို့တုံး"

ကိုအေးသောင်က ငေါက်ဆတ်ဆတ်နဲ့ . . .

"ရုံးတက်ဦးမှ ဖြစ်မှာပေါ့ကွ။ မင်းကို သမ္မန်စာတွေ အများကြီး အပ်စရာရှိနေတဲ့ဥစ္စာ။ ရက်ချိန်းတွေကလည်း ကပ်လှပြီ"

"တက်ဆိုလည်း တက်ပေါ့မယ်ဗျာ။ ခင်ဗျားကလည်း စာရေးကြီးဆိုပြီး ပါဝါတွေ ပြမနေစမ်းပါနဲ့"

"ဟာ . . ."ဆိုပြီး ကျွန်မရင်ထဲမှာ "လှုပ်"သွားတော့တယ်။ အဟုတ်ကိုပဲ "ဖြုံ"သွားမိပါပြီ။

ဒီနောက်ဆုံးအခန်းဟာ ဇာတ်ဆောင် ဖားကောက်သမားနှစ်ယောက်ရဲ့ ဘဝကောက်ကြောင်း အနားသတ်ပါပဲ။ တစ်ချိန်တည်းမှာပဲ စာရေးဆရာက စာဖတ်သူကို "စကားပြော"လိုက်တာပါပဲ။

ပိုက်ဆံလိုနေတဲ့ လူနှစ်ယောက် ပိုက်ဆံရှာတဲ့အကြောင်းဟာ သာမန်ကိစ္စပါ။ အထူးသဖြင့် "ဘဝသရုပ်ဖော်"လို့ ဆိုင်းဘုတ်တပ်တဲ့ ဝတ္ထုတွေမှာ ဇာတ်ပြားအက်အက်နဲ့ အပ်သွားတွေလည်း သံချေးတက်လှပါပြီ။

ခု သည်ဝတ္ထုမှာ ထူးခြားတာက ပိုက်ဆံလိုနေတဲ့၊ တစ်နည်းအားဖြင့် ဆင်းရဲချို့တဲ့နေတဲ့ လူနှစ်ယောက်ဟာ "အလုပ်မလုပ်ဘဲ ထိုင်ငတ်"ပြီး ညည်းတွားနေတဲ့ လူအညံ့စားတွေ မဟုတ်တာပါပဲ။

နှစ်ယောက်စလုံး အလုပ်ကိုယ်စီနဲ့။

တစ်ယောက်က တရားရုံးစာရေးကြီး၊ တစ်ယောက်က လက်ထောက်အကူ။ လုပ်ရင်းငတ်ပြီး လော်ရင်းနစ်နေတဲ့ စာနာဖွယ် လူနှစ်ယောက်။

ကြည့်ပါဦး၊ စာရေးကြီး ဆရာတပည့်နှစ်ယောက် ပိုက်ဆံလိုလို့ ဖားထွက်ရိုက်သတဲ့။

တရားရုံး စာရေးကြီးပဲ ဒီလောက် ငွေကြေးကတော့ "လက်ဖက်ရည်ဆိုင်"မှာတွင် "ဖြစ်"ပါတယ်။ လွယ်လွယ်ကလေး "ဖြစ်"ပါတယ်။

mgyoe.com

mgyoe.com

"လက်ဖက်ရည်" ကြိုက်တတ်ရင်ပေါ့လေ။

ဒါပေမဲ့ ဖားကောက်ပြီး ပိုက်ဆံရှာကြသတဲ့။ လုပ်အားနဲ့ ရင်းပြီး ထိုက်ထိုက်တန်တန် ပိုက်ဆံရှာယူတဲ့ အာဂလူနှစ်ယောက်ပါပဲ။ ဒီခေတ်ထဲမှာ တွေ့နိုင်ခဲ့ယဉ်းတဲ့ "စူပါမင်း"လို့ ပြောမလား။

ဟင့်အင်း။

ရပ်ကွက်ထဲမှာ မနက်ခင်းနဲ့ ညနေဘက် အကြော် ကြော်ရောင်းနေတဲ့ အ–မ–က ကျောင်းအုပ်ဆရာမကြီးတို့၊ ကွမ်းယာ ဆေးလိပ်ဆိုင်ဖွင့်ထားတဲ့ ရုံးအုပ်ကြီးတို့၊ အပ်ချုပ်ဆိုင်မှာ လက်ချုပ် အငှားလိုက်နေတဲ့ စာရေးမကလေးတို့၊ ဆိုက်ကားအငှားထွက်နင်းတဲ့ စာရေးကြီးတို့ ရှိနေတာပဲ။

ဒီဝတ္ထု ဖတ်အပြီးမှာ အဲသည်လူတွေကို တခုတ်တရ သတိရလာတယ်။ ကိုအေးသောင်နဲ့ ကိုပေါလူကို လေးစားစာနာမိတာနဲ့အမျှ ရပ်ကွက်ထဲက ဘဝတူတွေကို လေးစားချစ်ခင် စာနာစိတ်တွေ အထူးဝင်လာတယ်။

လောကခံကို ရိုးသားစွာ အန်တုနေကြတဲ့ ဘဝတူတွေ ရှိနေပါကလားရယ်လို့ ကျွန်မ အားတက်ပါတယ်။ ဒီလို ရိုးသားသော ဘဝတူလူဆင်းရဲတွေ ဖွဲ့စည်းနေထိုင်ကြတဲ့ ပတ်ဝန်းကျင်ကို ကျွန်မ ယုံကြည်တယ်။

လူ့အဖွဲ့အစည်းနဲ့ လူ့လောကကို ချစ်မြတ်ယုံကိုးစိတ် ဖွံ့ဖြိုးစေတဲ့ ဝတ္ထုတစ်ပုဒ်အဖြစ် နှစ်လိုအားကျခြင်းများစွာနဲ့ ကျွန်မ သတင်းကောင်းပါးလိုတာပါပဲ။

အားကျသော်လည်း အလားတူ ဝတ္ထုမျိုး ဖန်တီးဖို့ တယ် မလွယ်လှဘူးထင်ပါတယ်။

လှော်ရင်းနစ်နေတဲ့ လူဆင်းရဲတွေရဲ့ဘဝကို သရုပ်ဖော်နိုင်ဖို့ "မြတ်သင်း"လို စေတနာ၊ စာနာခြင်းများနဲ့ တကယ်ရင်ခုန်ဖို့ လိုပါလိမ့်မယ်။

အူမ မတောင့်လို့ သီလမစောင့်နိုင်ရှာသူတွေကြားမှာ အူမ မတောင့်သော်လည်း သီလစောင့်နေကြတဲ့ အာဂလူတွေကို ကျွန်မ ပိုပြီး စိတ်ဝင်စားပါတယ်။ တလေးတစား ရေးဖွဲ့ချင်ပါတယ်။

သီလပျက်သူတိုင်းဟာလည်း အစာအိမ်တစ်ခုတည်းအတွက်တော့

mgyoe.com

mgyoe.com

မပယ်ဖျက်နိုင်ပါဘူး။

ခိုးရပါတယ် ငတ်လို့။

ပျက်ရပါတယ် ငတ်လို့ဆိုတဲ့ အကြောင်းပြချက်ဟာ အခါခပ်သိမ်း မမှန်ပါဘူး။ ဒီအကြောင်းပြချက်ဟာ လိပ်ပြာငယ်သော စာဖတ်သူကို ဘဝရေတိမ်ထဲ ဆွဲနှစ်နေတဲ့ အောက်လမ်းကဝေရဲ့ စက်ကြိုးအပြတ်အစနဲ့ တူပါတယ်။ ဖြတ်ချသူက ဖြတ်ချထားပေမဲ့ ဟိုတစ်စ သည်တစ်စ ကျဲပြန့်နေလေတော့ မတော်တဆနင်းမိရင်လည်း အန္တရာယ်ပါ။ ချော်လဲရင်လည်း အန္တရာယ်ပါ။

သည်အချိန် သည်အခါမျိုးမှာ ခေတ်ပြိုင်ထဲက စေတနာသန့်သော စာရေးဖော်တစ်ဦးရဲ့ တာဝန်ကျေသော ဝတ္ထုတိုကလေးတစ်ပုဒ်ကို ခံစားခွင့်ရတဲ့အတွက် အနုမောဒနာ ပြုရပါတယ်။

"ဝိညာဉ်လိပ်ပြာ သန့်စင်ခြင်း"ဟာ ဘယ်တော့မှ လက်ပန်းမကျနိုင်တဲ့ ခွန်အားတစ်ရပ်ဖြစ်ကြောင်း ကျွန်မ ပိုလို့ယုံကြည်သွားပါပြီ။

(၁၉၈၈ ခုနှစ်၊ မေလ၊ ရှုပ်ရှင်အမြုတေမဂ္ဂဇင်း)

❖

mgyoe.com

mgyoe.com

# သတင်းဝတ္ထု (၅)

၁၉၈၈ နှစ်ဦးကာလ တစ်နံနက်ခင်းမှာ လုံမလေးမဂ္ဂဇင်းကတစ်ဆင့် စာတစ်စောင် ရခဲ့ပါတယ်။

ပခုက္ကူမြို့ ဖျောက်ဆိပ်တန်းရပ် စိတ္တသုခလမ်းက ဒေါ်တင်တင်စိန်တဲ့။ သီဝေမှုန်မှေးတဲ့ မိန်းကလေးလက်ရေးမျိုး မဟုတ်ပါဘူး။ ရှင်းလင်းပြတ်သားတဲ့ ရေးဟန်နဲ့ အပင့်အရစ် အဆွဲအငင်တွေကိုက စာရေးသူရဲ့ စရိုက်ကို ခန့်မှန်းလေးစားဖွယ်ရာပါ။

သူပေးတဲ့ စာထဲက စာကြောင်းတချို့ကို ထုတ်နုတ်ဖော်ပြလိုက်ပါရစေ။

". . . စမ်းစမ်းနွဲ့ စာတိုင်းကို မလွတ်တမ်း ဖတ်ပါတယ်။ လုံးချင်းထွက်သမျှကိုလည်း (ဝယ်ထားတဲ့အထိ) ဖတ်ပါတယ်။ ပထမဆုံး စာအုပ်သာပဲ ဘယ်လိုမှ ရှာမရလို့၊ ထွက်တာလည်း မသိလိုက်လို့ မဖတ်ရသေးတာ ရှိပါတယ်။ လစဉ်ထုတ်မဂ္ဂဇင်း အုပ် ၂၀ နီးပါးလောက် လတိုင်းဖတ်ရာမှာလည်း စမ်းစမ်းနွဲ့ကို အရင်ဆုံးရှာပြီး စ,ကိုင်တာချည်းပါပဲ။

. . . အဲဒါ ခု နောက်ပိုင်း ဝတ္ထုတော်တော်များများမှာ စီးကရက်သောက်တာကို ထည့်ထည့်ရေးနေတာ တွေ့ရလို့ ဘဝင်မကျနိုင် ဖြစ်နေ

mgyoe.com

mgyoe.com

ရပါတယ်။ စာဖတ်သူတွေ အားကျပြီး စီးကရက်သောက်သူတွေ ပွားများလာစေချင်လို့လား။ ဒါမှမဟုတ် နိုင်ငံခြားစီးကရက်သောက်တာကို ကြွားပြချင်တာလား။ (အခု လုံမလေးက အလွမ်းနှင်းဆီ ဖတ်လျက်တန်းလန်းပါ။)

. . . စမ်းစမ်းနွဲ့စာကို တွေ့လိုက်တာနဲ့ နှစ်နှစ်ခြိုက်ခြိုက်ကြီး နစ်မျောလိုက်ပါနေတုန်းမှာပဲ စီးကရက်သောက်တဲ့နေရာ ရောက်တယ်ဆို စာထောင့်သလိုဖြစ်ပြီး အရှိန်တန့်သွားတော့တာပါပဲ။ ကြည့်လုပ်ပေးပါဦး ဆရာမ။ ဒါထက်လည်း ကျွန်မ မရေးတတ်တော့ပါဘူး။ ဒါပါပဲ . . .”တဲ့။

ဆရာမရဲ့ အမြဲတမ်း စာဖတ်ပရိသတ်တစ်ဦးလို့ အထူးပြုပြီး လက်မှတ်ထိုးထားပါတယ်။

ကိုယ့်ကိုယ်ကိုယ် အတွေးပြတ်တယ်လို့ တော်တော်စိတ်ချထားတဲ့ ကျွန်မ “တွေ”သွားတယ်။

ကျွန်မ အကြောင်းပြ အယူခံထုချေ ရှင်းလင်းစရာတွေ ဘယ်လောက်ပဲရှိရှိ ကျွန်မရဲ့ အမြဲတမ်း စာဖတ်သူတစ်ယောက်အဖို့ သို့လော . . . သို့လော . . . တွေးတော်စရာ ဖြစ်ပြီဆိုကတည်းက ကျွန်မ စောဒက မတက်သင့်တော့ပါဘူး။ ကျွန်မ ညံ့လို့၊ အမှားအယွင်း ရှိလို့ပါပဲ။

ပြန်စဉ်းစားကြည့်ပါတယ်။

ပေဖူးလွှာမဂ္ဂဇင်းမှာ “အဖော်”ဆိုတဲ့ဝတ္ထု ကျွန်မ ရေးဖူးပါတယ်။ ဝတ္ထုရဲ့ ဦးတည်ချက်ကိုက “ဆေးလိပ်သာ ကျွန်မရဲ့ အဖော်”လို့ ပြောထားတာပါ။ ချစ်ဖော်ချစ်ဖက် မရှိ၊ ရဲဘော်ရဲဘက် မရှိတဲ့ကာလမှာ ဆေးလိပ်ကို အဖော်လုပ်ရင်း ထွေပြားနေရတဲ့ဘဝကို ညွှန်းချင်တာပါပဲ။ ဆေးလိပ်အသောက်များရင် ထုံထိုင်းလာတယ်ဆိုတာ သိလျက်နဲ့ ခပ်ထုံထုံ ခပ်ထိုင်းထိုင်း ခပ်ထွေထွေပဲ တွေးတော့ ရေးတော့မယ်လို့ အဆုံးသတ်ခဲ့ပါတယ်။

ဒါဟာ ဒူးယားကြော်ငြာဝတ္ထုမျိုး ဖြစ်လိမ့်မယ်လို့ ကျွန်မ မစဉ်းစားမိခဲ့ပါဘူး။ ကိုယ့်သဘာဝအတိုင်း ချိတ်တိတ်တိတ် ရိပ်တိတ်တိတ်၊ ငေါ်တော်တော် လုပ်လိုက်တာပါ။

ဒေါ်တင်တင်စိန် ဖတ်နေဆဲဆိုတဲ့ လုံမလေးထဲက “အလွမ်းနှင်းဆီ” မှာလည်း ဇာတ်ဆောင်စရိုက်အရ ဆေးလိပ်သောက်ပါတယ်။

mgyoe.com

mgyoe.com


အရှိန်အဝါ ထြဇာကြောင့် ကပ်ရပ်မြှောက်စားနေသူ တစ်စုကြားမှာ လောကရေးရာ ဘာမှမသိတဲ့ ဂန္ထဝင် ကတော်ဟောင်းကြီး ဒေါ်ခင်မလတ်ကို ဖီဆန်တဲ့အနေနဲ့ ဆေးလိပ်သောက်ပြလိုက်တာပါပဲ။ ဆေးလိပ်သောက်တဲ့ ဝတ္ထုဇာတ်ဆောင် စုစုထားက အသက်လေးဆယ်လည်း ကျော်ပါပြီ။ စာရေးဆရာတစ်ယောက်လည်း ဖြစ်ပါတယ်။

အဲဒီတုန်းက ဒူးယား သိပ်ရှားပါတယ်။ ဒူးယားနဲ့ နိုင်ငံခြား စီးကရက် ဈေးနှုန်းချင်း နင်လားငါလား ယှဉ်နေတာကို ဆေးလိပ်သောက်ရင်း စုစုထားက ပြောပြတော့ ဂန္ထဝင် ဒေါ်ခင်မလတ်ကြီး သိပ်အံ့သြနေတယ်။

သူ တကယ် မသိရှာပါကလားလို့ စကားတွေ ဆက်မယ်ကြံတော့ သူ့အနားက အစေအပါးတွေက ဖုံးရတာနဲ့ ပိတ်ရတာနဲ့ ပြောခွင့်မသာခဲ့ဘူး။

စုစုထား ကြိုးစားကြည့်တယ်။ ဖုန်းနံပါတ်ကလေးရလာလို့ ဆက်မယ် ကြံတော့လည်း ကြားလူတွေနဲ့ပဲ စခန်းပြတ်ခဲ့ရတယ်။ မကြာခင်မှာပဲ "ရတ်တရက် ကွယ်လွန်ခြင်း"ဆိုတဲ့ အထူးပြုချက်နဲ့ ဒေါ်ခင်မလတ်ရဲ့ နာရေးကြော်ငြာကို တွေ့လိုက်ရတယ်။

လူတစ်စုရဲ့ အလိမ်အညာခံရင်း လူများစုရဲ့ ကဲ့ရဲ့သင်္ဂြိုဟ် အပြစ်ဆိုဖွယ် လူကြီးတစ်ယောက်ဘဝနဲ့ မလှမပ ဇာတ်သိမ်းသွားရတဲ့ ဇာတ်လမ်း တစ်ပုဒ်ပါ။ ကျွန်မရဲ့ ကိုယ်တွေ့ဟာ အားလုံးရဲ့ ကိုယ်တွေ့ ဖြစ်နိုင်မလားလို့ အားလုံးဖတ်ဖို့ ရေးလိုက်တာပါပဲ။

သို့သော် ကျွန်မရဲ့ အမြဲတမ်း စာဖတ်သူတစ်ဦးက အချိန်ကုန် အလုပ်ပျက်ခံပြီး တခုတ်တရ ဝေဖန်ရေးလိုက်တဲ့စာအရ ကျွန်မမှာ အမှားအယွင်း တွေ ဖြစ်ခဲ့ရပါပြီ။ ပိုးသတ်ပေါင်းသင်ရင်းက အဖူးတွေ ခြွေမိလျက်သား ဖြစ်ရပါပြီ။

ကျွန်မမှာ ဒေါ်တင်တင်စိန်လို ရိုးရှင်းပွင့်လင်းပြတ်သားပြီး အတ္တကင်းစွာ ဝေဖန်ပေးတတ်တဲ့ စာဖတ်မိတ်ဆွေများ ရှိပါတယ်။ ဒါတစ်ခုတော့ ကုသိုလ်ကံ အကျိုးပေးကောင်းသူအဖြစ် ကြည်နူးစရာပါပဲ။

တစ်ခါတုန်းကလည်း ငွေတာရီမဂ္ဂဇင်းမှာ ရေးခဲ့တဲ့ ကျွန်မရဲ့ ဝတ္ထုတိုတစ်ပုဒ်နဲ့ ပတ်သက်လို့ စာပေမိတ်ဆွေ ကိုတင်အောင်သွင် (ပန်းတနော်)က စာလှမ်းရေး ဝေဖန်ပေးပါတယ်။

mgyoe.com

mgyoe.com

အေဝမ်းတင်တင်လှ သီဆိုခဲ့တဲ့ "ဖူးရွှေလက်တင်"သီချင်းကို "ပျဉ်းမနား သင့်သင့်နွယ်" ရေးတယ်လို့ ကျွန်မ အသိအမှတ်လွဲခဲ့မိတဲ့အတွက်ပါပဲ။ ဒီသီချင်းကို အဆိုတော် "ထား"ရဲ့အစ်ကို ကွယ်လွန်ရှာသူ "ကိုမျိုးဆက်" ရေးခဲ့တာပါ။ ကိုတင်အောင်သွင်ရဲ့ စာကိုဖတ်ရမှ ကျွန်မ ပြန်ရှာကြည့်တော့ တကယ်တကယ်စင်အောင် ကျွန်မ မှားခဲ့ပြီးပြီ။

တစ်ချိန်တည်းမှာပဲ အစ်ကိုကြီး မောင်သင်းခိုင်(ပျဉ်းမနား) က သည်အမှားအတွက် ရယ်ကာမောကာ အိမ်တိုင်ရာရောက် လာဆဲတော့၊ လာချဲတော့ ခေါင်းငုံ့ဝန်ခံနေရတာပါပဲ။

အလားတူပဲ၊ ကျွန်မရဲ့လုံးချင်းဝတ္ထုတစ်ပုဒ်မှာ တန်ဆောင်မုန်းလပြည့်ကျော်တစ်ရက်နေ့ ကထိန်ခင်းတဲ့အကြောင်း ဖွဲ့မိလို့ "ကထိန်ဆိုတာ တန်ဆောင်မုန်းလပြည့် မတိုင်မီ ခင်းရတယ် ဒါယိကာမကြီးရဲ့"လို့ စတော့ ကိတ်ပညာရာမိက မဟာကျောင်းတိုက်က စာသင်သား သံဃာတော်တစ်ပါးက အမှားလှမ်းထောက်ပြီး စာရေး ဝေဖန်ပေးခဲ့ပါတယ်။

ကျွန်မ ဒါတွေ ပြန်ရေးပြနေတာဟာ ရှက်ဖွယ်ကောင်းမှန်း မသိလို့ မဟုတ်ပါဘူး။ ရှက်လွန်းလို့ အဲသည်စာမျက်နှာတွေကို ပြန်မကြည့်ဝံ့အောင်ဖြစ်နေတာ ခုထိပါပဲ။

"စာမျက်နှာ"ပေါ် မှားခဲ့တဲ့အမှားကို စာမျက်နှာတစ်ခုပေါ်က ဖွင့်ချဝန်ခံရင်း အနည်းအကျဉ်း နေသာထိုင်သာ ရှိမလားလို့ပါ။ ဖြေသာရာရမလားလို့ပါ။ လိပ်ပြာဆေးတဲ့သဘောပါ။

စွန်းထင်းပြီးတဲ့ ပစ္စည်းတစ်ခုဟာ ဘယ်လို ဆေးကြောပေမဲ့ ပကတိအတိုင်းတော့ မစင်ကြယ်နိုင်တော့ပါဘူး။ ဒါပေမဲ့ နောက်ထပ် အစွန်းအထင်း မများအောင်တော့ ကျွန်မ သတိကြီးစွာ ဂရုစိုက်တတ်ပါပြီ။

ပုထုဇဉ်ပီပီ အပြစ်ရှိတဲ့အခါ အာပတ်ဖြေရပါတယ်။

စာမျက်နှာပေါ် မှားခဲ့တဲ့ အမှားကို စာမျက်နှာပေါ်မှာ အာပတ်ဖြေရသလိုပဲ။ လောကမျက်နှာပေါ် ကျူးလွန်ခဲ့တဲ့အပြစ်ကို လောကမျက်နှာပေါ်မှာ အာပတ်ဖြေနေရသူတွေ ကျွန်မ ကြုံဖူးပါတယ်။

ကျွန်မရဲ့ မိတ်ဆွေ အမျိုးသမီး ဆရာဝန်ကြီးတစ်ယောက်ဆိုရင် ဘွဲ့လွန်အတွက် နိုင်ငံခြားမှာ ပညာသင်စဉ်က လူနာတစ်ယောက်ကို

mgyoe.com

ခွဲစိတ်ရင်း သူ့ပေါ့ဆချက်တစ်ခုကြောင့် လူနာဆုံးပါးခဲ့ ရဖူးသတဲ့။ ဒီအမှားအတွက် ဆောက်တည်ရာမရဖြစ်ပြီး နှင်းတောထဲမှာ ဦးတည်ရာ ကားလျှောက်မောင်းနေတုန်း စွန့်ပစ်ထားတဲ့ မွေးကင်းစကလေးတစ်ယောက် တွေ့လို့ ကောက်ယူပြီး ကယ်တင်ခြင်း ဂေဟာတစ်ခုကို ပို့ပေးခဲ့တယ်တဲ့။

ဒီကလေး အသက်ရှင် ကျန်းမာနေတဲ့သတင်းကို ကြားသိနေသရွေ့ သူနေသာထိုင်သာ ရှိသတဲ့။ ဖြေသာရာ ရသတဲ့။

ကျွန်မရဲ့ အစ်ကိုကြီးတစ်ယောက်ကတော့ ဝန်ထမ်းဘဝတုန်းက သူ့ရဲ့ မကျွမ်းကျင်မှုကြောင့် အလေအလွင့် အဆုံးအရှုံးတွေ ဖြစ်ခဲ့ရတယ်ဆိုပြီး ယစ်ထုပ်ကြီးဘဝနဲ့ နှစ်ပေါင်းများစွာ စိတ် ကစဉ့်ကလျား ဖြစ်ခဲ့ဖူးပါတယ်။

ခုတော့ မြန်မာပြည် တောင်ဖျား ဒေသစွန်မှာ အများအကျိုး တစ်နိုင်သယ်ပိုးရင်း သူ့ဘဝသူ ဆောက်တည်ရာရနေပါပြီ။

အမှားတစ်ခုအတွက် အမှန်အများကြီးလုပ်ရင်း "ဖြေ"ကြရတာပါပဲ။

စာမျက်နှာပေါ်မှာ စာရေးဆရာတွေ မှားကြသလို လောကမျက်နှာပေါ်မှာ လောကသားတွေ အမျိုးမျိုး မှားနေကြဆဲပါ။

ဒါကြောင့် စာပေဝေဖန်ရေးသာမက အများကောင်းကျိုး ထိခိုက်နစ်နာစေတဲ့ အမှားဟူသရွေ့ စေတနာအရင်းခံနဲ့ ထောက်ပြမယ့် "လောကဝေဖန်ရေး"တွေကို ကျွန်မ မြင်ချင်ကြားချင်လှပါတယ်။

ဝေဖန်ရေးဆိုတာ စာပေလောက ကျဉ်းကျဉ်းလေးထဲတွင် တွန်းတိုက် တိုးဝှေ့မနေဘဲ ကျယ်ပြောတဲ့ လူ့လောကအဝန်းကို တောင်ဟုန်ရိက်ခတ် ပျံသန်းနိုင်မှသာ အရပ်ကိုးမျက်နှာ (အရှေ့၊ အနောက်၊ တောင်၊ မြောက်၊ ထောင့်လေးထောင့်နဲ့ အထက်ဘဝဂ် မကျန်) လင်းလက် သန့်စင်လာနိုင်လိမ့်မယ် ယုံပါတယ်။

**(၁၉၈၈ ခုနှစ်၊ ဖွန်လ၊ ရုပ်ရှင်အမြုတေမဂ္ဂဇင်း)**

❖

mgyoe.com

mgyoe.com

# သတင်းဝတ္ထု (၆)

အသက်ငါးဆယ်ပြည့်ရင် မဂ္ဂဇင်းတစ်ခု လုပ်မယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ အသက်လေးဆယ်ပြည့်နှစ်တုန်းက မှတ်မှတ်ရရ မဂ္ဂဇင်းတစ်စောင်သက်ဆိုင်ရာကို လျှောက်ထားခဲ့ဖူးပါတယ်။ လျှောက်လွှာသက်တမ်း သုံးနှစ်လောက်အတွင်းမှာ လျှောက်လွှာတင်ရုံကလွဲပြီး ဘာတစ်ခုမှ ဆက် မလှုပ်ရှားခဲ့ပါဘူး။ စက္ကူအခက်အခဲကြောင့် လက်ရှိ မဂ္ဂဇင်းတွေတောင် တစ်ရစ်ပြီးတစ်ရစ် ခွဲတမ်းလျှော့လာလို့ ပြင်ပစက္ကူနဲ့ ကျားကန်နေရတဲ့ ကာလမျိုးမှာ မဂ္ဂဇင်းအသစ်တစ်စောင် ထုတ်ဝေခွင့်ရဖို့ဆိုတာ မျှော်လင့်မနေချင်ဘူးလေ။ လက်ရှိ အခြေအနေကလည်း ကျွန်မအနေနဲ့ စာရေးခြင်းအလုပ်ကို အဓိကထားပြီး အားထုတ်ရမယ့် အချိန်ဖြစ်နေပါတယ်။ စာရေးဖို့အတွက် စိတ်အားထက်သန်တုန်း။ စာရေးခြင်း အတတ်ပညာနဲ့ အတန်အသင့် လုံခြုံတဲ့ မိသားစုဘဝကလေးကို "ထိန်း"ထားလို့ ရနေတုန်းဆိုတော့ အာရုံလည်း မပြန့်ချင်ပါဘူး။ မဂ္ဂဇင်း ချက်ချင်း ထလုပ်ဖို့ စိတ်ကူးထဲထည့်ပြီး ယောင်လို့မှ မစဉ်းစားမိပါဘူး။ ဒါပေမဲ့ ခေတ်ရဲ့နရီစည်းဝါးဟာ ဒစ္စကိုစည်းချက်လို၊ ရော့ခ်ဂီတလို အင်မတန် မြန်ဆန်လှုပ်ရှားပြောင်းလဲနေတယ်။ အခြေအနေအရပ်ရပ် ပေါင်းစပ်ထားတဲ့ "ခေတ်"ဟာ စည်းသုတ်

mgyoe.com

mgyoe.com


စည်းမြန်နဲ့ကို ရွှေ့လျားနေတာပါ။ ဟိုတုန်းက "ခေတ်"ကို "ရေအလျဉ်"နဲ့ တင်စားခဲ့ကြဖူးပါတယ်။ "ခေတ်ရေလျဉ်"ဆိုတဲ့ ဝေါဟာရ ရေပန်းစားခဲ့ဖူး ပါတယ်။

ခုခါမှာတော့ ခေတ်ရေလျဉ်ဆိုတဲ့ စကားလုံးဟာ ကျွန်မတို့နဲ့ စိမ်းကား သွားလို့နေပါပြီ။ အရှိန်အဟုန်နဲ့ ရွှေ့လျားနေပုံဟာ စီးမျောခြင်းလား၊ ဝဲလှည့်နေခြင်းလား။ ဝဲကတော့မှာ လှည့်လည်နေဆဲဆိုရင်လည်း စုပ်ဝဲ လား၊ မှုတ်ဝဲလား၊ မြုပ်ဆဲလား၊ ပေါ်ဆဲလား အတော်ပဲ စဉ်းစားစရာ ဖြစ်ပါ တယ်။ မဂ္ဂဇင်းတွေ၊ လုံးချင်းတွေ တစ်စစ အင်နဲ့အားနဲ့ စီးဆင်းလာတဲ့ ရေစီးကြောင်းဟာ ခုတော့ တင်ထုတ်ဆိုတဲ့ စာစောင် မဂ္ဂဇင်းမျိုးစုံ တောင်ကျ ရေဆင်းသလို ဝေါခနဲ၊ ဝေါခနဲ ဒလဟော စီးမျောလာပြန်ပါပြီ။ တောင်ကျ ရေအလျဉ်ကို ငေးမောရင်း ရှော့ခ်စည်းချက်နဲ့ ရင်ခုန်ပြီး ခရမ်းပြာမြင်းရိုင်း ဒုန်းစိုင်းလာတဲ့ ခွာသံတွေကို နားစွင့်နေကြတဲ့ မျိုးဆက်သစ်လူငယ်တစ်စု ဟာ တစ်နေ့တော့ ကျွန်မရှိရာကို "ခတ်ကွင်း"ပြင်ပြီး ရောက်လာခဲ့ကြပါ တယ်။

"အိပ်မက်ဖူး"ဆိုတဲ့ လေ့ကလေးနဲ့။

"အိပ်မက်ဖူး"ဆိုတဲ့ နာမည်ဟာ ဝတ္ထုရေးတဲ့ စမ်းစမ်းနွဲ့ အတွက် သည်းခြေကြိုက်နာမည် မဖြစ်နိုင်ပါဘူး။

ဒါပေမဲ့ သည်နာမည်ဟာ မောင်သာချို၊ ကိုခင်လွန်းနဲ့ နေစိမ့်တို့ရဲ့ ရင်ခုန်သံဖြစ်နေတယ်။ အသက်အရွယ်နဲ့ အတွေ့အကြုံချင်း ကွာခြားကြ လေတော့ ရင်ခုန်သံချင်းလည်း ဘယ်တူနိုင်ပါ့မလဲလေ။

တစ်ခု ကျွန်မ နားလည်မှုရလိုက်တယ်။ ရှင်းသန့်လတ်ဆတ်တဲ့ ရင်ခုန်သံဖြစ်တယ် ဆိုတာပါပဲ။ ဟုတ်တာပေါ့။ မိုးမသောက်ခင်တော့ အိပ်မက်ကိုယ်စီ မက်နေကြစမြဲပေါ့။ အိပ်မက်ဆိုတာ ပုထုဇဉ်တို့ရဲ့ အစွဲ အလမ်း စိတ်ဖြေပွဲမဟုတ်လား။

ခြားနားတဲ့သံစဉ်တွေကို ညီညွတ်စွာ ပေါင်းစပ်ခြင်းအားဖြင့် ချိုမြတဲ့ ဂီတတွေ ဖြစ်ပေါ်လာရတာပဲ။ သည်ယုံကြည်ချက်နဲ့ "အိပ်မက်ဖူး"ကို စုစည်းပြင်ဆင်ခဲ့ကြပါတယ်။

ဝတ္ထုရေးတဲ့ စမ်းစမ်းနွဲ့(သာယာဝတီ)ဟာ အိပ်မက်ဖူးမှာ "စာတည်း

mgyoe.com

mgyoe.com


ချုပ်" ဖြစ်သွားပါတယ်။

တာဝန်ခံစီစဉ်သူ မောင်သာချို့နဲ့ စာတည်းအဖွဲ့က ကျွန်မကို "အိပ်မက်ဖူး" အတွက်နဲ့တော့ ခုချိန်မှာ စာရေးမပျက်စေနဲ့နော်။ ခေါင်းခြောက်မခံနဲ့နော်လို့ လုပ်အားမပေးရခင်ကတည်းက ကြိုတင်ဘောနပ်(စ်) (ဆု)ပေးထားကြပြီးသားပါ။

စာရေးခြင်းကိစ္စဟာ ကျွန်မရဲ့ အသက်မွေးဝမ်းကျောင်းကိစ္စဆိုတာ သူတို့နားလည်ထားကြရုံမက စာရေးမြဲ ရေးနေစေချင်တဲ့ စေတနာ အရင်းနဲ့ အခွင့်အရေးပေးကြတာလည်း ဖြစ်ပါတယ်။

သည်အနေအထားနဲ့ "စာတည်း" (သို့မဟုတ်) အယ်ဒီတာဆိုတဲ့ အတွေ့အကြုံသစ်တစ်ခုကို စတင်ဖြတ်သန်းနေပါပြီ။

မျှဝေကြည်နူးနိုင်ကြတဲ့ ချစ်မိတ်ဆွေများ စာစောင် မဂ္ဂဇင်းများက ပန်းသတင်း လေညင်းဆောင်ပေးကြလို့ အိပ်မက်ဖူးရနံ့ ပျံ့ဝေလှိုင်ကြူဆဲ ...

စာတည်းစားပွဲပေါ်ကို ရေးတဲ့စာ၊ ပေးတဲ့စာ၊ မေးတဲ့စာတွေ တဖွဲဖွဲရောက်လို့နေဆဲ . . .

တစ်နေ့သောကာလ၊ တစ်ခုသော နံနက်ခင်းမှာ နယ်က စာပေမိတ်ဆွေ တစ်ယောက် အိမ်တံခါးခေါက်ပြီး ဝင်ရောက်လာပါတယ်။

"ဆရာမ ကျွန်တော်တော့ ဖောင်ဖျက်ခဲ့ပြီ"

"ရှင် . . ."

"ဆရာမတို့ မဂ္ဂဇင်းလုပ်တော့မယ်ဆိုလို့ ကျွန်တော်လည်း စာပေလောကထဲ ခြေစုံပစ်ဝင်ဖို့ စိတ်နှလုံး တုံးတုံးချလိုက်ပြီ ဆရာမ။ ဇောက်ချပြီး စာတွေရေးတော့မယ်။ အိပ်မက်ဖူးမှာ လစဉ် ဝင်ရေးတော့မယ် . . ."

"အဲ . . ."

"နှစ်ရာလောက်ရရင် ကျွန်တော် ရန်ကုန်မှာ စားလောက်ပါတယ်။ နယ်ကအလုပ်ကတော့ အပြီးအပိုင် ထွက်စာတင်ခဲ့ပြီ။ "စာရေး"အလုပ်လုပ်ရတာ လက်ကို မီးဖုတ်ခံရသလို (ကြည်အေးရဲ့ ကိုထွေးနှင့် မခင်မေဝတ္ထုတိုထဲမှ စကားလုံးဖြစ်ကြောင်း ဖျတ်ခနဲ သတိရလိုက်ပါတယ်)ပါပဲ ဆရာမရယ်။ မိန်းမနဲ့ ကလေးတွေကို ရှိတာရောင်းချစားကြလို့ မှာပစ်ခဲ့တယ်။ လောလောဆယ်တော့ ကလေးတွေ ကျောင်းနုတ်ချင် နုတ်ထားရ

mgyoe.com

mgyoe.com


မှာပဲ။ သားအကြီးက ရှစ်တန်း ဆယ့်သုံးနှစ်သားဆိုတော့ ကားဂိတ်မှာ တောက်တိုမည်ရ လုပ်လည်း ဖြစ်ပါတယ်။ အိမ်က ကားဂိတ်နဲ့လည်းနီး တော့ မိန်းမနဲ့ ကလေးတွေ ဈေးရောင်းစားတောင် ငတ်တော့မငတ်ပါဘူး"

"ဟောတော်"

ရုတ်တရက် တုံ့ပြန်ပြောစရာ စကားလုံး ရှာမရ။ သူ့စိတ်အား ထက်သန်မှုအလံကို စာတည်းစားပွဲမှ ကြိုးဆီးမလှဲရက်လို့ပါ။

"ဆရာမ ဘာတွေငေးနေတာလဲ။ ဆရာမတို့ မဂ္ဂဇင်းက နွေးနွေး ထွေးထွေး မကြိုဆိုနိုင်ဘူးလားဗျာ။ ဆရာမ ကျွန်တော့်ကို မယုံဘူးလား"

တက်ကြွထက်သန်မှု အစွန်းရောက်လုလု၊ လျှောကျကွဲကြေ အုံ့မှုံးမှုံး အနေအထားပါ။

"ယုံပါတယ်၊ ဝတ္ထုရေးတတ်တယ်ဆိုတာ ယုံပါတယ်။ အဲသလို ယုံရ မယ့်လူတွေ အမြောက်အမြားကို မဂ္ဂဇင်းတွေက တစ်လှည့်စီ နေရာပေး နေကြတာပါပဲ။ ဒါပေမဲ့ ဒီလောက်နဲ့ ဘဝရပ်တည်လို့ ဘယ်ဖြစ်နိုင်ပါ့မလဲ ရှင်။ နယ်ကအလုပ် ထွက်လာခဲ့တာ မှားတာပဲ"

"မှားတယ်ပြောလည်း ကျွန်တော် စွန့်လွှတ်ရဲတယ် ဆရာမ။ တစ်လ နှစ်ရာလောက်နဲ့ ကျွန်တော် လုံလောက်ပါတယ်"

"နယ်က ရှင့်မိန်းမနဲ့ ကလေးတွေ ဘယ်လိုထားမလဲ"

"လောလောဆယ်တော့ မငတ်နိုင်သေးပါဘူး ဆရာမ၊ ကျွန်တော် မအောင်မြင်ခင်တော့ တုံးပေကတ်သတ် ရုန်းကြရမှာပေါ့"

"မအောင်မြင်ခင်ဆိုတဲ့ စကားကို ရှင်ကစပြီး သုံးတာနော်။ ကောင်း ပါပြီ၊ စာရေးခြင်းကိစ္စနဲ့ အသက်မွေးဝမ်းကျောင်းလုပ်လို့ မရခင်၊ ရှင်ပြော သလို မအောင်မြင်ခင်မှာ ဘာကြောင့် မိသားစု ဖရိုဖရဲ အဖြစ်ခံရတာလဲ"

"ယုံကြည်ချက်အတွက် ဒါလောက်တော့ စတေးရမှာပေါ့ဗျာ"

"ယုံကြည်ချက်ဆိုတာ ကျွန်မ သိပ်တော့ နားမရှင်းပါဘူး။ ဝါသနာ လို့သုံးရင် ပိုရိုးသားမလားပဲ။ ဘာပဲဖြစ်ဖြစ်လေ သားမယားရဲ့ ဘဝနဲ့ စတေးပြီး စာရေးမယ်ဆိုတာကတော့ တစ်ကိုယ်ကောင်းဆန်တာပဲ။ မိသားစု ရပ်တည်မှုအတွက် အလုပ်တစ်ခုလုပ်ရင်း စာရေးနေတာ ကောင်း သားနဲ့"

mgyoe.com

mgyoe.com

"အလုပ်တစ်ဖက်နဲ့ဆိုတော့ မလွတ်လပ်ဘူးလေ။ စိတ်ရှိသလောက် စာမရေးနိုင်ဘူး။ ရပါတယ်ဗျာ ဖြစ်သလိုပဲ။ ငတ်ချင် ငတ်ပါစေ၊ အငတ်ခံပြီး စာရေးတော့မယ်"

"အမယ်လေးလေ . . . စာရေးဖို့အတွက်နဲ့တော့ အငတ်မခံလိုက်ပါနဲ့။ ထက်သန်တဲ့ ရှင့်ယုံကြည်မှုကို ကျွန်မ လေးစားပါတယ်။ ဒါပေမဲ့ ဖျက်ခဲ့တဲ့ဖောင်ကို ပြန်စုစည်းပါရှင်။ ချိုးခဲ့တဲ့ တံတားကို ပြန်ဆောက်ပါ။ အရင်အလုပ်ကို ပြန်လုပ်ပါ။ မရရင်တော့လည်း အသက်မွေးဝမ်းကျောင်းအလုပ်တစ်ခုကိုရှာပြီး လုပ်ပါ။ အလုပ်လုပ်ရင်း စာရေးပါရှင်။ ကျွန်မ အတတ်နိုင်ဆုံး ကူပါ့မယ်"

"ဘယ်လိုလဲဗျာ၊ စာရေးတဲ့ကိစ္စကို အလုပ်လို့ ဆရာမ ကိုယ်တိုင်က လက်မခံဘူးလား"

"ရှင့်အတွက်တော့ "အလုပ်" မခေါ်နိုင်သေးဘူးလေ။ မအောင်မြင်ခင် ဘဝလို့ ရှင်ပဲ ဝန်ခံထားတယ်လေ"

"ဒါဖြင့် အလုပ်အကိုင်မရှိဘဲ စာမရေးရတော့ဘူးလား။ ဆရာမက ရဲဘော်စိတ်နဲ့ မကူညီနိုင်ဘူးလား"

"စားဝတ်နေရေး မပြေလည်ဘဲနဲ့ ရှင် စာဖြောင့်ဖြောင့် ရေးနိုင်မတဲ့လား။ စားဝတ်နေရေးအတွက် ဟောင်မင်းမြောက်မင်း မကယ်နိုင်တဲ့ အနေအထားမှာ ကျွန်မကူညီနိုင်တဲ့ အတိုင်းအတာ ရှင့်အတွက် ဘယ်လုံလောက်နိုင်ပါ့မလဲ။ ဒါကြောင့် မအောင်မြင်ခင်မှာ အလုပ်တစ်ခုခုလုပ်ရင်း စာရေးစမ်းပါ။ အလုပ်လုပ်နေတဲ့လူဟာ အတွေ့အကြုံ ပိုပြီး ကြွယ်ဝပါတယ်။ အတွေ့အကြုံနဲ့ရင်းပြီး ရေးတဲ့စာက ပိုပြီး ပြောင်မြောက်ပါတယ်"

"အတွေ့အကြုံဆိုတာ ကွင်းဆင်းလို့လည်း ရပါတယ်ဗျာ"

"ကွင်းဆင်းယူတဲ့ အတွေ့အကြုံနဲ့ ထိတွေ့လှုပ်ရှားရင်းရတဲ့ အတွေ့အကြုံ ဘယ်တူနိုင်ပါ့မလဲ ရှင်"

"ဒါဆို ကမ္ဘာကျော် "အာလူးစားသူများ" ပန်းချီကားရေးခဲ့တဲ့ ပန်းချီဆရာကြီး ဗင်ဆင့်ဗန်ဂိုးဟာ အာလူးပြုတ် ရောင်းခဲ့ဖူးလို့လားဗျာ။ ဗန်ဂိုးဟာ "နေကြာပန်း" ပန်းချီကား ရေးနိုင်ဖို့အတွက်လည်း နေကြာမစိုက်ခဲ့ရပါဘူး။ ထားပါလေ။ ကျွန်တော်ကတော့ ဆရာမအပေါ် စာပေ ယုံကြည်

mgyoe.com

mgyoe.com

မှုနဲ့ ဖောင်ဖျက်လာခဲ့တာပဲ။ အယ်ဒီတာဖြစ်သွားရုံလေးနဲ့ ဒီလောက် ပြောင်းလဲနေမယ် မထင်ခဲ့တာ ကျွန်တော့်အမှားပါ။ အေးစက်တဲ့ အယ်ဒီတာစားပွဲကို စာမှုလည်း မပေးချင်တော့ပါဘူး။ သွားမယ်"

ခရီးဆောင်အိတ်ကလေးကိုကောက်ဆွဲပြီး စိုက်စိုက်ကျောခိုင်းထွက်သွားတဲ့ မိတ်ဆွေကို ကျွန်မ မတားသာတော့ပါဘူး။

နောင်တများစွာနဲ့ ဝေးရီကျန်ရစ်ရတာ အမှန်ပါ။

နောင်တစ်ချိန်မှာ သူသာ ဒေါ်လာသုံးဆယ့်ကိုးသန်းကျော် (ကျပ်သိန်းပေါင်း နှစ်ထောင့်ငါးရာကျော်)တန် နေကြာပန်း ပန်းချီကားရေးခဲ့တဲ့ ဗန်ဂိုးလို အောင်မြင်ထင်ရှားလာခဲ့ရင် "အိပ်မက်ဖူးမဂ္ဂဇင်း"အတွက် ကျွန်မ နောင်တများစွာ ရလိမ့်ဦးမှာ။

ခုတော့ စေတနာရင်းနဲ့ ရင်တွင်းရှိသလို ပွင့်ပွင့်လင်းလင်း တားမြစ်မိတဲ့ အမှား။ သံတမန်သုံး ဘာသာစကားနဲ့ လှည့်ဖြားချွေးသိပ်ဖို့ နှုတ်လျှာမချိုသာမိတဲ့အမှား။ မိတ်ဆွေတစ်ယောက် ဆုံးရှုံးသွားရပါပြီ။

ဒါဟာ စာတည်းစားပွဲမှာ ကြုံတွေ့ရလိမ့်မယ်လို့ မျှော်လင့်မထားဖူးတဲ့ အဖြစ်အပျက်မို့ တော်တော်နဲ့ အာရုံထဲက ဖျောက်ဖျက်မရအောင် ရှိနေပါတယ်။ စကားစပ်မိလို့ မောင်ရင်းနှမလိုခင်မင်တဲ့ ဝါစဉ်ကြီး အယ်ဒီတာတစ်ယောက်ကို ရင်ဖွင့်မိတော့ သူက . . .

"ဒါ . . . ကုသိုလ်ကောင်းမှုတစ်ခု ပြုလိုက်တာပါ အစ်မရယ်။ သာခု ခေါ်ပါတယ်"တဲ့။

"အို . . . ဒီလိုကောင်းမှုမျိုးတော့ နောက်ထပ် မပြုချင်တော့ပါဘူး။ စိတ်ထိခိုက်လွန်းလို့"

"ဒါတော့ အစ်မက "စာမတတ်"သေးပဲကိုး။ စာတည်းစားပွဲမှာ ဟုတ်တိပတ်တိလည်း မထိုင်ရသေးဘဲကိုး။ ဒါ . . . အစပဲ ရှိသေးတယ်။ သည့်ထက်မက အများကြီး ကြုံတွေ့ရလိမ့်ဦးမယ်ဗျာ။ အနေကြာလို့ အသားကျသွားရင် အစ်မလည်း တဖြည်းဖြည်း "စာတတ်"လာမှာပါ"

ဟုတ်လေမလားတော့ မသိ။ သူပြောသလို စာမတတ်လေသေးတော့လည်း ဆုံးရှုံးသွားသောမိတ်ဆွေ ကြားလိုကြားငြား စကားတစ်ခွန်း ထပ်ပြောချင်နေပြန်ပါပြီ။

mgyoe.com

mgyoe.com


ချက်ကော့ဗ်နဲ့ ပတ်သက်ပြီး မှတ်တမ်းတင်ခဲ့တဲ့ ဂေါ်ကီရဲ့ ဒိုင်ယာရီထဲက စာပိုဒ်ကလေးတစ်ပိုဒ် သတိရလိုက်လို့ပါ။

"ဝမ်းဝဖို့အတွက် လုံးပန်းနေရသမျှ လောကရဲ့ အဖြစ်သနစ်တွေကို သတိမမူနိုင်ဘဲ ရှိမယ်။ ချက်ကော့ဗ်ဟာ သူ့ပတ်ဝန်းကျင်က ပါးစပ်ပေါက်တွေကို ဝဝလင်လင် ဖြည့်တင်းပြီးမှ လောကကို အကဲခတ်ချိန်ရလာတယ်။ ဘဝ္ဓာတ်လမ်းများနဲ့ အနှစ်သာရတွေကို အမြင်ကျယ်ကျယ်နဲ့ ကြည့်မြင်ဆင်ခြင်နိုင်ခဲ့တယ်"တဲ့။

သည်စကား အဓိပ္ပာယ် သိပါစေ။

သူ့ မြန်မြန် ကြားပါစေ။

**(၁၉၈၈ ခုနှစ်၊ ဇူလိုင်လ၊ ရှုပ်ရှင်အမြုတေမဂ္ဂဇင်း)**

❖

mgyoe.com

mgyoe.com

# သတင်းဝတ္ထု (၇)

ကိုဝင်းငြိမ်းရေ . . .

အယ်ဒီတာကို မဂ္ဂဇင်းထဲကနေပြီး လှမ်းစကားပြောရတဲ့ အလုပ်ဟာ နည်းနည်းတော့ "ကြောင်"နေမလားပဲ။ တကယ်တော့ ခုည ဒီစာရေးစားပွဲမှာ ထိုင်ကတည်းက အမြဲတေအတွက် လစဉ်တာဝန်ဖြစ်တဲ့ "သတင်းဝတ္ထု"ရေးဖို့ပါ။ ရေးစရာတွေကလည်း အဆင်သင့်ပါ။ တစ်လပြီးတစ်လ ရေးသွားဖို့ အစီအစဉ်လုပ်ထားတဲ့ ကတ်ပြားလေးတွေကို တစ်ခုပြီးတစ်ခု ဆွဲထုတ်ကြည့်ရုံပါပဲ။

"ဆရာဦးသိန်းဖေမြင့်၊ ပဋိပက္ခများနဲ့ သည်းခံနိုင်မှု စွမ်းရည်"လို့ အကျဉ်းမှတ်ထားတဲ့ ကတ်ပြားကို ဆွဲထုတ်ကြည့်လိုက်တယ်။ သိပ်မကိုက်သေးဘူးလေလို့ သဘောရပြီး အောက်ဘက်ပြန်ပို့၊ နောက် တစ်ကတ်ဆွဲ။ "နားနှင့်ဆတ်ဆတ် ကြားခဲ့ဖူးသော အဘိုးမှိုင်းရဲ့ ဩဝါဒများ"တဲ့။ ရေးမလား စဉ်းစားကြည့်တယ်။ မှတ်တမ်းဓာတ်ပုံတွေလည်း အဆင်သင့်ရှိတယ်။

ပြီးခဲ့တဲ့ ဧပြီလဆန်းမှာ ကျင်းပခဲ့တဲ့ စာပေလုပ်သား မျက်နှာစုံညီ အစည်းအဝေးတုန်းက မိတ်ဆွေဟောင်းတစ်ယောက်နဲ့ ဆုံဖြစ်ခဲ့တယ်။

mgyoe.com

mgyoe.com


ကျောက်မဲ ဦးထွန်းအောင်တဲ့။ သတင်းထောက်ပါ။ ကျွန်မတို့နဲ့ ခေတ်ပြိုင်ပေါ့။ တွေ့တွေ့ချင်း သူက နေကောင်းလား၊ ဘာညာ လောကဝတ်၊ ဓမ္မဝတ်တွေ လုပ်မနေပါဘူး။

"ဗိုလ်မှူးချုပ်ဟောင်း အောင်ကြီးအကြောင်း နည်းနည်းရေးထားတဲ့ သတင်းဝတ္ထု ဖတ်လိုက်ရတယ်။ ပြီးတော့ ဘကြီးမှိုင်းနဲ့ ကျွန်တော်တို့ သွားတွေ့ခဲ့တုန်းက အကြောင်းလည်း ရေးဖို့ကောင်းတယ်။ ဓာတ်ပုံတွေကလည်း ကျွန်တော့်မှာရှိတယ်။ စမ်းစမ်းမှာ မရှိတော့ဘူးလား။ ပို့ပေးလိုက်ရမလား"တဲ့။

အဲဒီကတည်းက စပြီး ရေးဖို့ စိတ်ကူးဝင်ခဲ့တာပါ။ အိမ်ရောက်ရောက်ချင်း ကတ်ပြားလေးတစ်ခု လုပ်လိုက်တယ်။ သတင်းဝတ္ထုမှာ တစ်နေ့ ရေးမယ်ပေါ့။ ရှိသမျှ ဓာတ်ပုံဟောင်းတွေလည်း ရှာထားလိုက်တယ်။

ခု . . . အဲဒီ ကတ်ပြားလေးသွားတွေ့တော့ ရေးလိုက်မယ်ပေါ့လေ။ ဒီအကြောင်း။

စားပွဲမှာထိုင်။ မီးခလုတ်ကို ဖျတ်ခနဲ ဖွင့်လိုက်တယ်ဆိုရင်ပဲ မလှမ်းမကမ်းမှာ စာဖတ်နေတဲ့ အိမ်ဦးနတ်က ကွက်ခနဲ လှမ်းကြည့်လိုက်တယ်။

"စာရေးတော့မလို့လား"

"အင်း . . ."

"ဘယ်အတွက်လဲ၊ မဟေသီလား"

ကိုဝင်းငြိမ်းရယ် သိတယ်မဟုတ်လား။

မဂ္ဂဇင်းတွေနဲ့ ထိတွေ့ဆက်ဆံနေရတာက သူ။ စာမူ အော်ဒါလုပ်တဲ့အခါ ကြားက အာမခံလာရတာက သူဆိုတော့ စာမူအချိန်မီ မပြီးရင် သူက ပိုပြီး မျက်နှာပူရတာ။ စိတ်များရတာ။ မဟေသီ အထူးထုတ်အတွက် စာမူမပေးနိုင်သေးလို့ ဗိုလ်မှူးသမိန်နဲ့ ဦးခင်မောင်မြင့်ကို သူ အလွန်အားနာနေပြီလေ။

"အထူးထုတ် မီမှာမဟုတ်တော့ပါဘူး။ ခုရေးမှာ အမြဲတေအတွက်"

"မီပါတယ်။ စောင့်မယ် ပြောထားတာပဲ။ အင်းလေ . . . ရေးချင်စိတ်ရှိတဲ့ဟာ အရင်ရေးပေါ့။ ဘာရေးမှာလဲ"

mgyoe.com

mgyoe.com


"မှိုင်း . . ."

"ဘာရယ် . . . "

"ဟောဒီဓာတ်ပုံတွေနဲ့လေ။ မှိုင်း . . ."

"ဗုဒ္ဓေါ . . . မှိုင်းမလို့လား"

"အို . . . သန့်သန့်လေး ရေးမှာများ"

"သန့်သန့်လေးတွေ၊ မှိုင်းမှိုင်းလေးတွေ လုပ်မနေနဲ့။ တစ်လ တစ်လ မင်းစာမူကြီး ကိုင်ကိုင်ပြီး ဟိုပြေးဒီပြေးလုပ်ရတာ ကိုဝင်းငြိမ်းမှာ ဘယ်လောက် လက်ဝင်သလဲ။ ကိုယ်ချင်းလည်းစာ . . ."

သည်စကားတစ်ခွန်းနဲ့ပဲ ကတ်ပြားကို ပြန်သိမ်းလိုက်ရပါပြီ။

အိမ်ဦးနတ်ကတော့ ထုံးစံအတိုင်း သူ့တာဝန် ကုန်ပြီပေါ့လေ။ သူ့ဖတ်လက်စ စာကို ပြန်ဖတ်နေတယ်။ ကျွန်မသာ "ငေါင်" ကျန်ရစ်တယ်။

အချိန်က မှောင်ရီပျိုးစ။ ညဦးကာလ။

ဟိုတုန်းကလိုဆိုရင် "ငေါင်"စရာ ဘာလိုလဲ။ စိတ်ပြေလက်ပျောက် ဆိုပြီး အပြောင်းအလဲဖြစ်အောင် သားကြီးနှစ်ကောင် အဖော်ခေါ်ပြီး အောက်ဆင်း။ အင်းလျားကန်ဘက် လမ်းလျှောက်။ အပြန် လက်ဖက်ရည်ဆိုင် ဝင်သောက်။ တွေ့ရာမိတ်ဆွေတွေနဲ့ စကားစမြည်ပြော။

ဒါမှမဟုတ် ဟိုဘက်တိုက်က ဒေါက်တာငွေစိုးရဲ့ ဆေးခန်းဝင်၊ လေကန်။

အောက်ထပ် မဆင်းချင်ရင်တောင်မှ ညဦးယံ အိမ်လည်လာတတ်တဲ့ စာပေမိတ်ဆွေ ညီအစ်ကိုမောင်နှမတွေနဲ့ တအောင့် တနား ထိုင်စကားပြောနေရလျှင် ရင်ထဲမှာ ရှင်းပေါ့ပြီး အာရုံကြောတွေ လန်းဆန်းရစမြဲပါ။ ဒီလိုနဲ့ ညကိုးနာရီ၊ ဆယ်နာရီကစပြီး စာရေးစားပွဲမှာ မိုးအလင်းထိုင်စမြဲပါ။ နိစ္စဓူဝပါပဲ။ အိပ်ရေးပျက်တယ် မရှိပါဘူး။

ခုတော့ . . . သိတယ်မဟုတ်လား ကိုဝင်းငြိမ်း။ လာနေကျ ဇွန်ပန်းသည်ကောင်မလေးရဲ့ အသံလည်း မကြားရ။

နေဝင်ချိန် အိမ်လည်လာတတ်တဲ့ ကိုမင်းသစ်တစ်ယောက်လည်း ဟိုဝတ္ထု လျှော်တယ်။ ဒီဝတ္ထုဖြင့် မဆိုးဘူး စသည်ဖြင့် အတွင်းဝေဖန်ရေး စကားဝိုင်း လာမဖွဲ့ဖြစ်တာ ကြာပြီ။ လရောင်ပျပျမှာ မျက်ရည်လေး စစနဲ့

mgyoe.com

mgyoe.com

ရောက် ရောက်လာတတ်တဲ့ "ဖိုးချစ်"ရဲ့ မရေးဖြစ်တဲ့ လွမ်းပုံပြင်တွေကို လည်း နားသောတမဆင်ရအာ ကြာလှပေါ့။

ကျွန်မက ကောင်းစွာ နားထောင်တတ်သူ ဖြစ်ပါတယ်။ ချစ်ခြင်း၊ မုန်းခြင်း၊ လွမ်းခြင်းပဲဖြစ်ဖြစ်။ လူမှုရေး၊ စီးပွားရေး၊ ယုံကြည်ချက်ရေးပဲ ဖြစ်ဖြစ် စိတ်ဝင်စားတယ်။ ပုထုဇဉ်ကိစ္စ ဘာတစ်ခုကိုမှ ငြီးငွေ့လေ့မရှိဘူး။ ဒါကြောင့် စာရေးခြင်းကလွဲရင် စကားပြောရတာကို စိတ်ပါလက်ပါရှိပါ တယ်။ စကားဝိုင်းဖွဲ့နိုင်တဲ့ အချိန်ကလည်း ညဥ့်ဦးယံပဲ ရှိတယ်လေ။

ခုတော့ စကားဝိုင်းဖွဲ့ချိန်မှာ ကျွန်မလည်း ကိုယ့်အိမ်တံခါးကို သော့ခတ်ရင်း "ငေါင်"နေရပြီပေါ့။

ဒါ့ကြောင့် စာရေးစားပွဲမှာ ပြန်ထိုင်၊ စကားပြောဖော်မရှိလို့ ကြောင် စီစီ ထွေပြားနေတဲ့ စိတ်အာရုံကို ဆောက်တည်မှု ရလိုရငြား ကိုဝင်းငြိမ်းကို သည်စာနဲ့ စကားပြောလိုက်မိတာပါပဲ။

တခြား အိမ်သားတွေနဲ့ စကားပြောနေလို့ရော မရဘူးလားတဲ့။ ကိုဝင်းငြိမ်း သိပါတယ်။ ကျွန်မမှာ သားတွေ၊ သမီးတွေ အများကြီးရှိ တာပဲ။ အိမ်ဦးနတ်ကိုတော့ ထားလိုက်ပါ။ သိတဲ့အတိုင်း သူက စာဖတ်ဖို့ အသက်ရှင်နေတဲ့လူ။

သားတွေ၊ သမီးတွေကလည်း ဒီညမှ ထူးထူးခြားခြား အိမ်က စာအုပ်စင်တွေ၊ စာအုပ်ပုံတွေကို စုပေါင်းရှင်းလင်းနေကြလေရဲ့။

ခပ်စောစောကပဲ သင်းတို့ကို လူစစ်ရသေးတယ်။ အကြီးကောင် ပြန်ရောက်ပြီလား။ နံပါတ်နှစ်ရော ပြန်မတက်သေးဘူးလား။ နံပါတ်ငါးနဲ့ ခုနစ်က ဟောဟိုတိုက်ရှေ့မှာ အရုပ်ပစ်နေကြတုန်းပါလား။ လမ်းမီးတောင် လာပြီ။ ရှုံးမဲ မဲနေတယ်ထင်တယ်။ လိုက်ခေါ်ကြစမ်း။

သည်လိုနဲ့ လူစုံရောက်တော့ တံခါးပိတ် သော့ခတ်လိုက်ရတော့တာ ပါပဲ။

သူတို့လေးတွေလည်း အိပ်ခန်းကျဉ်းထဲ ထည့်လှောင်ထားတော့ ငေါင်ရှာကြတယ် ထင်ပါရဲ့။ အလုပ်မရှိ အလုပ်ရှာပြီး စာအုပ်အဟောင်း တွေ ဆွဲလှဲဖတ်ကြရင်း ဖရိုဖရဲ ပြန့်ကျဲနေတဲ့ စာအုပ်စင်တွေ စာအုပ်ပုံတွေကို ရှင်းလင်းချင်စိတ် ပေါ်သွားကြတယ် ထင်ပါရဲ့။ ချွေးတလုံးလုံးနဲ့ လုပ်အား

mgyoe.com

mgyoe.com

ပြနေလိုက်ကြတာ။ ဟော . . . အားလုံး ကြည့်ပျော်ရှုပျော် သားသားနားနား ဖြစ်သွားတော့ ညကိုးနာရီထိုးနေပြီ။

အဲဒီအချိန်ကျမှ ပြဿနာပေါ်တော့တာပဲ ကိုဝင်းငြိမ်းရေ့။

"မေမေ . . . ဗိုက်ဆာတယ်။ ဘာရှိလဲ"

"ထမင်း ထပ်စားကြပေါ့ကွာ"

"ဟင်း မကျန်တော့ဘူးတဲ့ အန်တီက"

"ကြက်ဥ ကြော်စားကြပါလား"

"ကြက်ဥရော၊ ဝက်အူချောင်းရော ကုန်နေပြီတဲ့ အန်တီက။ ပျားဂေဟာကို အချိန်မရလို့ မသွားဖြစ်တာ နှစ်ပတ်လောက်ရှိပြီတဲ့"

"ဒါဖြင့် လက်ဖက်သုပ်နဲ့စား"

"လက်ဖက်လည်း မရှိတော့ဘူး။ ဖေဖေ သိမ်ကြီးဈေးက မဝယ်တာကြာပြီ"

ပြောလိုက်တဲ့ သားထွေးရဲ့အသံက တော်တော်ကျယ်သွားတယ်။ သူက လက်ဖက်သိပ်ကြိုက်တဲ့ကောင်ဆိုတော့ လက်ဖက်ဝယ်မလာတဲ့ သူ့မွေးသဖခင်ကို နာကစ်နေပုံလည်း ပေါက်တယ်။

သူ့ မကျေမချမ်းသံက တော်တော် စွာကျယ်ကျယ်ဖြစ်သွားတော့ စာတစ်အုပ်နဲ့ တစ်ကမ္ဘာလုပ်နေတဲ့ ပုဂ္ဂိုလ်လည်း မနေသာတော့ဘူးပေါ့။

"ဟ . . . တစ်နေ့တစ်နေ့ အချိန်လုလုပ်ပြီး ကိုယ့်အိမ်ကို ရောက်အောင် ဂါထာရွတ်ပြန်နေရတာ မင်းဘိုးအေ သိမ်ကြီးဈေး ဝင်နိုင်မလားကွ"

"ကိုင်း . . . ကိုင်း . . . ထားပါတော့လေ။ ဒါဖြင့် ကော်ဖီကြမ်းဖျော်"

"တို့ဟူးခြောက်တွေ၊ နှမ်းမှုန့်တွေ ရှိတယ်မဟုတ်လား။ တောင်ကြီးက ဒေါက်တာအောင်ကျော် ပေးလိုက်တာ။ အဲဒါ ကြော်ခိုင်း"

ဝေး . . . ဟေးဟေး . . . ဆိုပြီး ကလေးတွေ ပြေးထွက်သွားကြတယ်။ ဒါပေမဲ့ အေးမသွားဘူး ကိုဝင်းငြိမ်းရဲ့။ မီးဖိုချောင်က ဗျစ်တောက်ဗျစ်တောက် အသံထွက်လာတယ်။ ကလေးတွေရဲ့ အဒေါ် မီးဖိုချောင်တာဝန်ခံရဲ့ အသံပေါ့။

"ဆီကုန်တော့မှာပဲ။ မီတာ တက်ဦးတော့မှာပဲ။ တစ်ညတလေ ကော်ဖီကြမ်းသောက်ပြီး အိပ်လိုက်ရင် ပြီးတာပဲ"

mgyoe.com

mgyoe.com

နားအနေခင့်အယှက် ဖြစ်ရန်ရောလို့ စိတ်တိုသွားပေမဲ့ သူ ပြောနေတာတွေက စဉ်းစားစရာ ဖြစ်သွားတယ်။ ဟုတ်တယ်လေ၊ ဆီတစ်ပိဿာ ၇၀ ကျော်နဲ့ ဝယ်ထားရတာ။ စောစောကမုန့်တွေ ကြော်ရင် အနည်းဆုံး အစိတ်သားကုန်မယ်။ လျှပ်စစ်မီတာတက်တာကတော့ ထား။ တိုက်ခန်းကျဉ်းထဲမှာ အချိန်မတော်ညှော်နဲ့ လုံးနေရဦးမယ်။

"ကော်ဖီကြမ်းကို အဝသောက်ကြပါလားကွာ။ မနက်ကျောင်း မုန့်ဖိုး တစ်ကျပ်စီ ပိုယူလေ"

"ဟင့်အင်း . . . မရဘူး . . . မရဘူး"

ကလေးတွေနဲ့ သူတို့အဒေါ် ညှိနှိုင်းဆွေးနွေးပွဲက သဘောကွဲသည် ထက် ကွဲလာတယ်။

"စာအုပ်တွေ ရှင်းရတာ ချွေးပြန်နေပြီ။ ပိုးဟပ်အကောင် တစ်ရာလောက်လည်း သတ်ရသေးတယ်"

တစ်ယောက်တစ်ပေါက် ကျွက်ကျွက်စီ ဖြစ်နေတုန်းမှာ ကျွန်မလည်း အကြံထုတ် စဉ်းစားရင်း မျက်လုံးက ခုတင်အောက် ရောက်သွားတယ်။ ခုတင်ခေါင်းရင်း အောက်ဘက်မှာ ကျွန်မ တခုတ်တရထားတဲ့ မြုတ်စဗျင်းတောင်းတွေ ရှိပါတယ်။ အဲဒီထဲက မုန့်ပုံးတစ်ခုကို လှမ်းမြင်လိုက်တော့ ဖျတ်ခနဲ ဆုံးဖြတ်ချက်တစ်ခု ချလိုက်တယ်။ သည်ဘီစကစ်ပုံးကိုပဲ ဖောက်တော့မယ်လို့။

"မရှိဝမ်းစာ၊ ရှိတန်ဆာ"ဆိုတဲ့ စကား ကိုဝင်းငြိမ်း ကြားဖူးမှာပါ။ ဒီမုန့်ပုံးကို စာပေမိတ်ဆွေတစ်ယောက် လက်ဆောင်ပေးထားတာပါ။ ဟိုဘက်ကမ်းက လာတာလေ။ ကလေးအတွက်လို့ ခေါင်းစဉ်တပ်ပြီး ပေးပေမဲ့ ကျွန်မက အင်း . . . ဖြောင်ထားတာ ဆိုပါတော့။

ဘယ်အချိန် ပြန်ရောင်းစားစား ၂၀၀ ကျော် ရတယ်ကြားဖူး ထားတာ။ ကိုယ့်ကလေးတွေ ဖောက်မကျွေး ဖြစ်ပါဘူး။ အရေးရယ် အကြောင်းရယ် ဈေးသုံးလိုတဲ့အခါ ထုတ်ဖျောမယ်ပေါ့လေ။

ကိုင်း . . . ခုတော့ မရှိဝမ်းစာ ရှိဝမ်းစာ ဆိုရမလားပဲ။

"ဘာမှ ကြော်မနေနဲ့တော့ ဟေ့။ ဟောဒီမှာ ဘီစကစ်ပုံး ဖောက်မယ်။ လာယူကြ"

mgyoe.com

ဝေး . . . ဟေးဟေးဆိုတဲ့ အော်သံကြီးနဲ့အတူ ကလေးအုပ်ကြီး အခန်းထဲ ပြုဆင်းလာတော့တာပါပဲ။

ကျွန်မက မုန့်ပုံးကို ရိုရိုသေသေ ကိုင်ဖွင့်၊ ဆီစိမ်စက္ကူ ပါးကလေးတွေကို အသာအယာဖယ်။ ပုံစံမျိုးစုံနဲ့ မုန့်ချပ်ကလေးတွေကို ရွရွကလေး ထုတ်ရင်း . . .

"နှစ်ရာကျော် တန်တယ်နော်။ ပဲလှော် ဝါးသလို ဝါးမပစ်ကြနဲ့ဦး"

"တန်ပါတယ် မေမေရာ၊ သားတို့ကိုလည်း ကျွေးထိုက်ပါတယ်။ ပြီးရင် ထပ်ခိုးပေါ်လည်း ဆက်ရှင်းရဦးမှာ။ ဗိုက်ပြည့်တော့ လုပ်အားရှိတာပေါ့။ ဟဲ . . . ဟဲ"

"ဟုတ်တယ် မေမေ၊ ထပ်ခိုးပေါ်မှာ နောက် ပိုးဟပ် အကောင်တစ်ရာလောက် သတ်လိုက်ဦးမယ်"

ကျွန်မ သူတို့ကို ပြန်ပြောမနေအားပါဘူး။ မုန့်ချပ်တွေကို ခွဲတမ်းမမှားအောင် သတိထားဝေပေးနေတုန်း သမီးကြီးက နောက်ဆုံးခွဲတမ်းကို လက်ခံရင်း စကားတစ်ခွန်း လှမ်းပြောလိုက်တယ်။

"ဟင်း . . . ပညာမင်းကြီး ဦးကောင်း ပြောခဲ့တဲ့စကား ငါတော့ လက်တွေ့ ယုံလိုက်ပြီ"

"ဘာလဲ မီးမီး၊ စာအုပ်တွေရှင်းရင်း ဘာစာတွေ အလွတ်ကျက်လာပြန်ပြီလဲ။ ဦးနှောက်စားတယ်ကွာ"

"ကိုကြီးတို့က ချိန်းဘရီးပဲ။ စားမှာပေါ့။ ငါက အကောင်းပြောနေတာ။ ဦးကောင်းအကြောင်း ရေးထားတဲ့ ဆောင်းပါးတစ်ပုဒ် ခုပဲ ဖတ်လာတာ"

"ပြောပါဦး"

"ဩော် . . . ဒီလိုပါ။ ကိုယ့်လုပ်ဖော်ကိုင်ဖက်တွေ၊ လက်အောက်ငယ်သားတွေကို ဘယ်တော့မှ ဆာအောင်မထားနဲ့၊ မောအောင်မခိုင်းနဲ့၊ လူဆိုတာ ဆာရင် မောရင် စိတ်တိုတယ်တဲ့။ ခန္ဓာဗေဒ သဘာဝပဲတဲ့။ ဆာလို့မောလို့ စိတ်တိုလာရင် ပြဿနာ ပေါ်တတ်တယ်တဲ့။ အလုပ်ကို ထိခိုက်တတ်တယ်တဲ့"

ကျွန်မ နားထင်ကြောတွေ ထောင်းခနဲ ဖြစ်သွားတယ်။

"အံမယ် . . . ညည်းက ငါ့ကို သွယ်ဝိုက်ပြီး ပညာပေးနေပြန်ပြီ။

mgyoe.com

mgyoe.com
သွားစမ်း . . . သွားကြစမ်း၊ ဆာတာတွေ၊ ငတ်တာတွေ လာပြောမနေနဲ့။ သွား . . . ကိုယ့်ခွဲတမ်းကို ကိုယ့်ဘာသာ အေးအေးစားကြ"

ကိုင်း . . . အဲသလိုပဲ ပြောထွက်သွားတော့တယ် ကိုဝင်းငြိမ်းရေ့။ သားသမီးခုနစ်ယောက် မွေးရတာလည်း အိမ်ပေါ်မှာ ကောက်ရိုးခုနစ်ပုံ ပုံထားရသလိုပါပဲ။ တစ်စဆွဲရင် အစတွေ အများကြီးထွက်လာတာ ရှင်းလို့ မနိုင်ဘူး။

ခုနေများ လမ်းလေးဘာလေး အေးအေးဆေးဆေးလျှောက်ပြီး လေကောင်းလေသန့်လေး ဘာလေးများ ဝဝလင်လင် ရှုလိုက်ချင်စမ်း ပါဘိနော်။

(၁၉၈၈ ခုနှစ်၊ ဩဂုတ်လ၊ ရုပ်ရှင်အမြုတေမဂ္ဂဇင်း)

❖

mgyoe.com

mgyoe.com

# ဝတ္ထုတိုများ

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# တစ်ရေးနိုးကလေး

ရွှေရင်အေးပန်းကန်ထဲမှ ရေခဲတစ်တုံးကို အလျင်ဆုံး ရွေး၍ ခပ်ယူလိုက်သည်။ ပါးစပ်ထဲမှာ ရေခဲငုံမိမှ အနည်းငယ် နေသာထိုင်သာသလို ရှိ၏။

ဝေဝေ့ကို တငဲ့တစောင်းကြည့်သော် သူလည်း ဇော်မြင့်လိုပင် စိတ်လှုပ်ရှားလျက်ရှိသည်မှာ သေချာသည်။ ရွှေရင်အေး အင်မတန်ကြိုက်တတ်သည့် ဝေဝေ။ စားဖို့သောက်ဖို့ကို သတိမရနိုင်တော့ဘဲ ပန်းကန်ထဲက ကျောက်ကျောတုံးကို အဓိပ္ပာယ်မဲ့စွာ ဇွန်းဖြင့် ထိုးဆွခြေမွနေသည်။

"ဝေဝေ သောက်လေ၊ ဘာတွေ လျှောက်စဉ်းစားနေလဲ"

မေးမည့်သာ မေးရသည်။ ဝေဝေ့ရင်ထဲမှာ ဘယ်လိုဝေဒနာတွေ လှုပ်ခတ်နေမည်ကို ဇော်မြင့် နားလည်ပြီးသား။

"ဩော် ... ဘဝဆစ်ချိုးတစ်ကွေ့ကို ဗြုန်းစားကြီး တွေ့လိုက်ရပြီ ဆိုတော့လည်း"

"ဘာလဲ–ဝေဝေ ကြောက်နေသလား"

"ဟင့်အင်း ... ဘာလို့ ကြောက်ရမှာလဲ" ဟု ဝေဝေက မခံချင်စိတ်ဖြင့်ဖြေရင်း ဣန္ဒြေဆည်ကာ ရွှေရင်အေး သောက်စပြုသည်။ ဝေဝေ ရင်ထဲ

mgyoe.com

mgyoe.com


မှာတော့ ဒေါ်ဒေါ်ကြီးမျက်နှာကို ဘယ်လို ရင်ဆိုင်ရပါမည်လဲဟု စဉ်းစားရင်း တထိတ်ထိတ် ဖြစ်နေလေပြီ။

စင်စစ် ဘယ်တုန်းကမှ ဝေဝေ မမျှော်လင့်ခဲ့ဖူးသော အခြေအနေ။

မနက်ဖြန် တရားရုံးမှာ လက်မှတ်ရေးထိုး လက်ထပ်ပြီး သန်ဘက်ခါ မြစ်ဝကျွန်းပေါ် တောရွာကလေးတစ်ရွာသို့ ခရီးထွက်ရမည်တဲ့။

"မင်္ဂလာဦးခရီးဆိုတာ ပျားရည်ဆမ်းလို့ ခေါ်ချင်လည်း ခေါ်လိုက်ပေါ့ ဝေရာ ဟဲ ... ဟဲ ... ရွှံ့ရေထဲမှာ လက်ပစ်ကူးရဖို့ကတော့ အသေအချာပဲ၊ ရွှံ့တွေ နုန်းတွေ ချောင်းကြို မြောင်းကြားတွေ ပြည့်နှက်နေတဲ့ အရပ်၊ အားတော့နာပါတယ် အချစ်ရယ် ... တကယ်"

နွေးထွေးဖွယ် လေသံနှင့် ကြင်နာမှု ကရုဏာလွှမ်းသော ချစ်သူ့မျက်လုံးများကို ကြားရ မြင်ရပြန်တော့ ဝေဝေ့မှာ ဘယ်က ဘယ်လို ရောက်လာမှန်းမသိသော ခွန်အားသစ်တွေဖြင့် ရဲရင့်လာရပြန်သည်။

"အေးအတူ ပူအမျှပါ ကိုဇော်ရယ်၊ နောက်ကို အဲလို သွေးခွဲစကား မပြောနဲ့"

"မဟုတ်ဘူးလေ ဝေရဲ့၊ ကိုယ်ကတော့ ဝေ့အတွက်ဆိုရင် စံအိမ်ကို စိန်နဲ့မွှန်းချင်တာပေါ့"

"အမယ် ... ဒေါက်တာက ကဗျာဆန်နေပြန်ပါပြီ၊ ဘယ်စာအုပ်ထဲက အရေးပေါ် ကျက်လာသလဲ မသိ"

နှစ်ယောက်သား ရယ်မိကြပြီး မတိုင်ပင်ရဘဲ အတွေးဆင်တူဖြင့် ငေးစိုက်နေကြပြန်သည်။

အရင့်အရင်တုန်းကတော့ နှစ်ဦးစလုံး၏ မျှော်လင့်ချက်အိပ်မက်များမှာ ဆေးရောင်စုံ ပန်းချီကားတစ်ချပ်လို ရွှန်းမြလှပခဲ့လေသည်။

× × ×

"ဆ–မ ရပြီးတာနဲ့ ဆေးခန်းထိုင်ဖို့က အသင့်ပဲ ဝေရဲ့၊ ကိုယ့် ခြေထောက်ပေါ် ကိုယ်ရပ်နိုင်ပြီ၊ ဝေ့ကို လက်ထပ်နိုင်ပြီ"

"အို ... ချက်ချင်းကြီးတော့လည်း ဘယ်ကောင်းပါ့မလဲ" ဟု ဝေက နွဲ့မိသေးသည်။

mgyoe.com

mgyoe.com


"အလုပ် ကြိုးစားလုပ်ဦးပေါ့၊ တစ်နှစ် နှစ်နှစ်လောက် ငွေစုဦးပေါ့၊ တစ်အိုးတစ်အိမ် ထူထောင်တယ်ဆိုတာ စကတည်းက အခြေခံ တောင့်တင်းခိုင်မာလေ ကောင်းလေပေါ့ ကိုဇော်ရဲ့"

ဟုတ်တယ်နော် ... ဝေ ဟု ဇော်မြင့်က အလွယ်တကူ သဘောတူညီလိုက်ပြီး ပြုံးပြက်တောက်ပသော အိပ်မက်လှလှကလေးတွေ နှစ်ယောက်ပြိုင်တူ မက်လို့မဆုံးနိုင်။

ဝေဝေ့ အိပ်မက်တွေမှာ မျှော်လင့်ချက်အပြည့်ပါသော်လည်း အလိုကြီးလွန်းသည်ဟု မဆိုနိုင်ချေ။ ကိုဇော် အလုပ်မရခင် အပြင်ဆေးခန်းကလေး ဖွင့်၍ အေးအေးလူလူ နေရ စားရလျှင် တော်ပြီ။ အိမ်ခန်းကလေး သပ်သပ်ရပ်ရပ် ငှားပြီး နေနားချင့်စဖွယ် ပြုပြင်ချင်သည်။ အလုပ်ရပြီး နယ်တွေ ဘာတွေ ပြောင်းရ ရွှေ့ရလျှင်တောင် ဝေဝေက သျှောင်နောက်ဆံထုံးပါဖို့ အသင့်။

"နေပူထဲလည်း လျှောက်ရဲပါတယ်၊ ဆူးမွေ့ရာလည်း အိပ်ရဲပါတယ်၊ ခယောင်းလမ်းပေါ်လည်း ဖြတ်ရဲပါတယ် ..." ဆိုသည့် အေးအေးအောင်ရဲ့ သီချင်းကလေးကိုပင် တတ်နိုင်လျှင် ဖြည့်စွက်လိုက်ချင်သေးသည်။

ဆယ်တန်းကတည်းက စွဲစွဲမြဲမြဲ ချစ်လာကြသူတွေမို့ အလုံးစုံ နားလည်မှုချင်း ဖလှယ်နိုင်ကြပြီဟု ဝေဝေ ယုံစားသည်။ ဝေဝေက ကိုဇော့်လောက် ဉာဏ်မထက်သူ၊ ပညာပါရမီနည်းသူမို့ ဆယ်တန်းမှာ သုံးနှစ်ထိုင်ကာ မြန်မာစာအဓိက ဝိဇ္ဇာဘွဲ့ကို ငါးနှစ်ကြာမျှ ကြိုးစားယူခဲ့ရသည်ဖြစ်သော်လည်း ကိုဇော့်အချစ်က မပြောင်းလဲခဲ့။ ဒါတစ်ခုနှင့်ပင် ဝေဝေကလောကကို မာနကြီးစွာ ရင်ဆိုင်ဝံ့ရဲခဲ့ပြီ ဖြစ်သည်။

လူ့လောကမှာ ကိုဇော်နှင့် နှစ်ယောက်တစ်ဘဝကို အခြေခံ ခိုင်ခိုင်မတ်မတ်ကလေး တည်ဆောက်ချင်တာ တစ်ခုပင်။ ဝေဝေ့ရင်ခွင်သည် ကိုဇော့်အတွက် ထာဝရ နွေးထွေးစေရမည်။ ကိုဇော် အပန်းဖြေနားရာ၊ အားသစ်မွေးနိုင်မည့် 'အိမ်' ဆိုသည့် အသိုက်အမြုံကလေး တစ်ခုကို ဖန်တီးပေးချင်သည်။

အဆောင်အယောင် ပကာသနတွေ မလိုအပ်သော်လည်း ဆရာဝန်အိမ်မှာ ရေခဲသေတ္တာတစ်လုံးတော့ ရှိသင့်သည်ဖြစ်ရာ အသစ်ကြီးမဟုတ်

mgyoe.com

mgyoe.com

တောင် တစ်ပတ်ရစ် လတ်လတ်ကလေးတော့ ဝယ်မှဖြစ်မည်ဟု အတွေး စမိရာက မဝယ်မဖြစ် အိမ်ထောင်ပစ္စည်းကလေးတွေ အိပ်မက်ထဲမှာ စာရင်း ချကြည့်မိသည်။

လျှပ်စစ်မီးဖို၊ လျှပ်စစ်ထမင်းအိုး၊ မီးပူနှင့် ရေဒီယို ကက်ဆက် ခပ်သေးသေးတစ်လုံးတို့ကလည်း မရှိမဖြစ်ပြန်ရာ တခြားပစ္စည်းတွေကို တော့ ခပ်ညံ့ညံ့ပဲ သုံးရလိမ့်မည် ထင်သည်။ ဧည့်ခန်း စားပွဲ ကုလားထိုင် စုံနှင့် ခုတင်၊ ဗီရို စသည်တို့ကိုတော့ ဖော်မိုက်ကာတွေ ဘာတွေ မပါလည်း ကိစ္စမရှိ။ ထမင်းစား စားပွဲ တစ်ခုကိုသာ ဖော်မိုက်ကာခင်းမှ သင့်မည်မို့ နည်းနည်း တန်ဖိုးကြီးလိမ့်မည်။

ဗိုလ်ချုပ်ဈေး ပတ်ပြီး အင်္ကျီစလေး၊ ဆံညှပ်လေးဝယ်ရင်း ဂရုတစိုက် မှတ်သားထားခဲ့သော တရုတ် ကြွေပန်းအိုးတွေတော့ မဝယ်တော့ပါဘူးဟု စိတ်နှလုံးတုံးတုံးချလိုက်သည်။ လေးဆယ်ကျော်တန်မှ လေးရာကျော်တန် အထိ ရှိမည်ဖြစ်ရာ အနှစ်နှစ် အလလ က ဝေဝေ မျက်စိကျခဲ့သော်လည်း မဝယ်တော့ပါဘူးကွယ်။

မြန်မာစာနောက်ဆုံးနှစ်မှာ မိတ်ဆွေဖြစ်ခဲ့ဖူးသော ဂျပန်ကျောင်းသူ ကလေး မနှင်းပွင့်ကို သတိရသည်။ မနှင်းပွင့်အခန်းမှာ ခြောက်ကျပ်ခွဲတန် စဉ့်အိုး ပုတိုက်တိုက်ကလေးတွေနှင့် ပန်းအလှပြင်သည်ကို ဝေဝေ သဘော ကျခဲ့ဖူးသည်။

ဝေဝေတို့အိမ်မှာ မီးဖိုချောင်ထဲက ဆားအိုး၊ ငါးပိအိုး၊ မနှင်းပွင့်ရဲ့ နံရံကပ်စာအုပ်စင်မှာကျတော့ ခြောက်လပန်း အဆုပ် အဆုပ်တွေနှင့် တင့် တယ်နေကာ တိုက်ပန်းဖြူကလေး တစ်နွယ် နှစ်နွယ် ရစ်သွယ်ချထားသည် မှာ ချစ်မက်ဖွယ်ရာ ကောင်းသေးတော့။

သည်လို အကုန်အကျ မများသော အလှအပ အပြောက်အမွမ်းတွေ ကိုတော့ ဝေဝေ ကြိုးစားစိတ်ကူးရပေမည်။

သို့သော် တစ်ခုခက်သည်က ဝေဝေ့ ဒေါ်ဒေါ်ကြီး။

ဒေါ်ဒေါ်ကြီးကား ဝေဝေ့အိပ်မက်တွေ ကစဉ့်ကလျား လွင့်ပါးအောင် တရွှေခြောက်တတ်သူ ဖြစ်သည်။

ဖေဖေနှင့် မေမေ အိမ်ထောင်ရေးပြိုကွဲစ၊ ဝေဝေ လေးငါးနှစ်ရွယ်

mgyoe.com

mgyoe.com


လောက်ကပင် ဒေါ်ဒေါ်ကြီး၏ အရိပ်အာဝါသအောက်မှာ ဝေဝေ လုံးဝ မှီခိုခဲ့ရသည်။ ခုလို ဖေဖေရော မေမေပါ အိမ်ထောင်သစ်ကိုယ်စီ ထူထောင်လျက် သူတို့လမ်း သူတို့ လျှောက်ကြပြီဆိုတော့ ဝေဝေ့ဘဝမှာ ဒေါ်ဒေါ်ကြီးတစ်ယောက်သာ ယုံကြည်ကိုးစား အားထားရာပင်။

ဆွေစဉ်မျိုးဆက်မှာ ပညာရေးထူးချွန်သူ မရှိသလောက် ဖြစ်လေတော့ ဒေါ်ဒေါ်ကြီးက ဝေဝေ့ကို ပညာတတ်မကြီးဖြစ်ရန် အားကုန်တွန်းပို့သည်။

ဝေဝေ့လို အေးတိအေးစက်၊ ကန့်ကလျ ကောင်မလေးအား ရွှေပေါင်ခံ ငွေတိုးချေးသော လက်ငုတ်လက်ရင်း လုပ်ငန်းကို အမွေဆက်ခံစေချင်သော်လည်း ဖြစ်မြောက်မည် မဟုတ်ဟု တွက်ဆထားပုံရသည်။

သို့ဖြင့် ဆယ်တန်းကို သုံးကြိမ် ဖြေပြီး၊ မြန်မာစာ ဝိဇ္ဇာဘွဲ့ကို အများတကာထက် တစ်နှစ် ပိုဆည်းပူးရသည်အထိ ဒေါ်ဒေါ်ကြီးက စိတ်ရှည်လက်ရှည် လက်သပ်မွေးခဲ့သည်။

ဝေဝေ တတိယနှစ် အရောက်မှာ ဝေဝေနှင့် ကိုဇော်တို့၏ အနေအထားကို ဒေါ်ဒေါ်ကြီးအား ပွင့်ပွင့်လင်းလင်း အသိပေးခဲ့ကြလေသည်။

ကိုဇော် ဆေးတက္ကသိုလ်ကျောင်းသားဖြစ်တာ၊ ဆရာဝန်လောင်းဖြစ်တာ တစ်ခုတည်းနှင့်ပင် ဒေါ်ဒေါ်ကြီးက ကျေနပ်သည်ထင်၏။ ဝေဝေတို့ကို ကြည်ကြည်ဖြူဖြူ ခွင့်ပြုထားခဲ့သည်။

"တင့်တင့်တယ်တယ်တော့ မင်္ဂလာဆောင်မှနော်၊ ကရဝိက်တို့ အင်းလျားလိတ်တို့ မဟုတ်တောင် သမ္မတလောက်တော့ ဖြစ်ပေစေ၊ ငွေရေးကြေးရေး ဒေါ်ကြီး မကပ်သတ်ဘူး၊ လုံးဝတာဝန်ယူပါတယ်လို့ မပြောလိုက်ချင်တာက ကိုယ့်တူမကလည်း ဟင်းရွက်ကန်စွန်း မဟုတ်ဘူးအေ့၊ သူ့ဂုဏ်ကိုယ့်ဂုဏ်လည်း ကြည့်ရသေးတယ်"

ဘာပဲဖြစ်ဖြစ် ဒေါ်ဒေါ်ကြီး၏ မျှော်မှန်းချက် တစ်ခေါ်တဆန့်ခရီးကို ဝေဝေ တွေးဆမိပြီဖြစ်ရာ နည်းနည်းတော့ လန့်စပြုသည်။

ဒေါ်ဒေါ်ကြီး နားလည်သည့် ဆရာဝန်ကတော် ဆိုသည်မှာ ဂျပန်ကား လှလှကလေးစီးပြီး စိန်နားကပ် တဝင်းဝင်း၊ ခြွေရံသင်းပင်းတွေ တစ်ပြုံတစ်မနှင့်။

အိပ်မက် မက်ကြတာချင်းတူသော်လည်း ဒေါ်ဒေါ်ကြီး၏ အိပ်မက်

mgyoe.com

mgyoe.com


တွေမှာ မတန်တဆ လောဘကြီးလွန်းသည် ထင်သည်။

ဝေဝေကတော့ အတိုင်းအတာကလေး တစ်ခုထဲမှာပင် ရှိသည်။ စိတ်ကူးအာရုံသည် ရုပ်ခန္ဓာနှင့် သိပ်အလှမ်းမကွာလှ။ လက်တစ်ကမ်းမှာပင်ရှိပြီး ဗြုန်းခနဲ ဖမ်းဆွဲချုပ်ထိန်း၍ရသည်။ အလွယ်တကူ အနားသတ်၍ ရသည်။

"ကိုယ် အလုပ်ဝင်ရရင် ဆေးရုံပြေးရ၊ ဆေးခန်းပြေးရနဲ့ ဝေတော့ ပျင်းနေမှာနော်၊ သားသားတွေ မီးမီးတွေ အဖော်မရခင်တော့ ..."

"အို ..." ဟု ဝေဝေက ပါးပြင်တွေ ရဲရဲနီရာက အားတင်းပြီး ...

"အို ... ဝေလည်း လူမှုရေးတွေ လုပ်ရဦးမှာပေါ့"

"နယ်မှာဆိုရင် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌတို့ ဘာတို့ ဖြစ်နိုင်တာပေါ့"

လွှတ်ခနဲ ပြောမိပြီးမှ ဆရာဝန်ကတော်ဘဝကို ဝေဝေ ဘယ်လောက်အထိ အိပ်မက်ရှည်တွေ အစဉ်အဆက် မက်လျက် ရှိသည်မှာ အထင်အရှားဖြစ်သွားတော့ကာ ရှက်ပြီးရင်း ရှက်ရပြန်လေသည်။

ဘာဖြစ်လဲ၊ ကိုဇော် ဆရာဝန် ဖြစ်မယ်လို့ မမျှော်မှန်းနိုင်သေးတဲ့ ဆယ်တန်းကျောင်းသား ဘဝထဲက ချစ်ခဲ့တာပဲ။

ကိုဇော်ကတော့ အားပါးတရ ရယ်ကာ ဝေဝေ့ ပခုံးတွေကိုပွေ့ရင်း ...

"ညနေပိုင်း ဆေးခန်းဖွင့်တော့ ဆေးခန်းမှာ လိုက်ထိုင်ပေးပေါ့၊ ဆရာဝန်ကတော် ချောချောကလေး ထိုင်ရင် ကိုယ့်လူနာတွေ အာရုံပြောင်းတာပေါ့"

ကိုဇော့်ကို တစ်ချက် နှစ်ချက် ထုမိသော်လည်း ရင်ထဲမှာတော့ ကျေနပ်ခြင်းကြီးစွာ ကျေနပ်နေမိလေသည်။

× × ×

"ရွာက ကိုယ့်အတွက် အိမ်ကို ဆေးခန်းနဲ့ တွဲပေးထားတယ်တဲ့ ဝေရဲ့"

ကိုဇော်က အရင်ဆုံး စကားစသည်။

သည်စကားတစ်ခွန်းနှင့်ပင် အိပ်မက်ကိုယ်စီမှ လန့်နိုးကြကာ နှစ်

mgyoe.com

mgyoe.com


ယောက် ပြိုင်တူ မြေကြီးပေါ် ပြန်ကျလာကြလေသည်။

ဟုတ်တာပေါ့၊ သည်ကျေးရွာ သမဝါယမ ဆေးခန်းမှာ အလုပ်ရဖို့ ကိုဇော်က လူကိုယ်တိုင် သွားလျှောက်ခဲ့သည်ကို ဝေဝေပင် မရိပ်မိလိုက်။ အလုပ်ခန့်စာရ၍ တစ်ပတ်အတွင်း အလုပ်စဝင်တော့မည်ဆိုမှ ဝေဝေ့ကို ရွှေရင်အေးတိုက်ရင်း အသိပေးသည်။

သည်တော့မှ ဒေါက်တာဇော်မြင့်ရဲ့ သမိုင်းအစကိုပါ ဝေဝေ နားဆင်ခဲ့ရလေသည်။

ကိုဇော့်မှာ မိဘတွေ မရှိကြတော့တာကို ဝေဝေ ကနဦးကတည်းက သိသည်။ ဘဝတူချင်း စာနာမှုဖြင့် ယုယညှာတာကာ သံယောဇဉ်နှောင်ဖွဲ့မိသည်အထိ။

ကိုဇော့်ကို ကျောင်းထားပေးကြသည့် ဦးလေး အဒေါ် ဆိုသူတွေမှာ ဆွေမတော် မျိုးမစပ်သည့် မွေးစားမိဘတွေမှန်း ဝေဝေ ခုပြောမှသိတော့သည်။

ဝတ္ထုထဲကလိုပါပဲ ...။

မွေးစားမိဘများမှာ တစ်ဦးတည်းသော သမီးကလေး ရှိသည်။ ကိုဇော် ဒေါက်တာဇော်မြင့် ဖြစ်လာတော့ သူတို့သမီး ချစ်မငြိမ်းနှင့် လက်ထပ်ဖို့ တောင်းဆိုလာကြသည်။ ရွှေဘုံသာလမ်းက ဆေးခန်းတစ်ခုမှာ အလုပ်ကလည်း အသင့်။

ဝတ္ထုထဲကအတိုင်း ဆိုလျှင်တော့ ကျေးဇူးရှင်ကို ကျေးမစွပ်ကောင်းသော ဝတ္ထုကောင်းတို့၏ ဦးတည်ချက်အတိုင်း ဒေါက်တာ ဇော်မြင့်က ဝေဝေ့ကို ရည်းစားစာတွေ ဘာတွေ ပြန်ပေးပြီး မျက်ရည်ဖြင့် နှုတ်ဆက် အနမ်းတွေ ခြွေလိမ့်မည်ပေါ့။

အင်းလျားလိတ်မှာ ချစ်တဲ့သူရဲ့ လက်ထပ်ပွဲ သီချင်းသံတွေ လျှံလို့နေမည်ပေါ့။ ခွင့်လွှတ်ခြင်း၊ သဘောထားကြီးခြင်းနှင့် သံယောဇဉ် မပျက်ပြယ်နိုင်ခြင်းတို့ဖြင့် ခန်းမဆောင် တစ်ထောင့်မှာ မီးခိုးရောင်ဝတ်စုံ ဆင်မြန်းကာ အသည်းကွဲရမည့်သူက မိဝေဝေပေါ့။

သို့သော် ကိုဇော် ယောကျ်ားကောင်းတကား။

ဝေဝေ့ကိုပဲ လက်ထပ်ဖို့ ဆုံးဖြတ်ရဲရင့်သည်။ ကျေးရွာ သမဆေးခန်း

mgyoe.com

mgyoe.com


မှာ အလုပ်လုပ်ရင်း ငွေစုမည်တဲ့။ သူတို့ရင်းနှီးစိုက်ထုတ်ထားသည့် ကျောင်းစရိတ်ကို တဖြည်းဖြည်း ပြန်ဆပ်သွားမည်တဲ့။

လောကမှာ နှစ်ခုစလုံး တစ်ပြိုင်နက် လိုချင်၍မရဟု သိုးဆောင်းစကားပုံ ရှိသည်။ မြန်မာ့အတွေးနှင့် ပြောရလျှင် ငါးရံ့နှစ်ကောင် တစ်ပြိုင်နက် ဖမ်းလျှင် လွတ်တတ်သည်တဲ့။ စည်းစိမ်ချမ်းသာသည် ဆရာဝန်ပေါက်စ ဒေါက်တာဇော်မြင့်နှင့်အတူ မပါနိုင်ချေ။

ဝေဝေ ကျေနပ်သည်။

ကျောင်းစရိတ် ပြန်ဆပ်မည်ဆိုခြင်းအတွက် ဝေဝေ ပိုပြီး ကျေနပ်သည်။

ဒေါ်ဒေါ်ကြီးကတော့ မကျေနပ်ချင်လည်း ခဏပါပဲ။ တဖြည်းဖြည်းတော့ သူလည်း နားလည်သွားပေလိမ့်မည်။ တစ်ချိန်ချိန်မှာတော့ လူတိုင်းမြေကြီးပေါ် ဖုတ်ခနဲ ပြန်ကျရမည်ပင်။

လောလောဆယ်တော့ ဝေဝေတို့ အစီအစဉ်ကို အရွှေ့အပြောင်း ခဖြည့်အစွက် မခံနိုင်သေးရာ၊ မနက်ဖြန် အိမ်မှ တိတ်တဆိတ်ထွက်ပြီး တရားရုံးမှာ လက်မှတ်ရေးထိုး လက်ထပ်ကြရမည်။

သန်ဘက်ခါ ဗန္ဓုလ သင်္ဘောဖြင့် မြောင်းမြသို့ ခရီးထွက်မည်။ အပြီးအပိုင်လို့ မပြောချင်သေးသည်မှာ ကျေးရွာ သမဆေးခန်းတွင် ဆရာဝန်ဘဝကို မမြုပ်နှံစကောင်းဟု ဝေဝေ ယူဆသည်။

ကိုဇော် ဆက်လက်ဆည်းပူးရန် ရှိသေးသည်လေ။ စာတွေ့ လက်တွေ့ ဖွံ့ဖြိုးမှုအတွက် မြို့သို့ ချဉ်းကပ်ရဦးမည်။ ဆေးရုံကြီးတွေမှာ တစ်လှည့်တစ်ပြောင်း ပညာယူရဦးမည်။

ခုတော့ ...

"သူစိမ်းပြင်ပြင်တွေကြား သွားရတော့မယ်ဆိုပြီး အားမငယ်နဲ့နော် ဝေဝေ၊ မြောင်းမြမှာရှိတဲ့ ဒေါက်တာဌေးနိုင် ဆိုတာလေ၊ သတင်းစာ မဂ္ဂဇင်းတွေမှာ ဆေးဆောင်းပါးတွေ ရေးနေတာ ဝေ သတိထားမိမလား မသိ၊ အဲ ... သူက ကိုယ်နဲ့ ညီအစ်ကိုလို ရင်းနှီးတာ၊ သူပဲ အလုပ်ရဖို့ အစီအစဉ်တွေ ဦးဆောင်လုပ်ပေးတာ၊ သင်္ဘောဆိပ်ကို သူကိုယ်တိုင် ဆင်းကြိုမှာ ဝေရဲ့"

mgyoe.com

"မြောင်းမြနဲ့ သိပ်ဝေးလားဟင်"

"မြောင်းမြနဲ့ နှစ်မိုင်ခွဲလောက်ဝေးတဲ့ လောက်ဖျားရွာဆိုတာ ရှိတယ်၊ မြောင်းမြစား လောက်ဖျားရဲ့ရွာ၊ အဲဒီ လောက်ဖျားရွာက တစ်နာရီ သာသာလောက် လျှောက်ရသတဲ့ ဝေရဲ့"

ဝေဝေသည် ပို၍ပင် နားရှုပ်သွားပြီး အတွေးအလုပ်ကို ဖြုန်းခနဲ ရပ်ပစ်လိုက်သည်။

ဘယ်မှာပဲဖြစ်ဖြစ် နေရေး စားရေးသာ အဓိကကျသည်လေ။ ကိုဇော် ဆရာဝန်လခနှင့် ကော်မရှင်နှုန်းနှင့်ဆိုလျှင် ရှစ်ရာ တစ်ထောင်တော့ ရမှာပဲ။

စားစရိတ်က ဆီနှင့် ဆန်က လွဲလျှင် တောမှာ အကုန်အကျ မများလှ။ မြောင်းမြမှာ ငါးခြောက်၊ ပုစွန်ခြောက် ပေါသည်ဟု ကြားဖူးသည်။ ဆန်ကောင်းလည်း စားရဦးတော့မည်။

ဘာပဲဖြစ်စေ ချွေတာ ငွေစုရမည်လေ။

ကိုဇော့်ကြွေးတွေကို ဆပ်ရဦးမည် မဟုတ်လား။

ကြွေးမကျေသရွေ့ အစစအရာရာ အကျဉ်းရုန်းနိုင်သမျှ ရုန်းရဦးမည်။

"ကိုဇော်ရေ မွေ့ရာတွေ၊ ခုတင်တွေ မဝယ်နိုင်တောင်မှ စောင်တို့ ခေါင်းအုံးတို့၊ သင်ဖြူးတို့လောက်တော့ ဝယ်ဦးမှ"

လက်တွေ့စကားဖြင့် ဝေဝေက သတိပေးလိုက်ရာ ကိုဇော်က ရွှေရင်အေးဖိုးကို အလျှင်အမြန် ထုတ်ရှင်းရင်း ...

"တစ်ထောင်တောင် မပြည့်တော့ဘူး ဝေရယ်၊ လောလောဆယ် မရှိမဖြစ်ပစ္စည်းတွေ ဝယ်ရင်တောင် လောက်ပါ့မလား"

ဝေက လည်ပင်းမှ တစ်ကျပ်သားချိန်းကြိုးကလေးကို အမှတ်မထင် စမ်းမိသည်။

"ဖြစ်ပါတယ် ကိုဇော်ရယ်၊ လာ ... လာ ... ပန်းကန်တွေ အိုးထွေပါ တစ်ခါတည်း ဝယ်ရအောင်၊ ကုန်တိုက်ပဲ တက်ကြပါစို့၊ ဗိုလ်ချုပ်ဈေးမှာ အချိန်ဖြုန်းနေတာကြာပြီ၊ လာ သွားစို့"

သို့သော် ဗိုလ်ချုပ်ဈေးမှ မထွက်ခင် "စီ" ရုံထဲက အသိ ရွှေဆိုင်

mgyoe.com

 mgyoe.com 

ကိုတော့ ဝင်ရဦးမည်။

ဝေဝေ့ရင်ထဲမှာ ပူနွေးသော နှလုံးသွေးတို့ လှည့်ပတ် လှုပ်ရှားနေကြသည်။

အိပ်မက်မှလန့်ပြီး တရေးနိုးလာသူလို ရင်ခုန်သံတဒိုင်းဒိုင်း မြည်နေ၏။

ဆွဲကြိုးကို မသိမသာဆွဲဖြုတ်ပြီး လက်ထဲမှာ ဆုပ်လာခဲ့သည်။

ဘာဖြစ်လဲ။ နယ်တစ်နယ်၊ ဆေးရုံတစ်ခုခုမှာ ကိုဇော် အလုပ်ဝင်ခွင့်ရလျှင် မျှော်လင့်စရာတွေ အပြည့်။ လေ့ကားဆုံးအောင် တစ်ထစ်ချင်းနင်းပြီးမှ တက်ရသည်။

"ကိုဇော့်ရွာမှာ တွဲဖက် အ–ထ–က တွေ ဘာတွေ မရှိဘူးလားဟင်"

"အဲဒါတော့ မစုံစမ်းမိဘူး ဝေရဲ့၊ ဘာဖြစ်လို့လဲ"

"ဘာမှ မဟုတ်ပါဘူး" ဟု ဖြေရင်း ဝေဝေက နှုတ်ဆိတ်နေသည်။

တွဲဖက်ကျောင်းရှိလျှင် ဆရာမ လုပ်ချင်သေးသည်။

ဆရာဝန်ကတော် အဖြစ်သာမက၊ ကိုဇော့်ဇနီး အဖြစ်သာမက၊ ကျောင်းဆရာမ ဒေါ်ဝေဝေခင် ဖြစ်ချင်သေးသည်။ ဒါမှလည်း ဘဝသည် ပိုပြီး အဓိပ္ပာယ်လေးနက်လာမည်ထင်၏။

ကျောင်းစိမ်းထဘီကလေး ဝတ်ကာ မြေဖြူတွေ ပေကျံသော လက်ဖြင့် ကိုဇော့်လက်မောင်းများကို တင်းတင်းဆုပ်ရင်း အိပ်မက်လှလှကလေးတွေ ဆက်ပြီးမက်ရန် ရှိသေးသည်။

ဘဝခရီးတစ်ကွေ့ ဝင်္ကပါမှာ အိမ်ထောင်ဦးကာလသည် နေရောင်ကို အပြီးအပြင်မြင်ရသေးသည် မဟုတ်။

မိုးမသောက်မီ နေခြည်အနှိုးကိုစောင့်ရင်း တစ်ရေးမျှ မေးစက်အားယူနိုင်သေးသည်။ ။

[၁၉၈၃–၈၄ ခုနှစ်၊ ဆေးတက္ကသိုလ် (၁) နှစ်လည်မဂ္ဂဇင်း]

❖

mgyoe.com

mgyoe.com

# အချစ်တင်းကုပ်

အဝေးကြီးကတည်းကပင် အောင်ချမ်းသာကို မြင်သည်။ နွမ်းနွမ်းကြေကြေ ဖိုးရိုးဖားရား ဝတ်စားဟန်မှာ အောင်ချမ်းသာ၏ မူပိုင်ပုံစံဖြစ်သည်။ လေတိုးလျှင် ပြိုလဲတော့မည့် ကျူရိုးခန္ဓာကိုယ်နှင့် ပွရောင်းတွဲအိသော တိုက်ပုံအနက်ကြီးမှာလည်း ဘယ်လိုမှ မလိုက်ဖက်။ ကိုလှဝင်းကိုမြင်သော် ညာဘက်လက်ကို မိုးပေါ်မှာဝှေ့ယမ်းကာ ဒီမှာ အလှူခံပုဂ္ဂိုလ်စောင့်နေတယ်ဗျို့ဟု လှမ်းအော်သည်။

ကိုလှဝင်း ရွှေကြည်အေးရှေ့သို့ ရောက်တိုင်း အောင်ချမ်းသာကို အမြဲသတိရတတ်သည်။ အိတ်ထဲမှာ ငွေပါလျှင် အောင်ချမ်းသာကို ဝဝလင်လင် ကျွေးမွေးပြုစုချင်သည်။ အောင်ချမ်းသာကလည်း ကံကိုမကောင်း။

ကိုလှဝင်း အိတ်ဖောင်းချိန်မှာ သူ ဘယ်ပျောက်နေသလဲမသိ။ အပိုအလျှံမပါသောနေ့များတွင်မှ အောင်ချမ်းသာကို ပက်ပင်းတွေ့ရတတ်သည်။ အနည်းဆုံး ငါးကျပ်တစ်ဆယ်တော့ ပေးရတတ်မြဲ။

နာမည်နှင့်လူ မလိုက်ဖက်သူများထဲတွင် အောင်ချမ်းသာမှာ ထိပ်ဆုံးကပါသူဖြစ်သည်။ နာမည်ကသာ အောင်ချမ်းသာဆိုသော်လည်း ဆင်းရဲလိုက်သည်မှာ ကြည့်ရက်စရာပင်မရှိ။ သူ့ဘဝကို အနီးကပ်သိသူတိုင်း

mgyoe.com

စုတ်မသပ်ဘဲ မနေနိုင်။ ထမင်းပွဲတွင် ဘူးသီးပြုတ်၊ သဘော်သီးပြုတ်များ ပုံပိုး ကျားကန်ပြီး စားရသည်မှာ သူတို့မိသားစု၏ အစဉ်အလာဖြစ်သည်။

မဂ္ဂဇင်းအချို့တွင် မေ့မှတစ်ခါ လျော့မှတစ်ခါ ပါလာတတ်သော အောင်ချမ်းသာ၏ လက်လုပ်လက်စားဘဝ သရုပ်ဖော်ဝတ္ထုတိုလေးများ မှာလည်း စာဖတ်သူကို အပူကူးစက်စေသဖြင့် လူမကြိုက်ချေ။

စာရေးခြင်းမှတစ်ပါး အခြားဝင်ငွေရှိသော အလုပ်လည်းမရှိ။ ဆိပ်ကမ်းသဘော်ကျင်းမှ ညစောင့်ဒရဝမ်အလုပ် ပြုတ်ခဲ့သည်မှာလည်း ကြာပြီ။ အသက်ငင်နေသော မဂ္ဂဇင်းတစ်စောင်မှာ နာမည်ဖော်ပြခွင့်မရ သည့် အယ်ဒီတာခေါ် စာမူကောက် ပြာတာလုပ်ခဲ့တုန်းကလည်း လခ ဟုတ်တိပတ်တိ မရရှာ။ မဂ္ဂဇင်းဥယျာဉ်မှူး အပြောင်းအလဲတွင် အောင်ချမ်းသာ 'ပေါင်းပင်' ဖြစ်ခဲ့ရပြန်သည်။

သူ အလုပ်လက်မဲ့ဖြစ်နေသည်ကို မိန်းမ သိပုံမရ။ အလုပ်ရှိတုန်းက လိုပင် အိမ်က နေ့စဉ်မှန်မှန် မြို့ထဲထွက်သည်။ နံနက်ပိုင်းမှာ စာပေဗိမာန် စာကြည့်တိုက်၌ ပုံမှန်ထိုင်ကာ ဝတ္ထုတိုကလေးတွေရေးသည်။ ဆယ်ပုဒ်မှာ တစ်ပုဒ်ပင် ပုံနှိပ်ခွင့်ရဖို့ လမ်းမမြင်သော်လည်း သူ စိတ်မပျက်။ ရေးဖို့ က ကိုယ့်တာဝန်။ ပယ်ဖို့ကအယ်ဒီတာအလုပ်ဟု ကွမ်းအစားမပျက် ပြောလေ့ရှိသည်။

ညနေပိုင်းကျတော့ ရွှေကြည်အေးရှေ့က ခရေရိပ်အုတ်ခုံမှာ တင်ကျီး မှိုင် မှိုင်နေသော အောင်ချမ်းသာကို တွေ့နိုင်သည်။ ၃၃ လမ်း ရေမြောင်း အစပ်တွင် စုရပ်သတ်မှတ်ထားသော အရက်သမားအသင်းကို သူ စိတ် မဝင်စားအား။

လက်ဖက်ရည်သောက်ခေါ်သူရှိလျှင် သူ ဝင်ထိုင်သည်။ သို့သော် လက်ဖက်ရည်ကား မသောက်။ မကြိုက်၍ မဟုတ်။

တကြွတ်ကြွတ်မြည်နေသော ဝမ်းကို ရေနွေးကြမ်းတစ်ခွက်သောက် ချပြီး ဖောင်းကားစေသည်။ ဝိုင်းသိမ်းလျှင် ကျွန်တော် မုန့်တစ်ခုယူမယ် ဗျာဟု ခွင့်တောင်းပြီး သူ့လွယ်အိတ်ဟောင်းကြီးထဲ ကောက်ထည့်တတ်မြဲ။

"မြေးကလေးအတွက်ဗျ။ ဒီကောင်က သိပ်တတ်တဲ့အကောင်။ ကျွန် တော် အိမ်အပြန်မှာ မုန့်တစ်ခုခုမပါရင် ပွက်လောရိုက်တာပဲ"

mgyoe.com

mgyoe.com

သူ့မှာ ကလေးငါးယောက်ရှိသည်။ သမီးအကြီးမက အိမ်ထောင်သည်မို့ မြေးနှစ်ယောက်ပင် ရနေပြီ။ သားအလတ် ကိုရင်ဝတ်နေတာ သုံးနှစ်ကျော်ပြီဟုလည်း မောဟိုက်သံနှင့် ပြောပြတတ်သည်။ အငယ်တွေလည်း တစ်ယောက်မှ ကျောင်းမနေနိုင်ကြ။ အိုးတိုက်ဖွဲပြာရောင်းပြီး မီးဖိုချောင်ကို ကျားကန်နေကြရရှာသည်။

လွန်ခဲ့သော အပတ်ထဲကပင် ကိုလှဝင်းက သူ့ သူငယ်ချင်း ဦးစီးနေသော လစဉ်တင်ထုတ် စာစောင်တစ်ခုမှာ အောင်ချမ်းသာကို စာပြင်ဆရာအဖြစ် အလုပ်သွင်းပေးထားသည်။ ကိုယ့်လူကြီး ဘာကြောင့် တိုက်ကို မသွားတာလဲမသိ။ ရွှေပြည်အေးရေ့မှာ လတ်လျား လတ်လျား မြင်ရတော့ စေတနာပျက်ချင်သည်။

"ကိုယ့်လူ အလုပ်မဆင်းဘူးလား"

"အေးအေး ဆေးဆေး ပြောပြမယ်ဗျာ။ မိန်းမက တင်းမာမှုကြီးထွားနေလို့ဗျ"

"လင်နဲ့မယား လျှာနဲ့သွားပဲဗျာ။ ရန်ဖြစ်ကြတာ အဆန်းလား"

အောင်ချမ်းသာက အကြမ်းရေးထားသော စာတစ်စောင်ကို ထုတ်ပြသည်၊ နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲခြင်း။ သူတို့လင်မယား တရားဝင်လမ်းခွဲကြမည့် စာချုပ်မူကြမ်း။

"မိန်းမက ကွာစာတောင်းနေလို့ဗျာ။ အဲဒါ စာချုပ်ပုံစံဝယ်ဖို့ ငွေတစ်ဆယ်လောက် ပေးပါဦး"

"ဟော့လူ . . . မရဘူး။ ဒီကိစ္စမျိုးကို ကျုပ်အား မပေးဘူး။ လင်မယားချင်းပဲ၊ သည်းခံကြမှပေါ့။ ကျွန်တော်သိတယ်။ ခင်ဗျားမိန်းမကို မေးကြည့်မနေတော့ဘူး။ ခင်ဗျားဘက်က အလွန်ပဲဖြစ်မှာ"

"အပေါင်းအသင်းတိုင်းက အဲဒီလိုပဲ ပြောကြတယ်ဗျာ။ ၂၃ နှစ်ကျော်ပေါင်းလာတဲ့ မိန်းမပဲ ဘယ်ကွာချင်ပါ့မလဲ။ လက်ပေါ် မီးပွားကျလို့သာ ကျွန်တော် ခွာချရတာပါ။ စာချုပ်ဝယ်ဖို့ ပိုက်ဆံမပေးရင်လည်း ဆန်ထုတ်ဖို့တော့ ပေးဦးဗျာ။ ပြည်သူ့ဆိုင်မပိတ်ခင် အိမ်ကို အမြန်ပြန်ရမှာ"

ဆန်ဖိုးကို စာချုပ်ဝယ်ပစ်မှာ စိုးရသေးသည်။ ဒီလူက စိတ်ချရတာ မဟုတ်။ ကိုလှဝင်းကိုယ်တိုင် မျက်နှာသိ ပြည်သူ့ဆိုင်မှာ ဆန်ငါးပြည်

mgyoe.com

mgyoe.com
ထုတ်ပေးပြီး အပြန်စရိတ်ငွေ နှစ်ကျပ်နှင့်အတူ ကားပေါ် တင်ပေးလိုက်ရသည်။

စိတ်ထဲမှာတော့ မကောင်း။ မေးလည်းမမေးရက်၊ ဒီလူ့မိန်းမ စည်းရိုးချိုး ထွက်ပြေးပြီလားမသိ။ ဖြစ်တော့မဖြစ်နိုင်။ မိန်းမက ရုပ်ရည်လည်း မသားနား။ စာမတတ်။ လက်မှုပညာမရှိ။ လွတ်လွတ်လပ်လပ်လည်း မဟုတ်။

သည်မိန်းမမျိုးကို အနစ်နာခံပြီး စောင်မကြည့်ရှုမည့်သူ ရှိမည်မထင်။

× × ×

သို့သော် လောကကြီးမှာ မထင်တာတွေ ဖြစ်တတ်လေသည်။ ကိုလှဝင်း "အထင်"သည် လက်တွေ့ မျက်မြင်နှင့် ဆန့်ကျင်ဘက်။

တစ်နေ့တွင် လမ်းကြုံသဖြင့် ဓာတ်ပုံပဒေသာ တင်ထုတ်စာစောင် တိုက်သို့ဝင်ဖြစ်သည်။ အရွယ်မျိုးစုံ ဓာတ်ပုံတွေဖြတ်ညှပ်ကပ် အလုပ်ရှုပ်နေသော သူငယ်ချင်းအယ်ဒီတာက မျက်မှန် ပိစိကွေးလေးပေါ်မှ အိမ်မြှောင်ကြည့် ကျော်ကြည့်ရင်း ခေါင်းကုတ်ပြသည်။

"ခင်ဗျားလူ ကိုအောင်ချမ်းသာက အလုပ်ဝင်မယ့်အရေး ရက်ကောင်းရက်မြတ် ရွေးနေသေးတယ်။ အမှတ်တရဖြစ်အောင် မတ် ၂၇ ရက်မှ အလုပ်စဆင်းမယ်တဲ့။ ဒီနေ့ သူ အလုပ်ဆင်းမယ့်နေ့ပဲ။ နေ့လယ်နှစ်နာရီကျော်ပြီ။ ခုထိ ပေါ်မလာသေးဘူး"

"ဒီလူ့ကို အလုပ်ပေးတာ ငတ်နေသူကို ထမင်းကျွေးတယ်ပဲ သဘောထားပါကွာ။ ကုသိုလ်ရပါတယ်။ သူ့အိမ်တွင်းရေးပြဿနာတွေ ရှုပ်ထွေးနေလို့ အလုပ်မဆင်းနိုင်သေးတာ ဖြစ်ပါလိမ့်မယ်"

ပြောနေဆဲမှာပင် အောင်ချမ်းသာ ပေါက်ချလာသည်။ ခါတိုင်း တွေ့နေကျပုံစံထက်ပင် ပိုပြီးစုတ်ချာနေ၏။ ရှပ်အင်္ကျီပင်မပါ။ စွပ်ကျယ်လက်ပြတ်ဝါကြင်ကြင်မှာ ခြောက်သွေ့ပိန်ကပ်နေသော အရိုးပဒေသာ ခန္ဓာကိုယ်ပေါ်တွင် မဆံ့မပြဲ တင်းကျပ်နေ၏။ သားတော်မောင်ပစ္စည်းကို အရေးပေါ်ကောက်စွပ်လာခြင်းဖြစ်ဟန်တူသည်။

"အိမ်ရှင်မနဲ့ ငြိမ်းချမ်းရေးရပြီလား"
mgyoe.com

"စေ့စပ်ဆွေးနွေးလို့ကို မရတော့ဘူးဗျ။ ကွာစာလက်မှတ်ထိုး ပေးလိုက်ရတယ်။ မိန်းမက လမ်းထဲက ကောင်လေးတစ်ယောက်နဲ့ လိုက်ပြေးတာ။ ယောက္ခမကြီးက ဟိုတိုင် ဒီတိုင်လုပ်လို့ ကောင်လေး အမှုဖြစ်ပြီး ရာထူးချခံနေရတယ်။ ဟိုကောင် ထောင်မကျအောင် တရားဝင်ကွာရှင်း ပေးလိုက်ရတယ်။ သားသမီးတွေက သူတို့အမေကို ငိုယိုတောင်းပန်တာ တောင် မရတော့ဘူး။ ငါ့ခေါင်းထဲမှာ နင်တို့မရှိတော့ဘူးတဲ့။ ကျွန်တော့်ကို ဘာပြောတယ်မှတ်သလဲ။ ရှင် အနှောင့်အယှက်မပေးပါနဲ့တဲ့။ ကျွန်မတို့ချင်းက အရမ်းချစ်နေကြတာတဲ့"

"ရေစက်ကုန်ပြီလို့ သဘောထားပေါ့ဗျာ။ ကလေးတွေကိုတော့ ပိုဂရုစိုက်ပါ။ သူတို့အားငယ်ကြလိမ့်မယ်။ ကိုယ့်လူ အလုပ်လည်းရပြီပဲ။ ခေတ်မီအောင်လည်း နေဗျာ။ ရိုးလွန်လွန်းတော့လည်း ဖျင်းရာ နုံရာရောက်တယ်ဗျ"

အလုပ်ဝင်ပြီးနောက်ပိုင်းတွင် အောင်ချမ်းသာတစ်ယောက် အသွင်သစ်လာသည်။ စင်ကြယ်သန့်ပြန့်လာ၏။ အလုပ်ရှင်ကလည်း အသောက်အစားမရှိ၊ ရိုးရိုးကုပ်ကုပ်နေတတ်သော အောင်ချမ်းသာကို ယုံကြည်စိတ်ချသည်။ လစာအပြင် ထမင်းဖိုးနှင့် လမ်းစရိတ်များပင် မကြာခဏ ပေးလေ့ရှိသည်။ သူ့လက်ရာ ဝတ္ထုတိုကလေးများကိုလည်း ဓာတ်ပုံပဒေသာစာစောင်မှာ မကြာခဏ တွေ့ရ၏။

"ကျွန်တော့် မိန်းမ ကံဆိုးတယ်ဗျာ။ တကယ်အငတ်ခံနိုင်တဲ့ မိန်းမဗျ။ သူကောင်းခဲ့တာတွေ အများကြီးရှိတယ်။ ပါရမီဖြည့်ဖက် ရဲဘော်မပဲ။ အခု သူ မကျန်းမာဘူးကြားတယ်။ လွမ်းတယ်ဗျာ၊ တကယ့်ကို စိတ်မကောင်းဘူး"

× × ×

အောင်ချမ်းသာတို့ လမ်းထိပ်ရောက်တော့ ဆွမ်းခံပြန်ချိန်ပင် ကျော်နေပေပြီ။

မနက်အစောကြီးကတည်းက ထွက်လာခဲ့သော်လည်း ဘတ်စ်ကားဒုက္ခပေးသဖြင့် အချိန်တွေပုပ်ခဲ့ရသည်။ ကြွပ်ကြွပ်အိတ်ထဲက ဟင်းလျာ

mgyoe.com

mgyoe.com

ထုတ်များကို ခွေးပိန်တစ်အုပ် လိုက်ဆွဲသဖြင့် အပေါ်မြောက်ကိုင်ထားရသည်။ ခွေးတွေ ပုံပန်းကြည့်ရသည်မှာ ငတ်ပြတ်နေတာ ကြာပြီထင်သည်။

သည် ဟင်းလျာထုပ်ကိုတော့ ခွေးနောက် အပါမခံနိုင်။ ကိုအောင်ချမ်းသာတစ်ယောက် ဖျားနာနေသည်ဟု ညက ယမကာဝိုင်းမှာ သတင်းကြားရသည်။ နေမကောင်းခိုက်မှာ မြိုးမြိုးမြက်မြက်စားနိုင်မှ ကိုယ့်လူ အားဖြစ်မည်မဟုတ်လား။

ညက ဘယ်နည်းဘယ်ပုံ ယမကာဝိုင်း သိမ်းခဲ့သည်ကို မသိတော့။ ဇနီး နော်ပုလဲဖော့နှင့် "လျှာနဲ့သွား" ကိုက်မိတာပဲ မှတ်မိသည်။ သူငယ်ချင်း ကဗျာဆရာတွေရှေ့မှာ ဇနီးသည်က မိန်းမဝါဒတံခွန်ထူပြသဖြင့် ဖန်ခွက်နှင့် ကောက်ပေါက်မိသည်ထင်၏။

ကိုလှဝင်းတို့ လင်မယားမှာ ကျောင်းနေဖက် သူငယ်ချင်းမို့ ငယ်ကျင့်အတိုင်း "နင် ငါ" နှုတ်ကျိုးနေကြသည်။ မိန်းမက လင်သားကို အရိုအသေမရှိ။ နော်ပုလဲဖော့၏ စက်ချုပ်လုပ်ငန်းက နာမည်ရကာ ဝင်ငွေကောင်းသဖြင့် အိမ်ဦးနတ်ကို အရာချချင်ပုံရသည်။

ကိုလှဝင်း နိုးလာတော့ ညဦးပိုင်းက ယမကာဝိုင်းလုပ်ခဲ့သော မယ်ဇလီပင်ကြီးအောက်က ဝါးကြမ်းခင်းကွပ်ပျစ်ပေါ်မှာ တစ်ယောက်တည်း။ ခေါင်းအုံးမရှိ။ စောင်မရှိ။ လေဖြတ်မခံရတာ ကံကောင်း။ ရက်စက်တဲ့မိန်းမ။ အိမ်ရှင်ဝတ္တရားနားမလည်တဲ့ မိန်းမ။ သင်းနောင်ကြဉ်သွားအောင် တစ်ပတ်လောက် အိမ်မပြန်ဘဲ ဆန္ဒပြပစ်လိုက်ဦးမယ်။

အောင်ချမ်းသာ၏အိမ်ဟုခေါ်သော ရှည်မျောမျောတင်းကုပ်ကြီးထဲရောက်တော့ ကိုလှဝင်း ကိုယ့်မျက်စိကိုယ်ပင် မယုံချင်။ လူနာမှာ အောင်ချမ်းသာမဟုတ် အောင်ချမ်းသာ၏ဇနီးဟောင်း မစိန်။ အရိုးပေါ်အရေတင်လျက် မျက်တွင်းဟောက်ပက်။

အောင်ချမ်းသာက မစိန်ကို ကလေးထမင်းကျွေးသလို စိတ်ရှည်လက်ရှည် ဆန်ပြုတ်တိုက်နေသည်။ သူတို့နှင့် မလှမ်းမကမ်းတစ်နေရာတွင် ပေါင်နှစ်ဖက်ပြတ်နေသော လူရွယ်တစ်ယောက် အုန်းဆံကြိုးကျစ်နေ၏။ ကွမ်းယာဆိုင်သုံး မီးညှိကြိုးပေးသွင်းဖို့ ဖြစ်မည်ထင်သည်။ အုန်းဆံခွံပုံကြီးဘေးတွင် ကလေးတစ်စု မှန့်လုံးရေပေါ်လုံးလျက်။

mgyoe.com

mgyoe.com


"ထိုင်ဗျို့ ကိုလှဝင်း၊ ဘာတွေလဲဗျ၊ ခင်ဗျားအထုပ်တွေက။ ဟာ . . . အသားတွေ၊ ငါးတွေပါလား။ ကျေးဇူးကြီးလှပါတယ် သိကြားမင်းကြီးရယ်၊ ဆန်ကုန်နေလို့ မုန့်လုံးရေပေါ်လုပ်စားဖို့ စီမံနေကြတာ။ ကြီးကျစ်နေတာက မစိန်ယောကျ်ားဗျ၊ အလုပ်ခွင်မှာ ထိခိုက်ဒဏ်ရာရလို့ ဒုက္ခိတဖြစ်သွားတာ သူတို့ဘဝ ကံဆိုးမိုးမှောင်ကျနေလို့ ကျွန်တော် ကယ်တင်ထားရတာ။ ခွေးနဲ့နွားတောင် ဘာမျှော်လင့်ချက်မှမရှိဘဲ ချစ်ခင်ကြသေးတာပဲဗျာ၊ အသုံးဝင်မှ ချစ်နိုင်တယ်ဆိုတာ အောက်တန်းကျလှပါတယ်။ ပတ်ဝန်းကျင်ကတော့ နားမလည်ကြဘူးဗျ၊ မခိုန်ဟာ ကျွန်တော့်ကလေးတွေရဲ့ ကျေးဇူးရှင်မိခင်ပါ။ ဒုက္ခရောက်နေသူကို ဆွေမျိုးသားချင်းလို သဘောထားပြီး ကျွန်တော်ကူညီတာ မှားသလားဗျာ၊ ကိုလှဝင်း နားလည်ပါတယ်နော်"

ကိုလှဝင်းသည် စမ်းရေနှင့် အပက်ခံရသလို တစ်ကိုယ်လုံး ကြည်လင်လန်းဆန်းသွားလေသည်။ အိမ်က ထွက်လာတုန်းက ဇနီး နော်ပုလဲဖော့အပေါ်ထားခဲ့သည့် အမျက်ဒေါသများလည်း မရှိတော့။

ကိုလှဝင်း၏ အိမ်အပြန်ခရီးမှာ ခြေထောက်ကို အတောင်တပ်ထားသည့်အလား ပေါ့ပါးသွက်လက်နေလေ၏။

အိမ်အနောက်ဘက် အောက်ချိုင့်ထဲမှ ချိုးကူသံကို သတိပြုမိသည်။ နားဆိမ့်ကာ ရင်ထဲမှာ အေးမြကြည်လင်လျက်။

(၁၉၈၇ ခုနှစ်၊ ဇွန်လ၊ သဘင်မဂ္ဂဇင်း)

❖

mgyoe.com

mgyoe.com

# မယ်တို့မျိုးကား တန်ခိုးနည်းပါး အားလည်းနွဲ့ချေ

မမျှော်လင့်ဘဲ ကြားလိုက်ရသော ညို့စကားတစ်ခွန်းကြောင့် ချဉ်ရည်ဟင်းကို လှမ်းခပ်အံ့ဆဲဆဲလက်သည် တုံ့ခနဲဖြစ်ကာ ကြွေဇွန်းကို အယောင်ယောင်အမှားမှား လွှတ်ချမိလေ၏။

ဝါးလက်စ ထမင်းလုတ်သည် လည်ချောင်းဝတွင် နင်နေကာ 'ဟင်'ဟု ဗလုံးဗထွေးသံဖြင့် ပြန်မေးမိသည်။

သင်းကလေးကတော့ မအေမျက်နှာပျက်ချင်သည်ကို မသိကျိုးကျွန်ပြုယောင်ဖြင့် "ဟက်" ခနဲ တစ်ချက်ရယ်သွမ်းသွေးနိုင်သေးသည်။ ပြီးတော့ တုန်လှုပ်ခြင်းကင်းသော ပကတိလေသံ အေးအေးကလေးဖြင့်–

"ဩော် . . . မေမေ ခွင့်ပြုမယ်ဆိုရင် ညို ဒီသီတင်းကျွတ်မှာ အိမ်ထောင်ပြုဖို့ အစီအစဉ်လုပ်ချင်လို့ပါ"

နားနှင့်ဆတ်ဆတ်ကြားနေရသောစကားတွေကို ဟုတ်မှဟုတ်ရဲ့လားဟု အိပ်မက်ယောင်သူလို့ နားဝေတိမ်တောင် ဇဝေဇဝါဖြစ်ရပြန်သည်။ သို့သော် ပကတိအခြေအနေကို ရှောင်လွှဲချင်၍မရပြီ။ မိမိထံမှ အဆုံးအဖြတ်ကို မျှော်လင့်တောင်းခံနေသော ညို့မျက်လုံး တောက်တောက်ကလေးတွေက ခွန်အားပါလွန်းသည်။ သင်းကလေးကတော့ သူ့အဖေလိုပင် ဘယ်အခါမဆို တည်တည်ငြိမ်ငြိမ် သွေးအေးအေးရှိမြဲ။

mgyoe.com

mgyoe.com


ပြီးတော့ ... ကြည့်လေ။

မအေကို ခွင့်တောင်းရာမှာတောင် သူ့စကားအသွားအလာက အတိုင်းအတာရှိသည်။

"အိမ်ထောင်ပြုဖို့ အစီအစဉ်လုပ်ချင်လို့ပါ"တဲ့။ ရှေ့က "မေမေခွင့်ပြုမယ်ဆိုရင်..."ဟု စကားခံ၍ တော်သေးတော့သည်။

မိခင်ရယ်လို့ အသိအမှတ်ထားဖော်ရရုံ၊ လေးစားသမှု ရှိသေသမှုပြရုံပေါ့လေ။ ကိုယ့်ဆီက အခွင့်တောင်းရုံမျှပါပဲဟု ဒေါ်နုနုခင်က နားလည်လိုက်သည်။ သူ့ဝန်သူထမ်းပြီး သူ့လမ်းသူဖောက်ကာ ဆက်လျှောက်မည့်သဘော။

"မင်းမောင်ကိုတော့ မေမေ သဘောမကျစရာ သိပ်မရှိနိုင်ဘူး ထင်ပါတယ်"

"ဟဲ့ ... မင်းမောင်နဲ့လား"

တအံ့တသြ ဖွင့်ထွက်သွားမိသည်။

ဒေါ်နုနုခင် ဘယ်လိုမှမထင်မှတ်ခဲ့သော ကောင်ကလေး။

အေးလေ၊ ကောင်ကလေးတော့ မဟုတ်ပါဘူး။ ကျောင်းဆရာ၊ ကျောင်းဆရာပဲဆိုပါတော့။ သီးသန့်အလွတ်သင် ကျူရှင်ဆရာလေးပင်။

ညီနှင့် ရင်းနှီးသော ကျောင်းနေဖက်သူငယ်ချင်းဖြစ်သည်။ သို့သော် ချစ်သူရည်းစားတွေ အိမ်ထောင်ဘက်တွေ ဖြစ်လာနိုင်ကောင်းသည်ဟု မျှော်လင့်မထားနိုင်သော သူတို့နှစ်ယောက်ရဲ့ဆက်ဆံရေးကို ဒေါ်နုနုခင် ကောင်းစွာသိခဲ့သည်ဟု ထင်မိသည်။

အေးလေ .... ကောင်းစွာသိခဲ့တာ မဟုတ်လို့ဘဲ၊ ခု သူတို့လက်ထပ်ကြတော့မှာပေါ့။

ဒေါ်နုနုခင်သည် တစ်ထိုင်တည်းအတွင်းမှာ များစွာအိုမင်းသွားပြီထင်သည်။ မိမိကိုယ်ကို ယုံကြည်မှုတွေ လျော့ပါးလာသည်။ ခွန်အားတွေ ခန်းခြောက်စပြုသည်။

သမီးတစ်ယောက်အပေါ် အလုံးစုံနားလည်ထားသော မိခင်ဟု မိမိကိုယ်ကို ယုံမှတ်ခဲ့လေသမျှ ...

လူငယ် ... လူသစ်တွေဟာ လူအိုလူဟောင်းတွေထက် အမြဲတမ်း

mgyoe.com

mgyoe.com

နှာတစ်ဖျားတော့ အနည်းဆုံးပိုပြီး "လျှင်" ကြသည်ပဲလေ။

"အဟင်း ... ဟင်း ... မင်းမောင်က မေမေ့ကို မျက်နှာပူလို့ အိမ်တောင် မလာရဲတော့ဘူးတဲ့..."

"အံမယ် ... သင်းကများ"

"တကယ် မေမေရဲ့၊ ဒါပေမဲ့ မေမေသူ့ကို သဘောတူတယ်၊ ခွင့်ပြုမယ် ဆိုရင်တော့ သူအရဲစွန့်လာတွေ့ရမှာပဲတဲ့"

"အမယ်လေးတော် ခုမှ ကျောက်ချဉ်တွေ ဇဝက်သာတွေလုပ်မနေပါနဲ့။ အစကတော့ ဘာမှမဟုတ်ကြသလို၊ တစ်ယောက်နဲ့တစ်ယောက် ခွေးနဲ့ မျောက်"

"ခုလည်း ဒီလိုပါပဲ မေမေရော။ ဒါပေမဲ့ ပဋိပက္ခရှိမှ တိုးတက်မှုရှိတယ် ဆို မဟုတ်လား မေမေရ။ ဟဲ ... ဟဲ"

"အေးပါ ... အေးပါ ... ပဋိပက္ခကနေပြီး ရန်ပွဲတော့ ဖြစ်မသွားကြ ပါစေနဲ့။ ညည်းကလည်း အရင်တုန်းကလို သိပ်မထောင်နဲ့။ ကိုယ်က မိန်းကလေး"

ဘာကို သဘောတွေ့သွားသည်မသိ။ မိညိုက ဟက်ဟက်ပက်ပက် ရယ်ချလိုက်သည်။ ချဉ်ရည်ဖွန်းကို လက်ဖြင့်ကိုင်ရင်း "သီး"လို့များပင် နေ၏။

ခဏကြာတော့ သူ့ထမင်းကို အရင်ဆုံး လက်စသိမ်းကာ . . .

"မေမေတို့ကတော့ တကယ်ပဲ။ မိန်းကလေးဆိုတာနဲ့ အရာရာ အလျှော့ ပေးဖို့၊ အောက်ကျခံဖို့ ပုံစံသွင်းချင်တော့တာပဲ။ ညိုကတော့ အိမ်ထောင်ကျ ပေမဲ့ ဘာတစ်ခုမှ အောက်ကျမခံနိုင်ပေါင်။ မှန်တယ်လို့ယုံရင် တစ်ရွေး သားမှ မလျှော့ဘူး။ အိမ်ထောင်ရေးဆိုတာ တစ်ယောက်တည်း တည် ဆောက်လို့ရတာမှ မဟုတ်ဘဲ မေမေရာ။ သူရော ကိုယ်ရော နှစ်ယောက် စလုံးအတူတူ တည်ဆောက်ကြရမှာ။ ဘာမဆို တိုင်တိုင်ပင်ပင်တန်းတူ ရည်တူပေါ့။ ညိုကမင်းမောင်ကို အဲသလို အကျေအလည်ဆွေးနွေးပြီးသား"

သည်တစ်ခါတော့ ဒေါ်နုနုခင် ရယ်မောရသော အလှည့်ဖြစ်လေသည်။

ဌာန်နှင့်မာန်နှင့် ချက်ကျလက်ကျ ယုံယုံရဲရဲကြီးပြောနေသော ညို့ စကားတွေကိုနားထောင်ရင်း မျက်ရည်ထွက်မတတ် ရယ်မောနေလိုက်

mgyoe.com

mgyee.com


ရသည်။

"အေးပါတော် ... တန်းတူ ရည်တူပဲဖြစ်ဖြစ်၊ ဘယ်လိုပဲဖြစ်ဖြစ်၊ ညည်းတို့နှစ်ယောက် အဆင်ပြေကြဖို့ အဓိကလိုရင်းပါ။ နေကြည့်လိုက်ပါဦး။ သူစိမ်းတစ်ရုံဆံ ယောက်ျားတစ်ယောက်နဲ့ ခေါင်မိုးတစ်ခုထဲအောက်မှာ နှစ်ဆယ့်လေးနာရီပြည့်အောင်"

"ဒါဆို ... မေမေသဘောတူတယ်ပေါ့နော်။ ညို ... မင်းမောင်နဲ့ ပြန်ညှိပြီးရင် အစီအစဉ်တွေ မေမေ့ကို ပြန်ပြောပြမယ်နော် မေမေ"

ဒေါ်နုနုခင်သည် စကားကို သင်းတို့လို အခမ်းအနားပါပါ မပြောတတ်။ မပြောချင်။

စကားလုံးတွေလည်း သင်းတို့လို ကြီးကြီးကျယ်ကျယ် နားမလည်။ လိုရင်း အဓိပ္ပာယ်ကို စိတ်ရင်းရှိသလို ထုတ်ဖော်ပြောဆိုပြီးပြီပဲ။ ရေဒီယိုဇာတ်လမ်းထဲကလို "အေးကွယ် မိဘတို့ဝတ္တရားနဲ့အညီ ဆောင်ရွက်ပေးရမှာပေါ့။ မောင်မင်းမောင်နဲ့ လက်ထပ်ဖို့ မေမေခွင့်ပြုပါတယ်ကွယ်"လို့ ခြောက်ကပ်ကပ်လေသံဖြင့် ရွတ်ပြနေဖို့ လိုသေးသတဲ့လား။

မိညိုကို မျက်စောင်းတစ်ချက် စွေကြည့်ပြီး ထမင်းပွဲမှ လက်ဆေးထခဲ့လေသည်။

× × ×

"သူရော ကိုယ်ရော နှစ်ယောက်အတူတူ တည်ဆောက်ကြမယ့် အိမ်ထောင်ရေး"တဲ့။

ညို့စကားတွေ နားထဲမှာ ရစ်ဝဲစွဲငြိနေကာ ဒေါ်နုနုခင်သည် ပြုံးချင်တိုင်း ပြုံးနေမိလေ၏။

အင်ဂျင်နီယာ ဘွဲ့ရတွေပီပီ "တည်ဆောက်"ဆိုသော စကားလုံးကိုတော့ အပီသုံးနေကြလေပြီ။ သို့သော် နှစ်ယောက်စလုံးက ဂျစ်တစ်တစ်အစားလေးတွေမို့ စိတ်ထဲမှာ နည်းနည်းတော့ 'ထင့်'သေး၏။

မင်းမောင်က ညိုနှင့်တစ်ပြိုင်နက် အတူဘွဲ့ရသူဖြစ်သည်။ စက်မှုတက္ကသိုလ်နောက်ဆုံးနှစ်မှာ အထူးတလည်ရင်းနှီးကာ သူ့အိမ်ကိုယ့်အိမ်ဝင်ထွက်နေကြသော ကျောင်းနေဖက်သူငယ်ချင်းအုပ်စုထဲက မင်းမောင်

mgyee.com

mgyoe.com


တစ်ယောက်ကို ဒေါ်နုနုခင် သတိပြုမိခဲ့သည်။ အများတကာထက် ထင်ရှားစေသော စရိုက်ဆန်းကလေးတွေ မင်းမောင်မှာရှိလေသည်။

စကာပြောလည်းကောင်းသည်။ ပြောသမျှ စကားတွေကလည်းကောင်းကတတ်သည်။ စိတ်ကူး စိတ်သန်း ထူးထူးဆန်းဆန်းကလေးတွေလည်းရှိတတ်သည်။ ဦးဆောင်ချင်တတ်သည်။

အင်ဂျင်နီယာဘွဲ့ရပြီးသော် အများသူငါလို အင်ဂျင်နီယာအဖြစ်အသက်မွေးဝမ်းကျောင်းပြုဖို့ စိတ်မဝင်စားဘဲ ကျူရှင်ဆရာလုပ်သည်။ ဥပဒေစည်းကမ်းနှင့် ညီညွတ်သော ကျူရှင်ခန်းကလေးတစ်ခု ဖွင့်သည်။ "ရူပဗေဒအထူးသင်တန်း" ဆိုလားပင်။

အရာရာကို ဦးဆောင်ဦးရွက်ပြုချင်သော သူ့ပင်ကိုစရိုက်က ပို၍ထင်ရှားလာသည်။ သည်သူငယ်မျိုးက ခေါင်းဆောင်ဖြစ်ရင်ဖြစ်၊ မဖြစ်ရင်ဆရာလုပ်ပြီး အရိုးထုတ်မယ့်ပုံပါပဲ။

သူ့ကျူရှင်ခန်းဖွင့်ပွဲမှာ ဝေငှသည့် လက်ကမ်းကြော်ငြာကလေးကိုမှတ်မှတ်ရရ ရှိနေသေး၏။

ဘာတဲ့ ....

'ဒါတွေ မင်းစဉ်းစား' တဲ့။

✷ ပထမနှစ်သမား ... ဒီနှစ်ကျရင် နောင်နှစ် အင်္ဂလိပ်လိုသင်ရမှာကိုမင်းသိရဲ့လား တပည့် ....။ (နာမယ်)

✷ ဒုတိယနှစ်သမားတွေလည်း အမှတ်မကောင်းရင် ဂုဏ်ထူးတန်းနဲ့ဝေးပြီဆိုတာလည်း သိတယ်မဟုတ်လား။ (သဘောပေါက်)

✷ တွေဝေမနေနဲ့

စာမေးပွဲကို အနိုင်ယူလိုက် ... ဒီလိုအချိန်မျိုးမှာ မင်းအနားမှာ ငါရှိတယ်။

✷ အားလုံးကောင်းမှာပါ။

"ဆရာ မင်းမောင်" ဟု အောက်က ဒီဖိုင်းစာလုံးဝိုင်းကြီး အပြူးသားကို တွေ့ရပြန်တော့ ဒေါ်နုနုခင်သည် ရယ်ချင်ပြုံးချင်ဖြစ်ရသေး၏။ 'ခွေးကောင်ကလေး ကြီးကျယ်လိုက်တာ' ဟုပင် ရေရွတ်မိသည်။

အဲသည်လို ကြီးကြီးကျယ်ကျယ်ပြောတတ်သော မင်းမောင်သည်

mgyoe.com

mgyoe.com


ခုတော့ မျက်စိအောက်မှာပင် ကြီးကြီးကျယ်ကျယ် ဖြစ်ခြောက်လျက်ရှိ၏။ သူ့ကျူရှင်ခန်းမှာ တန်းခွဲသစ်တွေဖွင့်လို့ မနိုင်အောင်ရှိသည်။ တစ်ပတ်လုံး တစ်ရက်မျှပင် အနားမရ။ ကျောင်းသားလောကမှာ 'ရူပဗေဒမင်းမောင်' ကျော်ကြားလှသည်။

အဲ ... ကိုယ့်သမီး တင်ဇာညိုကျတော့ တစ်မျိုး၊ ဘွဲ့ရပြီးတော့ အဆက်အသွယ်ကောင်းတွေနှင့် ပြောဆိုကာ မန္တလေးရှိ စက်ရုံတစ်ခုမှာ အလုပ်ရုံခွဲမှူးအဖြစ် တစ်နေရာရခဲ့သည်။

သို့သော် နှစ်မကူးခင် အလုပ်မှ သူ့သဘောနှင့်သူ နုတ်ထွက်ပြီး ပြန်လာခဲ့လေသည်။

"အထက်လူကြီးကို ရိုသေဖို့၊ အောက်လူကိုစာနာဖို့ ညီုခံယူပြီးသားပါ မေမေ။ ဒါပေမဲ့ ဒီနိုင်ငံခြားသားတွေကိုတော့ လိုက်လိုက်လျောလျော မပေါင်းနိုင်ဘူး။ သူတို့ကိုယ်သူတို့ ကျွမ်းကျင်တယ်ဆိုပြီး မောက်မောက်မာမာ ဆက်ဆံချင်တယ်။ တစ်ခြားလူ ရချင်ရမယ်။ တင်ဇာညိုကိုတော့ မရဘူး။ တတ်လို့ အလုပ်လုပ်တာ၊ ငတ်လို့ အလုပ်လုပ်တာမဟုတ်ဘူး။ နိုင်ငံခြားသားဆိုတိုင်း စွပ် အထင်ကြီးပြီး စွပ်ရောချင်တဲ့ အစားမျိုးထဲမှာ တင်ဇာညို မပါနိုင်ဘူး။ ရာဇဝင် အစွန်းအထင်းမခံဘူး မေမေ"

သမီးပြန်ပြောပြသလောက်နှင့်ပင် သမီးဝေဒနာတွေကို စာနာမိကာ သဘောပဲဟု လျစ်လျူရှုထားလိုက်ရသည်။ သမီးရဲ့မာနကိုလည်း သဘောတော့ ကျချင်သားပင်။

"ဓလေ့ထုံးစံချင်းတွေမတူတော့ နားလည်မှုလည်း မရနိုင်ဘူး မေမေရဲ့။ ညီုတို့က လူကြီးရှေ့မှာ လေးစားသမှုနဲ့ ဇာက်ပိုက်ရပ်ရင် သူတို့က မခန့်တရန့် လုပ်တယ်ထင်တယ်။ သူတို့ယဉ်ကျေးမှုက လက်အောက်ငယ်သားကို လူကြီးကဆက်ဆံရင် လက်ပိုက်သတဲ့လေ။ လူကြီးကို လူငယ်က ဆက်ဆံရင် ခါးထောက်ရသတဲ့။ ညီု အစကသိရင် ခါးထောက်ပြီး ပစ္စည်းကို လက်နဲ့မပြဘဲ ခြေထောက်နဲ့ထိုးပြလိုက်ပါတယ်။ အဲဒီလိုဆို မရိုင်းဘူးတဲ့ မေမေရဲ့။ ခုတော့ ညီုက လက်ပိုက်ရပ်မိတော့ မလေးမခန့် လုပ်တယ်ဖြစ်ရော ..."

ဒေါ်နုနုခင်သည် အငြိမ်းစားကျောင်းအုပ်ဆရာမကြီး၏ ဖြတ်သန်းမှု

mgyoe.com

mgyoe.com


အတွေ့အကြုံတွေနှင့် ဘာမျှမဆိုင်တော့သော ညို့အတွေ့အကြုံတွေကို ကောင်းစွာ နားမလည်နိုင်တော့။

'ထားဝယ်နယ်၊ လောင်းလုံမြို့နယ်ထဲမှာ တွဲဖက်ကျောင်းဆရာ သွားလုပ်မယ် မေမေ၊ လျှောက်လွှာပို့လိုက်ပြီ။ အဲဟိုက လက်ခံရင် ညို သွားပါရစေ မေမေရယ်နော် ... နော်'

အတောင်ဆန့်ပျံသန်းချင်နေသည့် ငှက်ကလေးကို ဒေါ်နုနုခင် ရင်ခွင်ထဲမှာ အဘယ်သို့လှောင်ထားနိုင်ပါရက်မည်နည်း။

အင်ဂျင်နီယာဘွဲ့ရ သမီးဖြစ်သူက တွဲဖက်အလယ်တန်းပြဆရာမ လုပ်မည်ကို ဘဝင်မကျချင်သော်လည်း မတတ်နိုင်ပြီ။

သို့ဖြင့် မောင်းမကန်ဝန်းကျင်မှာ ညို စာသင်နှစ် တစ်နှစ် လွန်မြောက်ခဲ့သည်။ နွေကျောင်းပိတ်၍ ပြန်လာတော့ တစ်ခုသော ညနေထမင်းဝိုင်းမှာ လက်ထပ်ခွင့်တောင်းလာခြင်းဖြစ်သည်။

စွန့်စားချင်သော မဟုတ်မခံသတ္တိကဲသော ကိုယ့်ကိုယ်ကိုယ် ယုံကိုးသည့် မာနပြည့်လျှမ်းသော သမီးညိုကို အလွယ်တကူ အိမ်ထောင်ပြုဖြစ်လိမ့်မည် မထင်ခဲ့။

ညို့လို မိန်းကလေးမျိုးက ယောကျ်ားသနာ မျက်စိကျဖို့ ခဲယဉ်းမည်ထင်သည်။ ယောကျ်ားကြိုက် ပုံစံမျိုးမဟုတ်။

သို့သော် သူ့အသက်နှစ်ဆယ့်ခုနစ်နှစ် ကျော်ပြီပဲလေ၊ သည်ခေတ်အမြင်နှင့်ကြည့်လျှင် အရွယ်တောင် နည်းနည်းလွန်ပြီ ထင်ပါရဲ့။

လက်ထပ်ခွင့်တောင်းတော့ ထားဝယ်ဘက်မှာ အလုပ်သွားလုပ်ရင်း ချစ်သူရခဲ့ပြီဟု ထင်သည်။ "မင်းမောင်"နှင့် လုံးဝ မမျှော်လင့်ချေ။

မင်းမောင်နှင့် ညိုက မာနကြီးတာချင်း၊ သတ္တိကဲတာချင်းတူသည်။ သူငယ်ချင်းအုပ်စုထဲမှာ ခေါင်းဆောင်နှစ်ယောက်ဖြစ်ခဲ့သည်။ ကျောင်းသားဘဝလွန်မြောက်၍ ခေါင်းဆောင်ဘဝမှ အရာကျပြီး ဘဝကိုယ်စီ စွန့်စားရင်း တဖျင့်တပါး လွင့်ပါးကြရာမှာ မင်းမောင်ရော ညိုပါ "ဆရာ" တွေ ဖြစ်ကုန်ကြသည်။

အိမ်ထောင်ရေးမှာ နှစ်ယောက်စလုံးက ငါသာလျှင် "ဗိုလ်,သခင်,ဆရာ"တွေချည်း ဖြစ်နေမှဖြင့် ....

mgyoe.com

ညို့တို့အဖေရှိစဉ်၊ ညို့ အပျိုဖော်ဝင်စ၊ စိတ်ကြီးဝင်စတုန်းက ဆိုလျှင် မအေကိုပင် ဝေဖန်ရေးလုပ်ခဲ့ဖူးသေး၏။

"ဖေဖေက ရုံးတက်သလို၊ မေမေကလည်း ကျောင်းပြရတာပဲ။ ဒါပေမဲ့ အလုပ်က အိမ်ပြန်လာရင် မေမေက ချက်ပြုတ်၊ ရူးခပ်ပြီး ထမင်းပွဲ ရှေ့ရောက် ပြင်ကျွေးတာ အပြုံးမပျက်ဘူးနော်။ ဖေဖေက ရုံးကပြန်ရောက် ကတည်းက ပက်လက်ကုလားထိုင်ပေါ် သတင်းစာတစ်စောင်နဲ့ အနားယူ တာ အမောပြေနိုင်တယ်ပဲမရှိဘူး။ ဒီကြားထဲက ဖေဖေ ရေချိုးပြီးရင် မျက်နှာ သုတ်ပဝါ ယူပေးရတဲ့ မေမေ။ အင်္ကျီအဝတ်အစား ထုတ်ပေးရတဲ့ မေမေ။ လက်ဆေးဇလုံ ကမ်းပေးရ၊ လက်သုတ်ပဝါ ထ,ယူပေးရနဲ့ ပျာနေတာပဲ။ ဖေဖေက 'ကြော'လွန်းတယ်။ မေမေကလည်း မိန်းမဆိုပြီး အနွံအတာ ခံလွန်း။ ရှေးဟောင်း ကွန်ဆာဗေးတစ်အိမ်ထောင်ရေးပဲ"

စိတ်ကြီးဝင်စ စကားသင်စ သမီးငယ်ကို ဒေါ်နုနုခင် အရေးလုပ် တုံ့ပြန် ဖြေရှင်း မပြအားခဲ့ပါချေ။

သို့သော် သမီးစကားတွေက မိမိရဲ့ မသိစိတ်ကို လှုံ့ဆော်လေသလား မသိ။ သင်းအဖေအပေါ် အနည်းငယ် စိတ်တိုချင်စိတ်ပေါ်ဖူးသည်။

"နေစိမ့်ရန်ကော"ဟု စူဆောင့်ချင်စိတ်ဝင်ဖူးသည်။ သို့သော် ပက် လက်ကုလားထိုင်ပေါ် သတင်းစာတစ်စောင်ဖြင့် အမောဖြေသူကလည်း သူ့နေရာနှင့်သူ အသားကျပြီး အမောမပြေနိုင်ဆဲပင်။ မိမိကလည်း မြင်သမျှ "သိမ်းထုပ်သေချာ" နေတတ်သည့် အထုံအလေ့ စွဲမြဲပြီး သည်လိုနှင့် အိမ် ထောင်ရေး ငွေရတုတိုင်ခဲ့သည်။ သမီးအာရ်အိုင်တီနောက်ဆုံးနှစ်မှာ အိမ် ဦးနတ်ကွယ်လွန်ခဲ့လေသည်။

"ရှေးဟောင်း အိမ်ထောင်ရေး"ဟု ဝေဖန်ပြစ်တင်ခဲ့သော သမီးက ဘယ်လိုစနစ်သစ်အိမ်ထောင်ရေး တည်ဆောက်မည်လဲလို့ ဒေါ်နုနုခင် စောင့်ကြည့်ချင်သည်။

× × ×

"စာချုပ်စာတမ်းတွေနဲ့ လက်မှတ်မထိုးဘူး မေမေ အိမ်ထောင်ရေး ဆိုတာ စာချုပ်ထားလို့ ရတာမှမဟုတ်ဘဲ"

mgyoe.com

mgyoe.com

"အေးပါ ... အေးပါ"

"မင်္ဂလာတွေ ဘာတွေမဆောင်ဘူး မေမေ။ ဘာဟိန္ဒြေ ညာဟိန္ဒြေ တွေနဲ့ ရွတ်ဖတ်ပြီး ချီးမြှောက်မှ မင်္ဂလာမြောက်တာမဟုတ်ပါဘူး။ တစ်ယောက်ကို တစ်ယောက် ကျေးဇူးမကန်းတဲ့ သစ္စာမဖောက်တဲ့၊ မေတ္တာမပျက်တဲ့ အဖော် နှစ်ယောက်ဖြစ်နေသရွေ့ မင်္ဂလာရှိနေမှာပဲ မဟုတ်ဘူးလား"

"ဟုတ်ပါ့တော် ... ဟုတ်ပါ့"

"သတင်းစာမှာ ကြော်ငြာထည့်မယ် မေမေ။ စထရင်းမှာ သူငယ်ချင်း မိတ်ဆွေတွေနဲ့ နှစ်ဖက်မိဘမိတ်သင်္ဂတွေကို ဧည့်ခံပွဲလုပ်မယ်။ ဖိတ်စာကို အဖြူအမည်း ရိုးရိုးရိုက်မယ်။ ကူညီလက်ဖွဲ့ခြင်း သည်းခံပါ ဆိုတဲ့ စာတန်းထည့်မယ်။ ကိုယ့်ဝန်ကိုယ်ထမ်း ကိုယ့်လမ်းကိုယ်သွားတဲ့မူပဲ မေမေ။ ဒီခေတ်ကြီးထဲမှာ ဘယ်သူ့ကိုမှ အပူမရှာချင်ဘူး"

"အကောင်းဆုံးပေါ့ သမီးရယ်၊ မေမေဘာလုပ်ပေးရမလဲ"

"လိုတဲ့အခါ ပြောပါ့မယ် မေမေ"

ညိုသည် ပင်လယ်ကို ကူးခတ်ပျံသန်းအံ့ဆဲဆဲ စင်ရော်ငှက်ကလေးလို မြူးကြွအားတက်နေ၏။ မင်းမောင်နှင့် နှစ်ယောက်သား ခေါင်းချင်းရိုက် ကာ စီစဉ်တိုင်ပင်လျက်ရှိသည်။ စထရင်းမှာ ရက်ယူဖို့ကိစ္စ၊ ဖိတ်စာရိုက် ဖို့ကိစ္စ၊ သတင်းစာကြော်ငြာကိစ္စ စသည်ဖြင့် ဒေါ်နုနုခင်နားထဲ ဖိတ်တစ် ဝက် စဉ်တစ်ဝက်ဝင်နေ၏။

သူတို့အစီအစဉ်ကလေးတွေကို မိခင်သိသာရန် သတင်းတော့ မှန်မှန်ပို့ သည်။

'စထရင်းမှာ လိုချင်တဲ့ တနင်္ဂနွေညနေ ငါးနာရီကိုပဲ ရခဲ့တယ် မေမေ'

'အိပ်ရာခန်းနား ပရိဘောဂတွေလိုမယ်ထင်သလောက်၊ ဝယ်ခဲ့ပြီ မေမေ၊ မင်းမောင်တိုက်ခန်းမှာ အားလုံးအသင့်ပြင်ပြီး မီးဖိုချောင်ပစ္စည်းလည်း တစ်လစာဝယ်ခဲ့ပြီ မေမေ။ ဟောဒီမှာ မေမေ့ အတွက်တောင် သတိရလို့ နာနတ်ရည်တစ်သေတ္တာ ပိုဝယ်လာခဲ့သေးတယ်'

စနစ်တကျ အသင့်ပြင်ရင်း ကျေနပ်အားသစ်ဝင်ဆဲ သမီးမျက်နှာကို တစိမ့်စိမ့်ကြည့်ရသည်။ မင်းမောင်က တိုက်ခန်းတစ်ခုရထားသူမို့ နေရေး အဆင်ပြေတာကိုလည်း ဝမ်းသာရသေး၏။ နှစ်ဖက်မိဘအပေါ် ဝန်ထုပ်

mgyoe.com

ဝန်ပိုး မဖြစ်စေချင်၍ ကိုယ်ပိုင်အိုးအိမ်ကို အဓိပ္ပာယ်ရှိရှိ ထူထောင်ချင်သည့် ဆန္ဒတွေလည်း အကောင်အထည်ပေါ်သွားသည်။

တစ်ညနေတော့ အိမ်ရှေ့မှ ကားစက်ရပ်သံ၊ နှုတ်ဆက်သံတွေပင် မကြားရဘဲ တိုးတိတ်စွာ ညို ပြန်ရောက်လာလေသည်။

'ဟဲ့ ... မောင်မင်းမောင် ပြန်သွားပြီလား။ အိမ်ပေါ်တောင် မတက်တော့ဘူးလား'

ညိုက ကုလားထိုင်ပေါ်တွင် နွမ်းလျစွာထိုင်ချရင်း ....

'သတင်းစာကြော်ငြာ အချိန်မမီမှာစိုးလို့မေမေ။ သတင်းစာတိုက်ကို ဆက်သွားတယ်။ စိတ်ပျက်ပါတယ် မေမေရာ'

'ဟဲ့ ... ဘာလဲ စိတ်ပျက်တာ။ ဟင်း ... စမယ်မှ မကြံရသေးဘူးနော်။ ပါးစပ်က စိတ်ပျက်သံထွက်လာပြီ'

"မဟုတ်ပါဘူး မေမေရာ။ မင်းမောင်ပေါ့ သိပ်ကြောင်တာပဲ။ သတင်းစာကြော်ငြာ ရေးတာလေ။ ဘယ်လိုကြီးလဲ မသိဘူး။ **'နှစ်လွှာ ပေါင်း' တစ်ရွက်၊ စွယ်တော်ခက်လို သက်ဆုံးတိုင် ချစ်ခရီးသို့ ပေါင်းစည်းလိုက်ပါကြောင်း"** တဲ့။ ကြောင်လိုက်တာ မေမေရာ

'ဟား ... ဟား' ဟု အသံထွက်ရယ်မောရင်း ညို့ပခုံးကို ဆွဲဖျစ်လိုက်မိသည်။ ဒေါ်နုနုခင်က သမီးနှင့် မျက်နှာချင်းဆိုင်မှာ ဝင်ထိုင်ရင်း ....

'ညည်းတို့ဟာက ဘာတွေလဲ ... ညိုရယ်။ ငါရယ်မိသလို လူသူလေးပါး ရယ်ချင် ပြုံးချင်စရာလည်းဖြစ်နေပါဦးမယ်'

'အင်းလေ ... မေမေရယ်၊ တစ်အိုးတစ်အိမ် ထူထောင်လိုက်ပါကြောင်း ဆိုရင် ပြီးတဲ့ကိစ္စ၊ သိပ်ရှည်တာပဲ။ ကျူရှင်ဆရာပီပီကျူရှင်လေတွေ ပါကိုပါချင်တယ်'

'သူ့ကျူရှင် ကြော်ငြာလေးတွေကတော့ ဖတ်ကောင်းသားပဲသမီးရဲ့၊ ခုဟာကြီးသာ ဘယ်လိုဖြစ်မှန်းမသိတာ။ နောက် ညည်းတို့ချင်း မညိုကြဘူးလားလို့ နှစ်ယောက်သဘောတူ မဟုတ်ရင်လည်း'

'အို ... သိပ်လည်း ပြောမနေချင်တော့ပါဘူး မေမေရာ၊ ရှိပါစေတော့'

'ဩ'

ညို့ရဲ့ ဖျော့တော့သော လေသံ၊ လျော့တော့တော့ ဟန်ပန်ကို တအံ့

mgyoe.com


တသြကြည့်ရင်း အသံများထွက်သွားမိသည်။

တိုင်တိုင်ပင်ပင် တန်းတူရည်တူဟု ကြွေးကြော်ခဲ့သည့် ကလေးမ။ မှန်တယ်ထင် တစ်ရွေးသားမှ မလျှော့နိုင်ပေါင်ဟု မာနကဲစွာ ဆိုခဲ့ဖူးသည့် ကလေးမ။

ဒေါ်နုနုခင်သည် သမီးကို တစိမ့်စိမ့်ကြည့်ရင်း တစ်စစပြုံးမိလေ၏။

'ဟုတ်တယ် မေမေရဲ့၊ ပြောမနေချင်တော့ဘူး။ ဒါပေမဲ့ ကြော်ငြာပုံစံကြီးကို စိတ်ထဲဘဝင်မကျဖြစ်ပြီး ခိုးလိုခုလုနေလွန်းလို့ မေမေကို ပြောပြတာ။ မေမေ့ဆီ ရင်ဖွင့်လိုက်မှပဲ ရင်ထဲမှာ နည်းနည်း ပေါ့သွားသလိုရှိတော့တယ်'

ဒေါ်နုနုခင်က တစိမ့်စိမ့်ပြုံးကြည့်ရင်း သမီးဖြစ်သူကို ရင်ထဲက စကားတွေပြောနေမိလေသည်။

'တစ်အိုးတစ်အိမ်ကို နှစ်လွှာပေါင်းတစ်ခက်၊ စွယ်တော်ရွက်လိုပဲ ဆောက်ဆောက်၊ အီကြာကွေးလိုပဲ ဆောက်ဆောက်၊ မိန်းမဟာ မိန်းမပါပဲ သမီးရယ်။ နောက်က နေရမယ်၊ လျှော့ရမယ်။ ယောက်ျားထက်ပိုပြီး သိမိ၊ မြင်မိ၊ ကြားမိရင်တောင်မှ မသိဟန်၊ မမြင်ဟန်၊ မကြားဟန်ဆောင်တတ်ရမယ်။ သူ့ထက် ကိုယ်က တော်တယ် ထင်ရင်တောင် ညှံ့ကြောင်း ပြရလိမ့်မယ်။ အိမ်ထောင်ရေးမှာ ယောက်ျားသာဆရာဖြစ်ပြီး မိန်းမဆိုတာ ကျိုးနွံသော.တပည့်သာဖြစ်ရလိမ့်မယ် ဆရာမကြီး ဒေါ်တင်ဇာညိုရဲ့။ အေး ... ပြီးတော့ လင့်မျက်ကွယ်မှာ အမေ့ဆီရင်ဖွင့်တဲ့ စကားကိုလည်း သမီး ပထမဆုံး ပြောတတ်သွားပြီ။ မဆန်းဘူး သမီးရေ၊ ဒီလို ရင်ဖွင့်စကားတွေကို သမီး အိမ်ထောင်ရေးသက်တမ်းမှာ အကြိမ်ပေါင်းများစွာ ပြောရဦးမယ် ဆိုတာယုံ။ အမေ့ကိုပဲဖြစ်ဖြစ်၊ သူငယ်ချင်းကိုပဲဖြစ်ဖြစ်၊ နတ်ဒေဝတာ တစ်ပါးပါးထဲမှာပဲဖြစ်ဖြစ်၊ ဘုရားသခင်ရှေ့တော်မှောက်မှာပဲဖြစ်ဖြစ်'

ညိုက မိခင်စေ့စေ့ကြည့်နေသည်ကို ရင်မဆိုင်ရဲဟန်ဖြင့် လက်ကိုင်အိတ်ကိုကောက်ယူကာ ထိုင်ရာမှ ထ,သည်။ ညိုရဲ့လေးကန်သော ခြေလှမ်းကို ပထမဆုံးအကြိမ် သတိထားလိုက်မိသည်။

ဒုတိယအရွယ်၏ ပထမခြေတစ်လှမ်း ...။

(၁၉၈၇ ခုနှစ်၊ နိုဝင်ဘာလ၊ လုံမလေးမဂ္ဂဇင်း)

mgyoe.com

mgyoe.com

# ဝင်းရဲ့ဘ
# ဝိန်းပုံသားကွယ်..



mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# ဆင်းရဲတာ ဆန်းသလားကွယ်

ခုတော့ ချောအိမွှန်သည် ချောလည်း မချော၊ အိလည်း မအိတော့ချေ။ သူ့အဖေ သတင်းစာဆရာဟောင်းကြီးက တရုတ်သူရဲကောင်း ဝတ္ထုတစ်ပုဒ်ထဲမှ ဇာတ်ဆောင် 'ချောအိမာန်' ကို ဂုဏ်ပြုသောအားဖြင့် တစ်ဦးတည်းသောသမီးကို ချောအိမွှန်ဟု အမည်တွင်စေခဲ့သည်။

ကျောင်းသူဘဝတုန်းကတော့ ဖြူဖြူချောချော စိုစိုဝင်းဝင်းကလေးမို့ အဖေပေးသည့် နာမည်နှင့် ပန်သင့်သား။ ကလေးနှစ်ယောက်နှင့်တစ်ဗိုက် စုဆောင်းမိချိန်တွင် လောကဓံဒီရေ တိုက်စားမှုကြောင့် မစိုပြည်နိုင်တော့ပြီ။

အလှအပများ ပျောက်ဆုံးခဲ့ရသော်လည်း အိမွှန် ဝမ်းမနည်း။ အိမ်ဦးနတ် ကိုလတ် ကိုယ်ရောင်ကိုယ်ဝါ မှေးမှိန်နေသည်ကို မြင်ရတိုင်း ကြေကွဲရသည်။ ချောအိကိုသာ လက်မထပ်ခဲ့လျှင် သူဌေးသား ကိုလတ်သည် သူ့မိဘအိမ်တွင် လိုတ,ရနေပေလိမ့်မည်။ မိဘ၏ အရှိန်အဝါဖြင့် နိုင်ငံခြားသင်္ဘောသားလည်းဖြစ်ကာ သမက်တော်ချင်သူတွေ ဝိုင်းဝိုင်းလည်နေမည်မှာ သေချာလှသည်။

ခုတော့ ကိုလတ်ဘဝက ညဘက်မှာ မော်တော်ကားစောင့် ဒရဝမ်။ နေ့ဘက်မှာ ဘော်တယ်ကုလား အလုပ်။ လမ်းတကာလျှောက်ပြီး "စက္ကူ

mgyoe.com

mgyoe.com

ဝယ်တယ်၊ ပုလင်း ဝယ်တယ်၊ ဖောင်တိန်အပျက်၊ မျက်မှန် အပျက်တွေ ဝယ်တယ်"တကြော်ကြော် အော်ဟစ်နေရသည့် အဖြစ်။ ဝန်ထမ်း မဟုတ်မှသာ နိုင်ငံခြားသဘော်၁ လိုက်ခွင့်ရမှာမို့ ဘယ်ဌာနမှာမှလည်း အလုပ်မဝင်ရဲ။ ရွှေတစ်နေ့၊ ငွေတစ်နေ့ စောင့်ခဲ့ရသည်မှာ ကြာပြီ။

နိုင်ငံခြားသဘော်၁တက်ရန် လိုအပ်သော သဘော်၁ကျင်း လုပ်သက်ထောက်ခံချက်လည်း ရှိသည်။ အီးတီအီးစီလည်း အောင်ပြီးပြီ။ အမ်အိုတီလက်မှတ်လည်း ရှိသည်။ မရှိသည်က ငွေ။ အရည်အချင်း ပြည့်မီပါလျက် ငွေမလိုက်နိုင်သဖြင့် ကုန်းခေါင်ခေါင်မှာ သောင်တင်နေသည့်အဖြစ်။

ချောအိမွှန်သည် သားနှစ်ကောင် ကျောင်းသွားပြီမို့ အလုပ်အားခိုက်မှာ ကိုလတ်ရဲ့ ရာပါတိုက်ပုံအင်္ကျီကို လျှော်ဖွပ်ဖို့ သတိရသည်။ ကိုလတ်က သူ့မိန်းမ မပေါ့မပါးကြီးနှင့်မို့ ရေကိုင်တာ၊ အဝတ်လျှော်တာ လုံးဝမကြိုက်ချေ။

"အတင့်မရဲစမ်းပါနဲ့ အိရာ ... မင်း နေမကောင်းရင် တစ်အိမ်လုံး ဒုက္ခရောက်မှာကွ။ ဗိုက်ထဲက သားအတွက် အားမွေးစမ်းပါ မိန်းမရာ"

ကိုလတ်ရဲ့ စကားလုံးများသည် အိမွှန် နားထဲမှာ အစဉ် ချိုဆိမ့်နေလေသည်။ သည်လင်နဲ့ သည်သားတွေအတွက် အိမွှန် ဘာလုပ်ရမလဲ။ ရင်နှစ်ခြမ်းကွဲသွားပါစေ ကိုလတ်ရယ် ...။

ကိုလတ်ရဲ့ တိုက်ပုံအင်္ကျီကို ခါချလိုက်တော့ ကတ်ပြားလေး တစ်ခုနှင့် ရွှေရောင်ဖောင်တိန် နစ်သွားကလေးများ လက်ခနဲ လျှောထွက်လာသည်။ ကြည့်စမ်း ကိုလတ် တယ်ပေါ့ဆတာပဲ။ ရွှေရောင်နစ်သွားရဲ့ တန်ဖိုးကို ကိုလတ်ပြောပြသဖြင့် အိမွှန် ကောင်းကောင်းသိသည်။ ပတ်ကားဖောင်တိန်နစ်သွား၊ '၁၄ ကာရက်ရွှေ'။ ဟုတ်ရွှေဆိုင်သွားလျှင် အနည်းဆုံး ငွေတစ်ရာရမည့် ရတနာပစ္စည်း။

ကိုလတ်ရဲ့ ဘော်တယ်ကုလား အလုပ်က အမြင်သေးနုပ်သော်လည်း တွက်ခြေတော့အကိုက်သား။ ငွေဖြစ်မြန်သော ရွှေမျက်မှန် ကိုင်းကျိုးကိုင်းပျက်နှင့် ရွှေနစ်သွားများလည်း မကြာခဏ ရတတ်သည်။

"ဖောင်တိန်ခေတ် ကုန်သွားပြီ အိရဲ့၊ ဖောင်တိန်ဟောင်းဆိုရင် ရောင်းစားဖို့ပဲ နားလည်ကြတော့တယ်။ မင်းအိုးကလည်း ဈေးကြီးတယ်

mgyoe.com

mgyoe.com


မဟုတ်လား။ ပတ်ကားကွင့်အစစ်ဆိုရင် ၄၀ တဲ့။ ဘယ်မှာ ဝယ်သုံးနိုင်ပါ့မလဲ။ ဒီတော့ သားမြေးမြစ်တွေက ဖောင်တိန်အကောင်းစားတွေ ချရောင်းကြရော။ ပတ်ကား ၅၁ မှန်း မသိ။ ၁၀ိ ၉ ကျပ် ရရင် ပျော်လို့ရွှင်လို့။ မသိနားမလည်သူကို ညာဝယ်ရတာ အားနာစရာကြီး"

ကိုလတ်တို့ အားနာပုံကတော့ လွန်လွန်းသည်။ ဘတ်စ်ကားပေါ်မှာ ကံကောင်းထောက်မလို့ နေရာရလျှင် သူ့မှာ ဖင်တကြွကြွ။ အနားကို လူလာရပ်လျှင် အားနာပြီး ထပေးတတ်သည့် ကိုလတ်။

ဘုန်းကြီး ရဟန်း၊ သက်ကြီးရွယ်အိုနှင့် ကိုယ်ဝန်ဆောင်များကို နေရာဖယ်ပေးတာကတော့ ကန့်ကွက်ရန်မရှိပါ။ သန်သန်မာမာကြီးတွေကို ဘာလို့ နေရာဖယ်ပေးရလဲ ကိုလတ်ရယ် ဆိုတော့ ကုသိုလ်ရတာပေါ့ မိန်းမရာတဲ့။ နေရာလုနေတဲ့လူရဲ့မျက်နှာ ကြည့်ရတာ အားနာစရာကြီးတဲ့။

ဟိုတလောက အဖြစ်ကိုပဲကြည့်။ ဝေလီဝေလင်းမှာ အိမ်မွှန်တို့အိမ်ကို သူခိုးကပ်သည်။ သူခိုးကလည်း ဘယ်အချိန်က ငုတ်ပြတ်နေမှန်း မသိ။ ထမင်းကျန် ဟင်းကျန်များကို အကျအန ထိုင်စားနေတာကို မြင်နေရပါလျက် ကိုလတ်က အားနာပြီး ချောင်းသံမပေးသေး။ မီးနေစာအတွက် သိုလှောင်ထားသော ဆီပုလင်းနှင့် ငါးကျည်းခြောက်ထုပ်ကို လှမ်းဆွဲမှ မရဲတရဲ ချောင်းဟန့်သည်။ သူခိုးကလည်း ကံဆိုးလိုက်သည့်ဖြစ်ခြင်း။ ကြမ်းပေါက်ထဲကျပြီး ခြေကျိုးကာ ပုံလျက်သား လဲနေတော့သည်။ သူတော်ကောင်းကိုလတ်က ရဲမတိုင်သည့်အပြင် ဆေးရုံကိုပင် ကိုယ်တိုင်ကိုယ်ကျ တင်ပေးလိုက်သေးသည်။

အိမ်မွှန်ရဲ့ အိမ်ရှေ့ဈေးဆိုင်ကလေး အရင်းပြုတ်ရတာလည်း ကိုလတ်ကြောင့်ပါပဲ။ လမ်းထဲက ကလေးတွေက ကိုလတ်ကို လူနုံလူအကြီး ထင်ကြသည်။ ပြားသုံးဆယ်တန် ရွှေအိုးဆီးထုပ်ကို မတ်စေ့နှင့်ဆင်တူသော ဆယ်ပြားစေ့အဝိုင်းနှင့် ငါးပြားစေ့ပေးပြီး ဝယ်လျှင်လည်း ကိုလတ်က မငြိုမငြင် ရောင်းတတ်မြဲ။

"မြတ်ချင်လို့ ဈေးရောင်းတာပဲ ကိုလတ်ရယ်၊ ကိုလတ် သဘောကောင်းပုံနဲ့တော့ ခက်ကော့ကာပဲ"

"ကလေးတွေပဲ အိရယ် ...၊ ဆာလို့ လောင်လို့သာ လာဝယ်ကြတာ

mgyoe.com

mgyoe.com
သူတို့မှာ ပါသမျှလေး ပေးဖော်ရတာပဲ တော်လှပြီ။ ကုသိုလ်ပြုတယ် သဘောထားပါ အိရယ်"

ဟောတော့၊ စောစောက တိုက်ပုံထဲက ထွက်ကျတဲ့ ကတ်ပြားလေးက သွေးလှူရှင် လက်မှတ်ပါလား။ တစ်မြန်နေ့က ကြက်ဥတွေ ပါလာတာ ဒါကြောင့်ကိုး။ အတော်ဆိုးတဲ့ ကိုလတ်။ မယားဆူမှာစိုးလို့ လျှို့ဝှက်ထားတယ်ပေါ့။ သွေးလှူတာ ကုသိုလ်ရမှန်းတော့ သိပါရဲ့။ သို့ပေမဲ့ ဝမ်းတစ်ထွာအတွက် အမြဲပြေးလွှား ရုန်းကန်နေရသူက သွေးလှူတယ်ဆိုတော့ ဘုရား ... ဘုရား ... သွားရင်းလာရင်း အားပြတ်ပြီး လဲကျမှဖြင့် ဒုက္ခ၊ မဖြစ်ပါဘူး။ ကုန်ကုန်ခန်းခန်း ကိုလတ် ခံတွင်းမြက်မယ့် ဟင်းတစ်ခွက်တော့ ချက်ဦးမှပဲဟု စိတ်ကူးရင်း အိမွန်သည် မီးနေစာ ကြိုတင်စုဆောင်းထားသော ဆိပုလင်းဖင်ကပ်နှင့် ငါးကျည်းခြောက် မဖြစ်စလောက်နဲ့ အိုးကင်းတိုက်ရန်အတွက် သွက်လက်မြူးကြွစွာပြင်ဆဲ ချွေးသံရွှဲရွှဲ ကျောပိုးအိတ်နှင့် ကိုလတ် ပြန်ရောက်လာ၏။

"မွေးလှချည်လား မိန်းမရ၊ ဆာနေတာနဲ့ အတော်ပဲ။ ဒီနေ့ ကိုလတ် ပွကြောမိလာတယ်ကွ သိလား။ ရှားပါးစာအုပ်တွေ ပိသဿာချိန်နဲ့ ရလာတယ်။ ဆရာသော်ကောင်း စာအုပ်မျိုးတွေ"

× × ×

ချောအိမွန် ကိုလတ်ကို စတွေ့စဉ်က ခုလိုပင် တစ်အိမ်လုံး ညော်နံ့တွေ မွှန်နေချိန်။

အဖေ သတင်းစာတိုက်မှ ရတ်တရက် အလုပ်ပြုတ်သွားသဖြင့် ရောင်းချစရာ အကုန်ထုတ်နေရသည့်ဘဝ။ ဘီအေ (မြန်မာစာ) လက်မှတ်မှာ ခြောက်ကျပ်ခွဲစား အလုပ်ကိုပင် လက်လှမ်းမမီသဖြင့် ဟင်းချက်ရောင်းပြီး ဝမ်းတစ်ထွာတိုက်ပွဲဝင်နေရဆဲကာလ။

အိမွန်တို့ရပ်ကွက်မှာ ခေါင်းရွက်ဗျပ်ထိုးနှင့် လက်လုပ်လက်စားများသာ များသည်။ အိမ်ရှင်မများမှာ တစ်နေကုန် အပြင်ထွက် ရှာဖွေနေရသဖြင့် မီးဖိုချောင်ဝင်ချိန်မရကြ။ မိဘများ အပြင်ထွက် လှုပ်ရှားနေခိုက် ကလေးငယ်များက ထမင်းအိုးတစ်လုံး မနိုင်မနင်းတည်ကာ ဈေးသိမ်းချိန်
mgyoe.com

mgyoe.com


တွင် အဖေ အမေတို့ နှစ်သက်မည့် ချွေတာရေး ဟင်းများကို စောင့်စား နေကြရသည်။

အိမ္မွန် ဟင်းချက်ရောင်းသည့်အလုပ်က ကိုယ့်ရပ်ကွက်နှင့်ကိုယ် တော့ အတော်အံကျနေ၏။ ဟင်း ဆိုသော်လည်း ကြက်သား၊ ဝက်သားနား မကပ်နိုင်။ လက်လုပ်လက်စားများ လက်လှမ်းမီသော ဈေးနည်းနည်း၊ များများရ ဟင်းများသာ အရောင်းသွက်သည်။

ငါးပိကြော်စပ်စပ်၊ ငါးခြောက်ထောင်းဟင်း၊ ပဲဟင်း၊ ရေနွေးအဖြူ ထည်။ ဟင်းတစ်ပွဲ နှစ်ကျပ်၊ ရေနွေးအဖြူ တစ်ခွက် တစ်မတ်၊ အချိုမှုန့် တစ်ထုပ် တစ်မတ်၊ ပဲဟင်းကို ရေနွေးဖောက် အချို့မှုန့်ခတ်။ ငွေနှစ်ကျပ်ခွဲ ကုန်ရုံနှင့် မိသားစု လေးယောက် ဝမ်းမီးငြိမ်းလေသည်။

အိမ္မွန်သည် မျက်စိအောက်မှ ငါးပိကြော် အိုးကင်းတိုက် အညှော်နံ့ တူးတူးကို နှာခေါင်းလက်ပိတ်ပြီး ကာကွယ်ရင်း တစ်ခါက အင်တာဗျူး ဖြေခဲ့ရသည်ကို ပြန်လည်သတိရနေသည်။ သဘော်ကျင်းတစ်ခုမှာ သံချေး ခေါက် ဆေးသုတ်သမား အလုပ်။ နေ့စား။

အင်တာဗျူးတွင် ဆိုင်ရာလူကြီးများ မေးသမျှကို အိမ္မွန် ကောင်းစွာ ဖြေနိုင်သည်။ သို့သော် သတင်းစာဆရာ၏ သမီးဖြစ်မှန်း တာဝန်ရှိလူကြီး သိသောအခါ မျက်စိမျက်နှာ ပျက်တော့သည်။ လိမ္မာပါးနပ်စွာ ငြင်းပယ်ခြင်း ခံခဲ့ရသည်။

တစ်နေ့ ညနေပိုင်းတွင် အိမ္မွန်တို့ အိမ်ရှေ့သို့ လူရွယ်တစ်ယောက် ရောက်လာသည်။ အသားဖြူဖြူ၊ ပိန်ပိန်သွယ်သွယ်။ သူ့ခန္ဓာကိုယ်ထက် အဆများစွာ ပွယောင်းသော အထက်အောက် တစ်ဆက်တည်း ဝတ်စုံပြာ ကြီးဝတ်လျက်။

"ကျွန်တော် သဘော်ကျင်းက အင်ဂျင်နီယာ ပညာသင် မောင်မောင် လတ်ပါ။ အခြေခံကောင်စီ ဥက္ကဋ္ဌက မအိမ္မွန်ကို အလုပ်ခန့်ချင်ပါတယ်တဲ့။ ဌာနမှူးက သတင်းစာဆရာကို မုန်းတဲ့လူမို့ မအိမ္မွန်ကို ငြင်းပယ်လိုက်တာ ပါတဲ့။ အခြေခံ ဥက္ကဋ္ဌက အတိုက်အခံ ပြောပေးလို့ မအိမ္မွန် အလုပ်ဝင်နိုင် ပါပြီတဲ့"

သို့ဖြင့် အိမ္မွန် အလုပ်ဝင်ဖြစ်သည်။ သံချေးခေါက် ဆေးသုတ်

mgyoe.com

mgyoe.com


အလုပ်ကြမ်းသမားရာထူး ဆိုသော်လည်း တကယ်တမ်း သံချေးမခေါက်ရ။ ဆေးလည်း မသုတ်ရ။ ဘွဲ့ရထားသူမို့ ပညာသင်အင်ဂျင်နီယာလိုင်း ဝင်သွားလေသည်။ ပညာသင်ကာလ လေးနှစ်အတွင်း သင်္ဘောကျင်း လက်အောက်ခံ လျှပ်စစ်ရုံ၊ မော်တော်ကားရုံ၊ တွင်ခုံရုံ၊ လက်သမားရုံ၊ သံဂဟေဆက်ရုံ၊ ပန်းပဲရုံ အစရှိသော အလုပ်ရုံ အသီးသီးတွင် ခြောက်လမှ ကိုးလအထိ လက်တွေ့ပညာသင်ရသည်။ စက်ရုံလုပ်သက် လေးနှစ်ပြည့်မှသာ ရေကြောင်းအင်ဂျင်နီယာစာမေးပွဲ ဖြေခွင့်ရမည် ဖြစ်သည်။

အိမွန်အဖို့ကတော့ ဝမ်းရေးအတွက် ခြေကုပ်တစ်ခုအနေဖြင့်သာ အလုပ်ဝင်ခဲ့ရသည်။ ရေကြောင်းပညာသင် အလုပ်မှာ မိန်းကလေးများနှင့် အပ်စပ်လှသည် မဟုတ်။ အမ်အိုတီ အောင်ပြီးသော်မှ ရှေ့ရေးအတွက် လမ်းဘယ်မမြင်။ ယောကျ်ားလေးများလို သင်္ဘောလိုက်ဖို့ကလည်း မဖြစ်နိုင်။ ကံကောင်းထောက်မလျှင်တော့ ကုန်းပေါ်က ရုံးတစ်ရုံးမှာ ပုံဆွဲအလုပ်လောက်တော့ ရနိုင်ကောင်းရဲ့ထင်သည်။

သင်္ဘောကျင်းစက်ရုံမှာ ပညာသင်အင်ဂျင်နီယာအဖြစ် ကျင်လည်ရင်း ကိုလတ်နှင့် ဖူးစာဆုံခဲ့ခြင်း ဖြစ်သည်။ အစကတော့ နှစ်ယောက်စလုံး အမ်အိုတီအောင်ပြီးမှ လက်ထပ်ကြဖို့ပါပဲ။ သို့သော် အိမွန်ဖခင် ရုတ်တရက် ကွယ်လွန်သဖြင့် နာရေးကိစ္စ ဦးဆောင်ကူညီရာမှ ကိုလတ် မပြန်ဖြစ်တော့ချေ။

အိမွန်နှင့် လက်ထပ်ခြင်းကြောင့် ကိုလတ်မိဘများက အမွေပြတ် ကြေညာခဲ့၏။ ကလေးနှစ်ယောက်ရသည်အထိ အိမွန် ယောက္ခမများ မျက်နှာကို မမြင်ဖူးသေး။

× × ×

သားနှစ်ယောက်ကို ရေချိုးပေးနေဆဲ ကိုလတ် ပြန်ရောက်လာသည်။ လက်ထဲမှာလည်း အထုပ်တွေ တိုးလို့တွဲလောင်းနှင့်။ ဧကန္တ ကိုလတ် တစ်ယောက် ပွပေါက်တိုးလာပြီ ထင်သည်။

"ဖေဖေ၊ သားမှာတဲ့ ဒံပေါက် ပါလား"

"ပါတာပေါ့ကွ"

"ဟေး ... ဒါမှ တို့ဖေဖေကွ"

mgyoe.com

mgyoe.com


မိသားစု ထမင်းဝိုင်းတွင် ကိုလတ်က ဒံပေါက်ထုပ်ထဲမှ ကြက်ရင်ပုံ သားနှင့် ပေါင်သားများကို အိမ္မွန်နှင့် သားများ ပန်းကန်ထဲသို့ ပုံအောထည့် ပေးပြီး သူကိုယ်တိုင်ကတော့ သားများ မဝါးနိုင်သော အရိုးများသာ ကိုက် နေ၏။

"ကိုလတ်ကလဲကွယ်၊ သူများ မျိုမကျအောင် လုပ်နေပြန်ပြီ။ ကိုလတ် က ဦးဆောင်ရှာဖွေရတဲ့ လူပဲ။ ကျန်းမာအောင် များများစားပေးမှပေါ့"

"ကိုလတ်အတွက် အရေးမကြီးပါဘူး မိန်းမရာ၊ အိတို့ သားအမိတွေ မြိုးမြိုးမြက်မြက် မစားရတာကြာလို့ တမင် ဝယ်လာတာ။ မိန်းမရေ ... ဘာမှ မပူနဲ့တော့ကွ။ ကိုလတ် သင်္ဘောတက်ရတော့မယ်။ ကိုလတ် သွေး လှူခဲ့တဲ့ ပုဂ္ဂိုလ်ကြီးက ဆောင်ရွက်ပေးတာလေ။ ခန့်စာရပြီး မကြာခင် လေယာဉ်လက်မှတ် ရောက်လာလိမ့်မယ်"

အိမ္မွန်တို့မိသားစု မျှော်လင့်ချက်အာဟာရဖြင့် ပျော်ရွှင်တက်ကြွ နေချိန်တွင် မီးမလာသည်မှာ ကြာပြီဖြစ်သော လမ်းမီးတိုင်များ ဖျတ်ခနဲ လင်းလာ၏။

ဝါထိန်သော အလင်းရောင်မှိန်မှိန်အောက်တွင် ကျောက်ပေါက်မာ လမ်းသည် အလှကြီး လှနေဆဲကို ...။ ။

(၁၉၈၈ ခုနှစ်၊ ဇန်နဝါရီလ၊ သဘင် မဂ္ဂဇင်း)

❖

mgyoe.com

mgyoe.com

# သူ့အရင်က လဝန်းကို မြင်ခဲ့တယ်

မိန်းကလေးတစ်ယောက်ဟာ
လ ကို မြင်ပြီဆိုရင်
ရင့်မှည့်ပြီပေါ့။
ကလေးတွေ
မွေးပြီးတယ် ဆိုရင်တော့
ညှိုးနွမ်းလာပြီပေါ့။
ဒီနောက်တော့
ယောက္ခမ ဖြစ်လာပြီး
အကန်တော့ခံရတဲ့ ဘဝကို
ရောက်တော့တာပါပဲ။ ။

အာဖရိကန် ကဗျာ

ပြန်ဆိုသူ–မောင်သစ်တည်။

မိန်းမသားတို့၏ ဖြတ်သန်းမှုကို ကောက်ကြောင်းချကြည့်လျှင် ဤကဗျာမျှဖြင့် လုံလောက်ပြီဟု စုစုထား ထင်သည်။

× × ×

mgyoe.com

mgyoe.com


ယောက္ခမဖြစ်ခွင့် မကြုံရသေးသော်လည်း အသက်လေးဆယ် သီသီ စွန်းစပြုကတည်းက စုစုထား အကန်တော့ ခံခဲ့ရလေသည်။

ရန်ကုန် ပြည်လမ်း ပလက်ဖောင်းပေါ်က လူသူလေးပါးကြားမှာ ရှက်ကိုးရှက်ကန်း အကန်တော့ခံရဖူးသည်။

"မမ ... ကျွန်တော့်ကို မမှတ်မိဘူးလား၊ ကျွန်တော် သူငယ်တန်း တုန်းက မမ တပည့် "ကြည်မောင်" ပါ၊ ခု အုန်းမှုတ်စိန် ဇာတ်ထဲမှာ လူရွှင်တော် လုပ်နေပါတယ်။ ခု ကျွန်တော့်နာမည် စံရွှေမြင့်"

သူ့ကိုယ်သူ ပြန်မိတ်ဆက်ရင်း ရုတ်တရက် မြေကြီးပေါ် ပြားပြား ဝပ်ချ ဦးချကန်တော့ချေတော့ ကျွန်မမှာ ရုတ်တရက် ခြေမကိုင်မိ လက် မကိုင်မိ။

"မမ ဝတ္ထုတွေ ဖတ်ရတိုင်း အပေါင်းအသင်းတွေကို ကြွားရတယ်၊ ဒါ ... ငါ့ဆရာမကွလို့၊ ငါ့ကို တစ်ပတ်တစ်ခါ လက်သည်းညှပ်ပေးတဲ့ ဆရာမ၊ "ပီယူတီ–ပတ်(တ်)" လို့ အသံထွက်မိလို့ လက်ဆစ်ကလေးတွေ ဖူးထလာအောင် ပေတံစောင်းနဲ့ ခေါက်ဖူးတဲ့ ဆရာမကွလို့"

သည်တော့မှ သိမ့်သိမ့်ရယ်ရင်း မျက်ရည်လည်ခဲ့ရပါသည်။

ကျောင်းအုပ်ဆရာမကြီးကို 'မမကြီး' ခေါ်၍ ဆရာမတွေကို 'မမ' ခေါ်ရသော သာယာဝတီကွက်သစ် အလယ်တန်း ကျောင်းသားဟောင်း ပီပီ 'မမ' ဟု သူ ခေါ်မြဲရှိသည်။ စုစုထားက မိမိထက် ခေါင်းတစ်လုံးစာ မက ပိုမြင့်နေပြီဖြစ်သော တပည့်ဟောင်းကလေးကို ခေါင်းမော့ကြည့် ရင်း ...

"ကျန်းမာပါစေ၊ ချမ်းသာပါစေ၊ အောင်မြင်ပါစေကွယ်"

ဆုပေးသံသည် ဌာန်ကရိုဏ်းမကျ။ သို့သော် သည့်ထက်ပို၍ မပြော တတ်တော့ချေ။ ပေစောင်း ပေစောင်း၊ ကြည့်ကွက် ကြည့်ကွက် လုပ်သွား ကြသည့် လူသူလေးပါး အလယ်မှာ စံရွှေမြင့်အမည်နှင့် လိုက်လျောလှစွာ ကလန်ကလား နိုင်လှသော သူ့ခန္ဓာကိုယ်ကြီးကို ညွတ်ကိုင်း လက်အုပ် ချီရင်း သူ နှုတ်ဆက် ထွက်သွားသည်အထိ ရင်ခုန်ရသည်။

နောက်တော့လည်း အတွေ့အကြုံတွေ များလာ၍ တစ်စစ အသား ကျလာပါသည်။

mgyoe.com

mgyoe.com


တစ်မြန်နှစ်က ပန်းချီဆရာကိုရွှေစိုးရဲ့မင်္ဂလာပွဲမှာ မင်္ဂလာဦးမောင်နံ ကန်တော့ကြတော့ "ပန်းလိုမွှေး စမ်းလိုအေးတဲ့ နှစ်ယောက်တစ်ဘဝနဲ့ အိုအောင်မင်းအောင် ပေါင်းကြပါစေသား" လို့ လှိုက်လှဲစွာ ဆုပေးနိုင်လေပြီ။

ဆရာ ကိုညိုဝင်းတို့၊ ကိုချစ်ဦးညိုတို့၊ ကိုအောင်ကြည်တို့ကတော့ မင်္ဂလာ သြဝါဒစကားတွေပင် ချီးမြှင့်ကြသေး၏။ ကိုဖေသဏ်းနှင့် ကိုမြေဇာတို့ကလည်း တခမ်းတနား ဆုပေးခဲ့ကြပါသည်။

စုစုထားက သူတို့တစ်တွေ တစ်လှည့်စီ အကန်တော့ ခံနေကြသည်ကို ငေးစိုက်ကာ ရင်ထဲမှာ တလှပ်လှပ် လှုပ်ခါ ခံစားနေရသည်။

တကယ်တော့ ကန်တော့နေသူမှာ မသိနိုးနား အညတရ သတို့သားကလေးတစ်ယောက် မဟုတ်။ ထင်ရှားအောင်မြင်သော ပန်းချီပညာရှင် တစ်ဦး ဖြစ်ပါသည်။

သို့သော် အသက်အရွယ်နှင့် ဖြတ်သန်းမှုအရ သူနှင့်စာလျှင် စုစုထားတို့က 'လူကြီးသူမ' တွေ ဖြစ်နေကြပြီ။ လုပ်ငန်းသဘောအရ ရန်ကုန်မြို့ကြီးတွင် လာရောက် အခြေချနေကြသော အနုပညာ လောကသားတွေအဖို့ 'ခင်ရာဆွေမျိုး' လည်း ဖြစ်သည်။ ကိုရွှေစိုးကလေးက မိမိကို 'အစ်မကြီး အမိအရာ' သဖွယ် နေရာထား လေးစားသမှု ပြုလေတော့ ဘယ်မှာ ရင်မခုန်ဘဲ ရှိနိုင်ပါလိမ့်မည်လဲ။

သည်လိုနှင့် အကန်တော့ခံဘဝ ရောက်မှန်းမသိ ရောက်လာရာက တဖြည်းဖြည်း နေသားကျလာတော့လည်း သူ့နေရာနှင့်သူ သြဝါဒစကား ပေးသော ဆုတွေကလည်း အပြောင်းပြောင်းအလွဲလွဲ ဖြစ်လာ၏။

အိုအောင်မင်းအောင် ပေါင်းကြရပါစေသား ... နှင့် အဆုံးမသတ်ချင်တော့။

လူကိုလိုက်ပြီး အမှာစကား ပြောကြားစရာတွေ အရေးတကြီး လိုအပ်လာပြန်လေ၏။

"ဒီနေ့ကစပြီး မင်း အရက် လျှော့သောက်နော်၊ ချဲလည်း မထိုးနဲ့တော့။ အရင်တုန်းကလို သောက်ရမ်းကြီးတွေ စွတ်စက် မ'အော'လိုက်နဲ့ ကြားလား"

mgyoe.com

mgyoe.com


သိပ်ရင်းနှီးပြီး ငွေကြေးချို့ငဲ့သော မင်္ဂလာ မောင်နှံများဆိုလျှင်တော့

"တစ်နှစ်လောက် နေပြီးမှ ကလေးယူကြနော်၊ ဆရာဝန်နဲ့ တိုင်ပင်၊ လိုအပ်ရင် အိုဂျီ တစ်ယောက်ယောက်ဆီ လိုက်ပို့ပေးမယ် သိလား"

တစ်ခါတုန်းက ထိုစကား ပြောမိတော့ သတို့သားက ပြုံးစိစိနှင့်၊ သတို့သမီးက မျက်နှာ ရဲရဲနီဆဲ၊ လူပျိုရံ လုပ်သူက 'အဟီး' ဟု ရယ်ချ လိုက်ကာ ...

"အိုဂျီဆီ အပ်ပေးမယ်ဆိုရင် မမ ခုတည်းကသာ လိုက်အပ်ပေးပေ တော့"

"ဟင် ..."

"အဟီး ... နောက် ခုနစ်လလောက်ရှိရင် ဒီကောင်တွေက ကလေး ကင်ပွန်းတပ်ရတော့မှာ မမရဲ့"

"ဟောတော် ... အမယ်လေးလေ ... ဒီလိုလားဟဲ့ ... ဟင် ... ဒင်းက ... ဒင်းက"

ကြည့်စမ်း ... သုရမ်းတဲ့ကလေး။

ကောင်စုတ် ကောင်နာလေး၊ အယုတ်တမာကလေး၊ စသည်ဖြင့် မင်္ဂလာစကားကို အဆဲအဆိုများဖြင့် နိဂုံးချုပ်ဖူးပါသည်။

× × ×

နေ့လယ်က 'မြမြင့်မိုရ်' ရောက်လာသည်။

မတ်လ နွေနေပူကြီးထဲ ဖြတ်သန်းပြီးသကာလ၊ လေးထပ်တိုက် ထိပ်ဆုံးထိ တက်လာရသဖြင့် သူ့ခမျာ မောဟိုက် ဖိုလှိုက်နေသော်လည်း ခရီးရောက်ဆိုက်ပင် ...

"မမ ... အစ်ကိုကော ရှိလား"

"ရှိပါတော်၊ အရေးတကြီးကိစ္စရှိလို့လား"

'အစ်ကိုကော' ဟု ရည်ရွယ် မေးသည်မို့ သင်းတို့တစ်တွေ ယမကာ ဝိုင်းဖွဲ့ဖို့ စိုင်းပြင်းကြတာပဲဟု ပေါ့ပေါ့ တွေးမိသည်။ ဥပဒေအကျိုးဆောင် ကြီး ဟန်လာပြန်ပြီ ထင်ရဲ့။ 'ပြည့်ဝ' မှာလား၊ မင်းသစ်ခြံကြီးထဲမှာလား၊ တစ်နေရာရာတော့ ဝိုင်းကြဦးမည်ထင်ရဲ့။

mgyoe.com

mgyoe.com


"ကိစ္စရှိလို့ မမ၊ အရေးတော့ ကြီးသလား မမေးနဲ့၊ သူ့ထက် အရေးကြီးတာတောင် သူ့လောက် အရေးမကြီးဘူး"

"ဟောတော် ... ဘာများ ဖြစ်လာပါလိမ့်၊ ကဲ ... ပြောပါဦးမြန်မြန်"

"ကျွန်တော့်ကိစ္စလေးတစ်ခု လိုက်ခဲ့ပေးဖို့ပါ၊ အရင်တုန်းက ကျွန်တော် တွဲဖူးတဲ့ ချာတိတ်မလေးလေ၊ အဲဒါ လက်ထပ်ကြတော့မလို့"

"မင်္ဂလာသတင်းပဲ၊ ဝမ်းသာတယ်ကွ"ဟု ဧည့်ခန်းထဲ ဝင်လာသော အိမ်ဦးနတ်က ဩဘာ ထောမနာပြုလိုက်သည်။

"ဘယ်တော့လဲ"

"ခု ညနေ ..."

"အလိုတော် ... ချက်ချင်းကြီး၊ ခုမှ လာပြောတယ်ပေါ့"

"အာ ... မဟုတ်ပါဘူး၊ လက်ထပ်ဖို့ရက်က ခုညနေမှ လူကြီးစုံရာနဲ့ ရွေးပြီး ညှိကြမှာပါ၊ ခုညနေက မိန်းကလေးအိမ်မှာ နှစ်ဖက်လူကြီးမိဘ စုံရာနဲ့ အသိအမှတ်ပြုဖို့၊ စကားပြောဖို့၊ အဲဒါ ... ဘာခေါ်မလဲ"

"တောင်းတာပေါ့"

"အဲသလိုလည်း မဟုတ်ဘူးထင်တယ်"

"ဒါဖြင့် ... မြန်းတာပေါ့ကွာ"

"အဲ ... ဟုတ်မယ် မမ၊ အဲဒီ စကားလုံးလေးတော့ ကျွန်တော် ကြိုက်တယ်၊ ဟုတ်တယ် 'မြန်း' တာ"

"အင်းပါ၊ ကာယကံရှင် ကြိုက်ဖို့ အရေးကြီးတာပဲ၊ ကဲ ... ဒီညနေ မြန်းမယ်ပေါ့"

"ဟုတ်ကဲ့ ... အဲဒါ အစ်ကိုနဲ့ မမ ကျွန်တော့်ဘက်က လူကြီးမိဘ အနေနဲ့ လိုက်ပေးဖို့"

"လိုက်ပေးတာက ဖြစ်ပါတယ်၊ ဒါပေမဲ့ အမေ့ကို ကြိုတင် အကြောင်းကြားမထားဘူးလား၊ အမေလိုက်ရင် ပိုကျက်သရေရှိမယ့်ကိစ္စကို"

"အမေ့ကို အကြောင်းတော့ ကြားထားပြီးသားပါ၊ ဒါပေမဲ့ မကြာခင် လက်ထပ်မှာဆိုတော့ အမေ နှစ်ခေါက်လာနေရမှာစိုးလို့ပါ၊ မင်္ဂလာဆွမ်းကျွေးတဲ့နေ့၊ ဧည့်ခံပွဲလုပ်တဲ့ အချိန်မှာတော့ အမေ ရှိကိုရှိမှ ဖြစ်မယ်လေ၊ ခုကိစ္စမျိုးကျတော့ မမတို့ပဲ အမေ့ကိုယ်စား"

mgyoe.com

mgyoe.com

"ဒါဆိုလည်း ကောင်းပါပြီ၊ လိုက်ရမှာပေါ့၊ အစီအစဉ်က ဘယ်လိုလဲ"

"ညနေငါးနာရီ မမတို့ကို ကျွန်တော် လာခေါ်မယ်လေ"

"ဟင် ... ခုပဲ သုံးနာရီတောင် ထိုးတော့မှာ"

စုစုထားက အနည်းငယ် စိတ်ပူပန်စွာ အချိန်ကို တွက်ဆနေမိသည်။ မြမြင့်မိုရ်က သူနေထိုင်ရာ တာမွေသို့ တစ်ခေါက်ပြန်ဦးမည်။ သတို့သား လောင်းဆိုတော့ ရေမိုးချိုးပြီး ရှိုးတွေ မိုးတွေထုတ်ဖို့ လိုသေးသည်ပေါ့။

"ဒါနဲ့ ... သိသင့် သိထိုက်တာတွေလည်း ပြောထားဦးလေ၊ မင်း ချာတိတ်မလေး နာမည်က ဒွေးဒွေးနော်၊ နေတာက တာမွေမှာပဲလား"

"နာမည် အပြည့်အစုံက ဒွေးဒွေးလှိုင်တဲ့၊ ကျိုက္ကဆံလမ်း၊ ကျွန်တော့် အိမ်နဲ့ သိပ်မဝေးပါဘူး၊ သူ့မိဘတွေက ..."

မြမြင့်မိုရ်သည် တစ်နာရီနီးပါးမျှ လိုအပ်သည်များကို တင်ပြညှိနှိုင်း နေလေ၏။

× × ×

"တိုက်ပုံကြီး ဝတ်ထားရတာ အိုက်လှပြီကွာ၊ ဟူး ... မြမြင့်မိုရ် လည်း အရိပ်အယောင်တောင် မမြင်ရသေးဘူး"

"ဟုတ်ပါရဲ့တော် ... ဒီလောက် အရေးကြီးတဲ့ကိစ္စကိုတောင် ပေါ့တီး ပေါ့ဆနဲ့ ကြည့်ပါဦး၊ ငါးနာရီ ခွဲပြီးနေပြီ၊ ငါးနာရီနဲ့ ခြောက်နာရီကြား ချိန်းထားတဲ့ကိစ္စ၊ ခုလောက်ဆိုရင် ဟိုမိန်းကလေး အိမ်မှာ လူကြီးတွေ လည်တဆန့်ဆန့် ဖြစ်ကြရော့မယ်"

ကိုယ်တိုင်လည်း လည်ပင်းရှည်လှပြီ။ ချွေးပြန်စမျက်နှာကို စတုဏ္ဍ အကြိမ်မြောက် ကရင်းပတ်(ဖ်) ဖြင့် တို့ရင်း သံဆန်ခါကြားမှ လမ်းမပေါ် မျှော်ကြည့်ရပြန်သည်။

"လာတာ မြင်ပြီလား"

"ဟင့်အင်း၊ ကိုရီးယား လေယာဉ်ကမှ အစအနရှာလို့ လွယ်ဦးမယ်"

"ဟော ... ဘယ်လို ပြောလိုက်တာလဲကွာ၊ မင်္ဂလာကိစ္စကို မင်္ဂလာ ရှိတဲ့စကား ရွေးပြောစမ်းပါ၊ သတိထားပြီး ဆင်ဆင်ခြင်ခြင်လေးလည်း ပြောဦး ဆိုဦးနော်၊ လူကြီးလုပ်ပြီး လိုက်ရမှာ၊ လူကြီးစကားကော ပြော

mgyoe.com

mgyoe.com


တတ်ရဲ့လား၊ နည်းနည်းပါးပါးလည်း စဉ်းစားထားဦး"

"အဲ ... ဟုတ်တယ်တော့"

နည်းနည်းပါးပါး မကပါ။ များများစားစားကြီးကို စဉ်းစားသွားရပါသည်။

သည်လို ကြောင်းလမ်းစေ့စပ်ခြင်း ကိစ္စမျိုးမှာ တစ်ကြိမ်တစ်ခါမျှ ဝင်မပါခဲ့ရစဖူးပါ။ ထုံးတမ်းစဉ်လာ ကိစ္စတွေကိုလည်း အကျွမ်းမဝင်ပါ။ မိမိကိုယ်တိုင်လည်း ကိုယ်ကြိုက်ပုံစံဖြင့် အိမ်ထောင်ပြုခဲ့သည်မို့ အစဉ်အလာ အတွေ့အကြုံ မရှိခဲ့ပါ။ နှစ်ဖက် မိဘများကလည်း ထုံးတမ်းစဉ်လာ အချို့ကို သူတို့ကိုယ်တိုင်က သည်းခြေမကြိုက်ချင်ကြလေတော့ စုစုထားတို့ အိမ်ထောင်ရေးမှာ ရှင်းလင်းကြည်စင်စွာ တည်ဆောက်ခွင့်ရခဲ့ပါသည်။

ခေါင်းမိုး တစ်ခုတည်းအောက်မှာ နှစ်ယောက်အတူ စနေမည့်နေ့ကို မင်္ဂလာနေ့ဟု သတ်မှတ်လိုက်ပါသည်။ ထိုနေ့မှာ သတင်းစာမှ အများသိစေရန် ကြေညာလိုက်ပါသည်။ ထိုနေ့မှာ စုစုထား၏ မိဘအိမ်တွင် မိတ်သင်္ဂဟများကို ဖိတ်ကြား ဧည့်ခံခဲ့ပါသည်။ ထိုနေ့မှာမှ ကာယကံရှင် နှစ်ဦးနှင့် နှစ်ဖက်မိဘ ဆုံဖြစ်ခဲ့ပါသည်။

သူက ရန်ကုန်မှာ နေသည်။ သူ့မိဘများက သဲကုန်းမှာ နေသည်။ စုစုထားက ကြို့ပင်ကောက်မှာ နေသည်။ မိဘများက သာယာဝတီတွင် နေသည်။

သူက ရန်ကုန်မှ၊ သူ့မိဘများက သဲကုန်းမှ၊ စုစုထားက ကြို့ပင်ကောက်မှ အသီးသီး မီးရထားဖြင့် လာခဲ့ကြပြီးသကာလ သာယာဝတီ ဘူတာမှာ ဆုံမိကြပြီး ဧည့်ခံပွဲ ကျင်းပရာ မိဘများအိမ်သို့ စုရုံးချီတက်ခဲ့ကြပါသည်။

သာယာဝတီအိမ်မှာ ဧည့်ခံပွဲ လူစည်၍နေပါပြီ။ ရန်ကုန်မှ မိတ်ဆွေ အပေါင်းအသင်းများ၊ နယ်မှ မိတ်ဆွေ အပေါင်းအသင်းများက တစ်ညကြိုရောက်နှင့်သည်မို့ ဧည့်သည်တွေက ကာယကံရှင်နှစ်ဦးကို လည်တဆန့်ဆန့် မျှော်နေကြပါပြီ။ စုစုထားရဲ့ မိဘနှစ်ပါးကလည်း ခြံဝမှ ထွက်မျှော်နေကြပါပြီ။

လူစုံရောက်လာတော့မှ ဖခင်က ...

mgyoe.com

"ကဲ ... လာကြ ... လာကြ ... ဆင်ပါသလား၊ မြင်းပါသလားတွေလည်း မေးမနေတော့ဘူး၊ မီးရထားနဲ့လာကြတာ သိပြီးသားပဲ ... ဟား ... ဟား"

ပေါ့ပါးရွှင်ပျစွာ ရယ်ပွဲဖွဲ့ဖြစ်သွားကြပါသည်။ မိဘချင်း အပြန်အလှန် နှုတ်ဆက်ကြဆဲ စုစုထားက ချစ်သောအဖေ အနားကပ်ကာ ...

"ဘာကျွေးသလဲ ပါပါ"

"မနက်က ဘုန်းကြီးတွေကို မင်္ဂလာဆွမ်း ကျွေးတယ်လေ၊ ညည်းတို့ မမီတော့ဘူးပေါ့။ ခုတော့ ဧည့်သည်တွေအတွက် အိုက်စကရင်နဲ့ ကိတ်၊ ဘာလဲ ... ဆာလာပြီလား"

"အရမ်းဆာတာပဲ ပါပါ"

သို့ဖြင့် အလောသုံးဆယ် ဗိုက်ဖြည့်ပြီးမှ အဝတ်အစားလဲကာ ဧည့်သည်များကို ဧည့်ခံရပါသည်။

'ကူညီလက်ဖွဲ့ခြင်း သည်းခံပါရန်' ဟူသော မေတ္တာရပ်ခံ စာတန်းကို သူငယ်ချင်း ကဗျာဆရာ 'မောင်လွမ်းဝေ' က ဖိတ်စာပေါ်မှာ လက်ရေးလှလှဖြင့် တခုတ်တရ ရေးပေးခဲ့သည် ဖြစ်သော်လည်း အမှတ်တရ လက်ဆောင်တချို့ ရခဲ့ပါသေးသည်။

သနပ်ခါးတုံး၊ ကျောက်ပျဉ်၊ မှန်ချပ်တွေ၊ မိတ်ကပ်ဘူးတွေ ... စသည် ... စသည်။

'မိန်းမ ပီပီ၊ မိန်းမ ပုံစံကျကျ နေပေတော့' လို့ သူငယ်ချင်း အပေါင်းအသင်းများက အစဉ်အလာထဲသို့ ပြန်လည်ဆွဲသွင်းကြခြင်း ဖြစ်ပါ၏။ တကယ်တော့ အစဉ်အလာတွေကို ဆန့်ကျင်ခဲ့သည်မှာ ငယ်စိတ်ဖြင့် မိမိကိုယ်ကို လိမ်ညာခဲ့တာလည်း မှန်သည်။ မိမိကိုယ်မိမိ အမှန်တကယ် နားမလည်ခဲ့တာလည်း ဖြစ်သည်။ သည်းခြေမကြိုက်၍ အစဉ်အလာမှ သွေဖည်ခဲ့တာတွေလည်း ရှိပါသည်။

ခုတော့လည်း သနပ်ခါးမိတ်ကပ် သုံးရုံမက ခြေလည်းလက်သည်းပင် ဆိုးတတ်နေပါပြီ။

လူ့ပတ်ဝန်းကျင်နှင့် သဟဇာတ ဖြစ်စေသော အစဉ်အလာများထဲမှာ အတော်ကလေး အသားကျနေပါပြီ။

mgyoe.com

mgyoe.com

တစ်ချိန်က ခမ်းနားကြီးကျယ် မင်္ဂလာပွဲများကို မနှစ်သက်ခဲ့သော်လည်း ခုတော့ ခမ်းနားသော မင်္ဂလာပွဲများတွင် ဇာပဝါ တလွင့်လွင့်၊ သဇင်သစ်ခွ တဝင့်ဝင့်ဖြင့် ရယ်မောရွှင်ပျစွာ ရောနှောတတ်နေပါပြီ။

လိုအပ်လျှင် မင်္ဂလာဩဝါဒစကားများပင် လျှပ်တစ်ပြက်ပြောခွင့်ကြုံသေး၏။

"ဒေါ်စုစုထားအနေနဲ့ မင်္ဂလာ ဩဝါဒစကား ချီးမြှင့်ပေးဖို့ တောင်းဆိုအပ်ပါတယ်ခင်ဗျား" ဟု အခမ်းအနားဆန်ဆန် လေသံဟန်ပန်ဖြင့် ရုတ်တရက် ကြေညာသံ ကြားရလျှင် ဘယ်လိုရှောင်လွှဲ၍မှ မရနိုင်ပြီ။

ထိုအခါများတွင် အန်တီ 'စောမုံညင်း' ကို တ, မိမြဲဖြစ်သည်။ 'မြန်မာ့နား' တွင် ခံ့ညားထည်ဝါစေသော ရေးစာ ရေးကဗျာ လင်္ကာတွေကို အသံနှင့်၊ ဟန်နှင့် ဌာန်နှင့် ကရိုဏ်းနှင့် အန်တီစောမုံညင်းလောက်များ (နည်းနည်းနောနော မမှန်းပါ) ဆိုတတ် ပြောတတ်လျှင် ဘယ်လောက် ဟန်ကျမည်လဲပေါ့။

ဒါတွေ မတတ်သော်လည်း အရပ်က တောင်းဆိုလာတော့ ကျွမ်းကျင်ရာ လိမ္မာသလို ဖြီးဖြန်းပြီး ဟန်ကိုယ့်ဖို့ လုပ်ရပါသည်။

"လင့်ဝတ္တရား ငါးပါးတို့၊ မယားဝတ္တရား ငါးပါးတို့ ဆိုတာတွေတော့ မနည်းကြီး ပြန်စဉ်းစားပြီးမှ ရွတ်ပြနိုင်မှာမို့ ပြောမနေတော့ပါဘူး၊ သတို့သားနဲ့ သတို့သမီးအတွက် သီးခြားစကား လက်ဆောင်ပေးပါရစေ"

တစ်ယောက် တစ်ဘဝစီက နှစ်ယောက်ပေါင်း တစ်ဘဝ တည်ဆောက်ကြဖို့ လက်တွဲချိန်က စပြီး ဘဝခရီးတစ်လျှောက်လုံး အဖော်ကောင်းတွေ ဖြစ်နိုင်ကြပါစေ။ ဘဝအဖော်ချင်း ချီးကျူး အားပေးလို့ ကြိုးပမ်းမှု ဆုလာဘ်တွေကို မျှဝေခံစားနိုင်ရုံမက ကိုယ်တိုင် မဆုံးဖြတ်နိုင်တဲ့ ပြဿနာမျိုးကို နှစ်ယောက်သား လက်တွဲဖြေရှင်းဖို့ မငြိုငြင်နိုင်တဲ့ မေတ္တာတရား ပွားများနိုင်ကြပါစေ။ ဒီ စိတ်နေစိတ်ထားကို ရှီဗာရီ အာဇာနည်စိတ်လို့ အင်္ဂလိပ် စာရေးဆရာကြီး ရပ်စကင်းက ပြောခဲ့ပါတယ်။ သူက စစ်ပွဲမှာ ရက်စက်ကြမ်းကြုတ်တာ၊ ငြိမ်းချမ်းတဲ့ကာလမှာ တရားမျှတခြင်းကင်းတာ၊ အိမ်တွင်းဆက်ဆံရေးမှာ အကျင့်ပျက် ယုတ်ညံ့တာတွေဟာ အာဇာနည်စိတ်ထားကို ညှိုးနွမ်းစေတယ်တဲ့၊ အသရေ ပျက်စေတယ်တဲ့။

mgyoe.com

mgyoe.com
ဒါနဲ့ ဆန့်ကျင်ဘက် သစ္စာတရားကို ကာကွယ်တာ၊ တရားဥပဒေကို ကာကွယ်တာ၊ ချစ်ခြင်းမေတ္တာကို ကာကွယ်တာတွေဟာ အာဇာနည်စိတ်ထားရဲ့ သန့်စင်မှုကို ပြတာပဲတဲ့။

ဒီစိတ်ထားတွေဟာ ဘဝအဖော်ချင်း တစ်ဦးပေါ်တစ်ဦး ချစ်မေတ္တာအလိုတော်အရ လိုက်လျောရာက ပေါက်ဖွားလာတယ် ဆိုပါတယ်။

ဒါကြောင့် သတို့သမီးကို ဂုဏ်တင်ပါရစေ။ ချစ်သူရဲ့ အင်္ကျီကြယ်သီးကို ကိုယ့်လက်နဲ့ ကိုင်တွယ်တပ်ဆင်ပေးရတဲ့ကိစ္စဟာ စိတ်ကူးယဉ်လို့ကောင်းရုံ၊ သာယာကြည်နူးသွားရုံ လုပ်ပေးလိုက်တာ မဟုတ်ပါဘူး။

ဝိညာဉ်တစ်ခုရဲ့ သံချပ်အင်္ကျီကို မိန်းမသားတစ်ယောက်ရဲ့လက်နဲ့ ထိကိုင်ခြင်းမရှိရင် အဲဒီသံချပ်အင်္ကျီဟာ နှလုံးသားနဲ့ ဘယ်တော့မှ အံကိုက်ဖြစ်မနေနိုင်ဘူးလို့ စကားရှိပါတယ်။ မိန်းမသားတို့ လျှောက်ရာလမ်းမှာ ပန်းတိုင်း ပွင့်နိုင်ပါသတဲ့။ ပန်းတိုင်းပွင့်စေတဲ့ အိမ်ရှင်မကောင်း ဖြစ်ပါစေ။ ပန်းဥယျာဉ်ကို စောင့်ရှောက်ထိန်းသိမ်းနိုင်တဲ့ အိမ်ထောင်ဦးစီး ယောကျ်ားကောင်း ဖြစ်ပါစေ။

သတို့သားကိုတော့ အကြောင်းသိ လူရင်းမို့ ပွင့်ပွင့်လင်းလင်း ဩဝါဒ ပေးချင်ပါတယ်။ ဒီနေရာကလွဲပြီး နောက်တစ်ခါ ဩဝါဒ ပေးချင်ဦးတော့ ခုလို သူ ငြိမ်ခံနေတော့မှာ မဟုတ်လို့ပါ။ အခါအခွင့်ရတုန်း ပုဒ်မပါ ကျုံးပြီး ဆုံးမရရင် သတို့သား လူပျိုတုန်းကလို မလွတ်ပါနဲ့။ အဒေါ်အိမ်မှာ နေသလို သန်းခေါင်ညဉ့်နက် လမ်းထွက်လည်တာမျိုး ဆင်ခြင်ပါ။ အိမ်မြဲပါ။ အရင်တုန်းက အချိုးတွေ ပြင်ပြီး လိမ္မာတဲ့ ယောကျ်ားကောင်းတစ်ယောက် အဖြစ်နဲ့ ကိုင်ဇာရဲ့ တူနှစ်ကိုယ်တိုင်းပြည်ကလေးကို ဦးဆောင် ဖန်ဆင်းနိုင်ပါစေ။

"ဒစ္စကို မင်္ဂလာစကားပဲ" ဟု နှစ်ဖက်ဆွေမျိုးတွေက ဩဘာပေးကြပါသည်။

ညီမအရွယ်၊ တူမအရွယ်လေးတွေက ဘာကို သဘောကျမှန်း မသိကြတော့ ...

"ဘရိတ်ဒန့်စ် ခေတ်ကြီးနဲ့ ရစ်သမ်ညီတဲ့ ဘရိတ်ဆပိ(ချ်) ပဲ၊ ရယ်ရတယ်၊ အိပ်မငိုက်ဘူး" ဟု ထောမနာ ပြုကြပါသည်။ ထိုမင်္ဂ ...ကို
mgyoe.com

mgyoe.com
အကြောင်းပြုပြီး ဟိုပွဲ သည်ပွဲတွေက ဩဘာစကားပြောဖို့ ဖိတ်ကြားလာသည့်အခါ ...

"ဟိုမင်္ဂလာဆောင်တုန်းက ပြောတာမျိုးလေးပဲ ပြောပါနော်"

ဆရာ မြသန်းတင့် ဘာသာပြန်သော နပ်စကင်း ဟောပြောချက်များနှင့် ကိုင်ဇော့သီချင်းတွေ ယဉ်ပါးသူတိုင်း သိပြီးဖြစ်မည်မို့ နည်းနည်းတော့ ရှက်ပါသည်။ ရင်ထဲမှာ စွဲငြိနေသော ရတနာတွေကို ရုတ်တရက် ဆွဲထုတ်မိရာက စ,ခဲ့သည်ဖြစ်သော်လည်း ခုတော့ 'လုပ်ကိုင် စားသောက်ရာ' ကျနေမည်လား မသိ။

ဘာပဲဖြစ်ဖြစ် လူ့အဖွဲ့အစည်းမှာ အလိုက်အထိုက် အသင့်အတင့် နှလုံးသွင်းရင်း အသက်အရွယ်နှင့် အခြေအနေ ပြဋ္ဌာန်းလာသမျှကို ငြင်းဆန်၍ မရတော့ပါ။ သိပ်လည်း စဉ်းစားမနေတော့ပါ။

× × ×

ခုတော့ တော်တော်ကြီး စဉ်းစားနေရပါပြီ။

ဟိုအိမ်ရောက်လျှင် မိန်းကလေးမိဘတွေနှင့် မြမြင့်မိုရ်ကို မိတ်ဆက်ပေးမည်ပေါ့။ သည်တော့ ကျွန်မတို့က ကိုမြမြင့်မိုရ်ရဲ့ အစ်ကိုနဲ့ အစ်မပါ။ သူ့အမေက ရပ်ဝေးမှာမို့ ကြုံကြုံတင်တင်ကြီး လာမနေနိုင်လို့ပါ။ အမေကို အသိပေးပြီးသား၊ အကြောင်းကြားပြီးသားမို့ ဒီက လူကြီးတွေနဲ့ ညှိပြီး လက်ထပ်ဖို့ ရက်သတ်မှတ်ရအောင် ကျွန်မတို့ လာခဲ့ပါတယ်ပေါ့။ မိန်းကလေးမိဘများ ဖြစ်ချင်တဲ့ အစီအစဉ်အတိုင်း ကျွန်မတို့ဘက်က အတတ်နိုင်ဆုံး ဆောင်ရွက်ပေးပါမယ်ပေါ့။ ဒါလောက်ပြောပြီးရင် တစ်ဖက်စကား စောင့်ရုံပါပဲ။ အလိုက်သင့် မောင်ဘဦး လုပ်ရုံပါပဲ။

စိတ်ထဲမှာ အတန်ငယ် အေးသွားမည်ရှိဆဲ၊ စိတ်ပူနေသော ခင်ပွန်းသည်က တံခါးဝဆီသွားပြီး လှမ်းမျှော်ကြည့်ပြန်သည်။

"ခြောက်နာရီ ထိုးတော့မယ်ကွာ၊ ခုထိ ပေါ်မလာ ... ဟင် ... ဟိုမှာ ကိုသာချို လာနေတယ်ကွ"

"ဟုတ်လား၊ အတော်ပဲ၊ အတော်ပဲ၊ သူ့ပါ ခေါ်သွားရမယ်"

ခုတလော မောင်သာချို ရက်ခြားဆိုသလို ရောက်လာတတ်ပါသည်။
mgyoe.com

mgyoe.com


မြောက်ဥက္ကလာဆေးရုံကြီးတွင် ရက်ရှည်အနားယူနေရသော ယမုံ၏ ကျန်းမာရေးအခြေအနေကို သတင်းပေးဖို့လည်း ဖြစ်သည်။

"ယမုံ ဘယ့်နှယ် နေသေးလဲ"

ခရီးရောက်မဆိုက် ဆီးမေးသူကလည်း မေးသည်။ သုံးထပ်အမြင့် တက်လာ၍ မောလာသူကလည်း အသက်ရှူသံ ဗလုံးဗထွေးနှင့် ဖြေဖြစ်အောင်ဖြေသည်။

"ရှေ့တစ်ပတ်လောက်ကြာရင် ဆေးရုံက ဆင်းနိုင်ပြီပြောတယ်၊ ကျိုးသွားတဲ့ ခါးရိုးက ပုံမှန် အသားကျသွားဖို့တော့ အချိန်ယူရမှာပေါ့လေ၊ အစားကောင်းကောင်းစားတယ်၊ ဒူးယား သောက်တယ်၊ စာဖတ်တယ်၊ ကဗျာစပ်တယ်၊ အိုကေပါပဲ"

"ဒါဆိုလည်း ဆေးရုံကဆင်းမှ အိမ်တစ်ခေါက် သွားကြည့်တော့မယ်၊ ဟိုမှာ ဒေါက်တာ ဖေမြဝင်းလည်း ကြည့်ပေးနေတာပဲ"

ရေးဖော် ညီမငယ် မြနှောင်းညို အားကိုးနှင့် သူ့အိမ်ဦးနတ် ပလတ်စတစ် ဆာဂျရီကြီးကို အပ်နှံထားခဲ့သည်ဖြစ်ရာ ဆေးရုံကိစ္စအတွက်တော့ လုံးဝမပူပန်မိပါ။

"ရပါတယ်၊ ကျွန်တော်နဲ့ 'နေစိမ့်' အမြဲလို ရောက်နေတာပဲ၊ ခု ဘယ်ဟောပြောပွဲ သွားမလို့လဲ မမတို့က"

"ဟောပြောပွဲ မဟုတ်ပေါင်တော်၊ အဲဒါ ပြောမလို့၊ ကိုသာချိုလည်း လိုက်ခဲ့ပေတော့၊ မိန်းမ သွားတောင်းမလို့၊ မြမြင့်မိုရ်အတွက်"

"ဟင်" ဟု သူ အံ့အားသင့်သွားပြီး ...

"ခု တစ်ခါတည်းတောင်းပြီး ခေါ်ခဲ့မှာလား"

"အား ... အဲလို မဟုတ်သေးပါဘူး၊ သဘောပြောတာ၊ ခုဟာက နှစ်ဖက်မိဘ မျက်နှာစုံညီ ညှိနှိုင်းဖို့၊ မိန်းကလေး မိဘတွေကို တရားဝင် နားဖောက်ဖို့ ဆိုပါတော့"

"မမတို့က မြမြင့်မိုရ်ဘက်ကပေါ့"

"အင်းပေါ့၊ သူ့အမေကိုယ်စား၊ ဟော လာပါပြီ၊ သတို့သား နောက်ကျလိုက်တာဟယ်"

စုစုထား စိတ်လှုပ်ရှားနေသလောက် မြမြင့်မိုရ်က အေးဆေးစွာ

mgyoe.com

mgyoe.com

ဖြေသည်။

"ရေချိုးနေလို့ပါ"

× × ×

ကျိုက္ကဆံလမ်းမပေါ်ရှိ နှစ်ထပ်တိုက်အပေါ်ထပ် ဧည့်ခန်းတွင် လူပြည့်မတတ် ရှိနေကြပါပြီ။

"ဩော် ... လာကြပါ၊ လာကြပါ၊ ဒီဘက်ကြွပါ"

ဖိတ်ကြားညွှန်ပြရာအရပ်တွင် နေရာယူပြီးသကာလ မျက်နှာရောင်စုံထဲမှာ ဘယ်ဟာ မိန်းကလေးရှင်မိဘများ ဖြစ်လေမည်လဲဟု စူးစမ်းလေ့လာလိုက်ပါသည်။

စုစုထားတို့ ဝင်လာကြ၍ ဧည့်ခန်းထဲက စကားဝိုင်းမှာ ပြောလက်စစကားတွေလည်း ရုတ်တရက် ပြတ်တောက်ကုန်ဟန်တူသည်။ တစ်ခဏတာမျှ တိတ်ဆိတ်သွားကာ တစ်ယောက်မျက်နှာတစ်ယောက် အပြန်အလှန် ကြောင်စိစိ ယောင်အမ်းအမ်း ကြည့်ကြရင်း အနေရ အထိုင်ရခက်လာသည်။

စုစုထားကတော့ ကြိုတင် စဉ်းစားထားသည့်အတိုင်း 'ကျွန်မတို့က ကိုမြမြင့်မိုရ်ရဲ့ အစ်ကိုနဲ့ အစ်မပေါ့' အစချီဖို့ အသင့်ရှိလေပြီ။ သို့သော် ဘယ်မျက်နှာကိုကြည့်ပြီး ပြောရပါမည်လဲ။ အသက် လေးဆယ်ကျော် ငါးဆယ်ကျော် အမျိုးသား ရှစ်ယောက် ကိုးယောက်လောက်ထဲမှာ ဘယ်သူဟာ မိန်းကလေးဖခင်ဖြစ်ကြောင်း ခန့်မှန်းနိုင်ပါ့မလဲ။ အသက် ခြောက်ဆယ်အရွယ် ဘကြီးတစ်ယောက်လည်း ပါသည်။ မိန်းမရယ်လို့လည်း အသက် ငါးဆယ်ကျော် အရွယ်တစ်ယောက် ခပ်ကွာကွာမှာ ထိုင်နေသည်။ ဒါလည်း မိန်းကလေးရဲ့အမေတော့ လုံးဝ မဖြစ်နိုင်။ မြမြင့်မိုရ် ပြောပြထားသလိုဖြင့် မိန်းကလေးမိခင်က ခပ်ငယ်ငယ်။

မြမြင့်မိုရ်ရဲ့ မျက်နှာရိပ် မျက်နှာကဲကို လှမ်းကြည့်လိုက်တော့ သူက အေးဆေးစွာ (တစ်နည်းအားဖြင့်) မသိသားဆိုးရှားစွာနှင့် သူ့အိတ်ထဲက ငါးသုံးလုံးစီးကရက်ဘူးကို ထုတ်ချကာ ...

"မမ ... သောက်၊ ဟေး ... ချာတိတ်တွေ၊ အအေးလေး ကိတ်မုန့်လေး ချကြပါဦးကွ"

mgyoe.com

mgyoe.com


အရေးထဲ အချင်းချင်း ဧည့်ဝတ်ပြုနေရပြန်သည်။ စုစုထား ဆေးလိပ်ကြိုက်သော်လည်း မျက်နှာစိမ်း လူနည်းစုကြားမှာ သောက်လေ့မရှိပါ။ လူစု လူအုပ်ထဲမှာတော့ သူ့ ကိုယ်မသိ၊ ကိုယ့် သူမသိမို့ စိတ်အလိုလိုက်တတ်ပါသည်။

မြမြင့်မိုရ်က သည်မိသားစုတစ်ခုလုံးနှင့် အတော်ရင်းနှီးမှု ရှိနေပြီပဲ။ မုန့်ပွဲတွေ လာချသော ကလေးမလေးတွေထဲက ဘယ်သူ ဌေးဌေးလှိုင်လဲဟု သိချင်လာသည်။

ဒါ့ထက် အရေးကြီးတာက ဘယ်သူ ဌေးဌေးလှိုင်ရဲ့ အဖေနဲ့အမေလဲ။

"ကဲ ... ဌေးဌေးလှိုင်ရဲ့ အဖေ အမေတွေနဲ့ မိတ်ဆက်ပေးပါဦး" ဟု ထွက်အံ့ဆဲဆဲ မနည်းနှုတ်ပိတ် ချုပ်တည်းထားရသည်။ ဒါ ... ကိုယ့်စာဖတ်ပရိသတ်နှင့် တွေ့ဆုံခြင်းမဟုတ်။ အပေါ်စီးလေသံ ပေါက်သွားနိုင်သည်။

စုစုထားရဲ့ အိမ်ဦးနတ်ကတော့ မျက်နှာကို လက်ကိုင်ပဝါဖြင့် ပွတ်ပြီးရင်း ပွတ်နေဆဲ။ စုစုထားမှာလည်း ကယောင်ကတမ်းဖြင့် ဆေးလိပ်ဘူးကို ကောက်ကိုင်လိုက်ပြီးမှ သတိတရ ပြန်ချထားလိုက်ရသည်။

မျက်နှာကို အကင်းပါးစွာ ဖတ်တတ်သော ကိုသာချိုမှာ ရယ်ကျဲကျဲ၊ ပြုံးဖြဲဖြဲ ဖြစ်စပြုပြီ။

ထိုအခိုက် "အပာမ်း" ဟု အာလုပ်ပြုသံ ပေါ်လာ၍ လိုရင်းစတော့မည်ဟု မျက်နှာချင်းဆိုင်လိုက်သည်။

"ကိုမြမြင့်မိုရ်၊ မနက်ဖြန် ကိစ္စကတော့ ခင်ဗျားရှိမှ ဖြစ်မယ်ဗျ"

အခြား တစ်ယောက်က ...

"ဟုတ်တယ်၊ မနက်ရှစ်နာရီ ချိန်းထားတယ်၊ ဒီကိစ္စက လူစုံမှ ကောင်းမယ်၊ အဓိကက ခင်ဗျားပဲဗျ"

သူတို့ ဘာအစီအစဉ်တွေများ ရှိသေးလို့ပါလိမ့်။ မနက်ဖြန် အစီအစဉ်ကို မြမြင့်မိုရ်က ဘာ့ကြောင့် ဖုက်ဖဲ လုပ်ထားလေသလဲ။

"ကျွန်တော် အားလုံး စီစဉ်ထားပါတယ် ကိုစိန်လှိုင်ရာ"

မြမြင့်မိုရ်က စီးကရက်ကိုရှိုက်ရင်း ကျော်ဟိန်းအိုက်တင်ဖြင့် ဖြည်းလေးစွာ ဆိုသည်။

mgyoe.com

mgyoe.com

ကိုစိန်လှိုင်ဆိုသူက သူ့လက်ထဲက ဖိတ်စာကတ်ပြား ဖြူဖြူလေး တစ်ချပ်ကို မြမြင့်မိုရ်ရှေ့မှောက်သို့ တွန်းပို့လိုက်ကာ ...

"ဒီစာ အတွက်ကတော့ လိုတာထက်ပိုပြီး အဆင်ချောသွားတယ်ဗျ၊ အားလုံး ကျေနပ်မှုရကြတယ်"

မြမြင့်မိုရ်က ဖိတ်စာကတ်ပြားကလေးကို သိပြီးသားအမူအရာနှင့် သာမန်ကာလျှံကာ ကြည့်ဆဲ၊ စုစုထား သည်းမခံနိုင်စိတ်တွေ အုံကြွလာ၏။

ကြည့်စမ်း။ ဖိတ်စာတွေ ဘာတွေတောင် ရိုက်ပြီးနေပြီပဲ။ သင်းက သက်သက် ငါ့ကို တမင်ခေါ်ပြီး နောက်တယ်။

"ကိုမြမြင့်မိုရ်၊ မမကို ပြစမ်း၊ အဲဒီ ဖိတ်စာ"

အစ်မကြီး အမိအရာစိတ် အဟုတ်ဝင်သွားတော့ကာ ဖိတ်စာကို ပိုင်စိုးပိုင်နင်း လှမ်းဆွဲယူလိုက်သည်။

.... ရှေးနှစ်ပေါင်း (၁၅၀) ကျော်ခန့်မှ ရှေးဘုရင်မင်းမြတ်တို့ ချီးမြှင့် ဆက်ကပ်တော်မူသည့် 'ရာဇာဓိရာဇာ' ဘွဲ့တံဆိပ်တော်ရ ....

"အမယ်လေးနော်၊ ဆွေဂုဏ် မျိုးဂုဏ်ကလည်း ရှေးပဝေသဏီက ချီလို့ပါလား၊ မြမြင့်မိုရ် ကြောင်များသွားပြီလား"

မြမြင့်မိုရ်မျက်နှာကို နားမလည်နိုင်သလို တစ်ချက် ကြည့်မိသေး ၏။ ပြီးမှ ဖိတ်စာကို ဆက်ဖတ်ရသည်။

"ရာဇာဓိရာဇာဘွဲ့တံဆိပ်တော်ရ အရှင်အာလောက အမှူးပြု၍ တည်ထားခဲ့သော ရဟန္တာသိမ်တော်ကြီးမှာ ပျက်စီးယိုယွင်းလျက်ရှိရာ..."

"အာ ... ဘာတွေလဲဟ"

နှုတ်ထွက်သံ အနည်းငယ်ကျယ်သွားသည်မို့ အနားက ထိုင်နေသူ တစ်ယောက်က ...

"သိမ်တော်ကြီး မှန်ပန္နက်ချပွဲပါ ခင်ဗျ"

"အင် ... ဟုတ်လား ... အဲ ... ဟုတ်သားပဲ၊ ယခုအခါ အသစ် တစ်ဖန် ပြန်လည်တည်ဆောက်မည် ဖြစ်ပါသောကြောင့်တဲ့ ...၊ တပေါင်း လဆန်း ၁၂ ရက်နေ့တွင် မှန်ပန္နက်ချပွဲသို့ ကြွရောက်ကြည်ညို လှူဒါန်း တော်မူကြပါရန် ... ဩော် ... သိပါဘူး၊ ကျွန်မက ... ဖိတ်စာ ဆိုလို့ ... အဟင်း ... ဟင်း ..."

mgyoe.com

mgyoe.com


သိမ်ဆောက်ပွဲဖိတ်စာကို မင်္ဂလာဆောင်ဖိတ်စာ အထင်မှားမည် ဆိုကလည်း မှားလောက်ပါသည်။ ဘယ့်နှယ် ... အိမ်ရာတည်ဆောက်ရေး ကိစ္စ စကားပြောရမည့်ပွဲမှာ သိမ်ဆောက်ရေးကိစ္စ အဆက်အစပ်မရှိ ချပြော လာချေတော့လည်း ...

စုစုထားအဖြစ်ကို ရိပ်မိသွားသူ လူကြီးတစ်ယောက်က ...

"ဒီလိုပါ ... သိမ်တော်ကြီး ဖြစ်မြောက်ရေး ကော်မတီမှာ ကိုမြမြင့်မိုရ်ရဲ က အတွင်းရေးမှူးပါခင်ဗျ၊ ဒါကြောင့် ကြုံတုန်း ပြောကြရတာပါ"

အခြေအနေအရပ်ရပ်ကို ပိုပြီး နားလည်သွားပုံရတော့ လူကြီးတစ် ယောက်က ...

"အဟမ်း ... ကြုံတုန်း ပြောစရာရှိတာလည်း ပြောတာပေါ့၊ ဒါပေမဲ့ နောက်မှပြော၊ ဒီလူ ... ဒီလူတွေက တစ်နေ့ ဆယ့်ခြောက်ခါ ကြုံနေကြတာ၊ မကြုံကြုံအောင် တကူးတကန့် ဖိတ်ပြီး ဆုံကြ တွေ့ကြရတဲ့ကိစ္စက အရေး ကြီးတယ်၊ ကိုမြမြင့်မိုရ်အစ်မ ရောက်လာတုန်း လိုရင်းပြောကြရအောင် ... ဟုတ်လား ... အဟမ်း"

"ဟုတ်ပါတယ်ရှင့် ... ပြောပါ"

ခုမှ လိုရင်း တကယ်စပြီဟု စိတ်ချရလေသည်။

"ကိုမြမြင့်မိုရ်ရဲ့ အစ်မနဲ့ ... အဲ ... အစ်ကိုပေါ့ ... ဟုတ်လား"

"ဟုတ်ပါတယ်၊ သူက ကိုမြမြင့်မိုရ်ရဲ့ သူငယ်ချင်း၊ တက္ကသိုလ် မြန်မာစာဌာနက ဆရာကိုသာချိုတဲ့"

"အဲ ... လူရင်းတွေချည်းပဲ ဟုတ်လား၊ ဒီတော့ ပွင့်ပွင့်လင်းလင်း ပြောကြရအောင်၊ ဟောဒီက ဦးစိန်လှမောင်ပါပဲ၊ အဲ ... ဌေးဌေးလှိုင်ရဲ့ အဖေပေါ့၊ ကျုပ်တို့ကတော့ ဦးစိန်လှမောင်နဲ့ လုပ်ငန်းတူတွေချည်းပဲ၊ အဆောက်အအုံ ကန်ထရိုက်တွေ ဆိုပါတော့။ ဟောဒီ ကိုစိန်လှိုင်က အင်ဂျင်နီယာ၊ ဟောဒီ ဘကြီးက သိမ်တော်ကြီးဖြစ်မြောက်ရေး ဥက္ကဋ္ဌ၊ ကိုမြမြင့်မိုရ်က ကျွန်တော်တို့ အားကိုးနေရတဲ့ ဥပဒေအကျိုးဆောင်ပဲ၊ အကြောင်းသိတွေပါ၊ ဟဲ့ ... ဌေးဌေးလှိုင်ရဲ့ အမေကော ထွက်ခဲ့ပါဦး၊ အသွားတွေ၊ အဒေါ်တွေကော လာ ... ထိုင်ကြလေ၊ ဒီမှာ ပွင့်ပွင့်လင်းလင်း စကားပြောကြရအောင်၊ ဌေးဌေးလှိုင်ကော ... လာ"

mgyoe.com

mgyoe.com

ဧည့်ခန်းထဲမှာ ရုတ်ရုတ်သဲသဲ လူတွေ တိုးလာပါသည်။

"အဲ ... အဲဒီ သူငယ်မကလေးက ဌေးဌေးလှိုင်၊ ဟောဒါ ... သူ့အမေ မရင်မြင့်"

မိန်းကလေးက အသက် နှစ်ဆယ်ဝန်းကျင်မျှ ရှိဦးမည်။ မြမြင့်မိုရ်ထက် ဆယ်နှစ်လောက် ငယ်မှာပဲ၊ အင်းလေ ... ဒါကြောင့်လည်း မြမြင့်မိုရ်က 'ချာတိတ်မ' လို့ ခေါ်ပေတာပေါ့။

"သမီး ... လာ ... ထိုင်"

ဌေးဌေးလှိုင် ရှိုးတိုးရှန့်တန့် ဖြစ်နေမည်စိုး၍ လှမ်းခေါ်လိုက်ပါသည်။ သို့သော် ပြုံးရွှင် ဖျတ်လတ်သော အမူအရာမှာ ရှက်ရွံ့ခြင်း အလျဉ်းမရှိ။

ရှိုးတိုးရှန့်တန့်ဖြင့် ရှက်ပါးပြင် ရဲရဲနီလျက် ရှိသူက သူ့အမေ မရင်မြင့် ဖြစ်လေသည်။ မရင်မြင့်ကို ခြေဆုံး ခေါင်းဖျား ကြည့်လိုက်တော့ စုစုထားထက် များစွာ ငယ်လိမ့်မည်။ အသက်အရွယ်နှင့် အတွေ့အကြုံအရ သူ့စိတ်ကူးနှင့်သူ ရှက်နေတာလည်း သဘာဝကျပါသည်။

"ကိုင်း ... မိန်းကလေး မိသားစု စုံပြီလား၊ ဟောဒီမှာ ... ကိုမြမြင့်မိုရ်ရဲ့ အစ်မနဲ့ ... အဲ ... အစ်ကိုပေါ့လေ၊ အဲ ... ဌေးဌေးလှိုင်ကို မိသားဖသား ပီပီ အဲ ... တောင်းရမ်း ကြောင်းလမ်းတဲ့ သဘောပါပဲ၊ အဲ ... ဒီတော့ ဌေးဌေးလှိုင်ရဲ့ မိဘနှစ်ပါးသဘောထားကို လူကြီးစုံရာရှေ့မှာ ပွင့်ပွင့်လင်းလင်းပဲ မေးချင်ပါတယ်၊ ဘယ့်နှယ် သဘောရပါသလဲ"

ဦးစိန်လှမောင်က မျက်လုံးတစ်ချက် လှန်ကြည့်ကာ ...

"အင်း ... အင်းလေ ... လုပ်ပါ ... လုပ်ပေါ့"

ဒေါ်ရင်မြင့်ကတော့ ခေါင်းငုံ့ကာ မျက်လွှာချရင်း လက်ဝါးနှစ်ဖက်ကို အပြန်အလှန် ဆုပ်နယ်နေလေသည်။

"ကျွန်တော့်သဘောကတော့ မင်္ဂလာရက်ကို ဒီနေ့ တစ်ခါတည်း သတ်မှတ်လိုက်ချင်ပါတယ်"

မြမြင့်မိုရ်က ဝင်ပြောသည်။

"ဒါပေါ့ ... ဒါပေါ့ ... တစ်ခါတည်း ရက်သတ်ရမှာပေါ့"

လူကြီးတစ်ယောက်ရဲ့ ထောက်ခံစကား။

ပွဲကတော့ ပန္နက်မရိုက်ဘဲ ဇာတ်ပေါင်းနေလေပြီ။ စုစုထားမှာ

mgyoe.com

အမှာစကားကလေးမျှ ဝင်မပြောလိုက်ရ။

"အတတ်နိုင်ဆုံး အစောဆုံး တစ်ရက်ရက် ရွေးပေါ့ခင်ဗျာ"

"မြမြင့်မိုရ် ... မင်းကချည်း ဝင်လောနေတယ်၊ ဘယ်လို ဖြစ်နေတာလဲကွာ၊ လူကြီးတွေ အလိုက်သိပါတယ်၊ နားထောင်ပါဦးကွ"

ကိုသာချိုက သွားကြားလေသံဖြင့် မြမြင့်မိုရ်ကို ကြိတ်ပြီး ဟောက်လေ၏။

"တပေါင်းလထဲမှာတော့ မင်္ဂလာ မဆောင်ကောင်းဘူး"

အမျိုးသမီးကြီး အုပ်စုထဲက အသံထွက်လာသည်။

"ဟုတ်တယ် ... တပေါင်းကို ရှောင်လိုက်၊ တန်ခူးလဆန်းမှာ လုပ်၊ ပြက္ခဒိန်၊ ပြက္ခဒိန်ဖြုတ်ပြီး ကမ်းလိုက်စမ်းပါ ကျုပ်ဆီ ..."

မြမြင့်မိုရ်က နံရံပေါ်မှ ပြက္ခဒိန်ကို ထဖြုတ်ပြီး ပေးလိုက်သည်။ လူကြီးများ ခေါင်းချင်းဆိုင် ရက်ရွေးကြဆဲ၊ အသက်အကြီးဆုံး ဘကြီးက...

"အိမ်း ... လူကြီးစုံရာနဲ့ သဘောတူ ညှိနှိုင်းပြီးပြီမို့ မောင်မြမြင့်မိုရ်ကို အားလုံးက အသိအမှတ်ပြုလိုက်ပါပြီ၊ ခုချိန်ကစလို့ မိန်းကလေးရဲ့ အိမ်ကို လွတ်လွတ်လပ်လပ် ဝင်နိုင်ထွက်နိုင် သွားနိုင်လာနိုင်ပါပြီ"

မြမြင့်မိုရ်ထံမှ တုံ့ပြန်ချက် မကြားရ၍ လှည့်ကြည့်လိုက်သည်။ ဧည့်ခန်းထဲမှာ သူ မရှိတော့ပြီ။ ခဏကြာတော့ အိမ်ခန်းထဲမှ ရေတစ်ဖန်ခွက်ကို သောက်ရင်းထွက်လာသည်။

"မြမြင့်မိုရ်ကွာ ... လူကြီးတွေက ဝင်နိုင်ထွက်နိုင်ပါပြီလို့ ခွင့်ပြုရုံရှိသေးတယ်၊ သူက အိမ်ထဲ ရေဝင်သောက်နေပြီ"

ခပ်တိုးတိုး 'နောက်' လိုက်သော မောင်သာချို့အသံကို ဒေါ်ရင်မြင့်က ကြားဖြစ်အောင်ကြားကာ 'ခစ်' ခနဲ ရယ်သံထွက်လာ၏။ ပြီးတော့ မျက်နှာ ပါးပြင်တွေ ပိုလို့နီရဲကာ လက်ချောင်းတွေကို ငုံ့ပြီးချိုးဖွဲ့မဆုံးနိုင်တော့။

× × ×

ထိုနေ့က မြမြင့်မိုရ်တို့ စုံတွဲလိုက် စုစုထားတို့အိမ်အထိ ကားနှင့် ပြန်ပို့ပေးကြပါသည်။

mgyoe.com